www.burmeseclassic.com




www.burmeseclassic.com1

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၀၃၁၆၀၃၁၁

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၀၈၂၈၀၇၁၁

အကြိမ် – ပထမအကြိမ်၊
၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေနိုင်ဦး (မြ–၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်း။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ–၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၈၈)၊ ၅၁ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃

ဒီနိုင်း၁

အရဲ/ ဒီနိုင်း၁၊ ရန်ကုန်။ ရွှေသမင်စာပေ၊ ၂၀၁၀။

၂၂၄ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။

(၁) အရဲ






တစ်ရက်ပြီး တစ်ရက်

တစ်ဆင့်ပြီး တစ်ဆင့်

ကမြင်ရောက်သွားမှု

ငါ့ပန်းတွေ ဟောင်းသွားတယ်...

ကသားမိဘ မတားပါနဲ့

ရွှေကျားပေါက်လေး

ကတွက်...





www.burmeseclassic.com1

www.burmeseclassic.com





*အချိန်တန်တော့*

*အိမ်အပြန် လမ်းခွဲမှာ*

*ထိမ်ချန် လွဲမှားသွားတဲ့*

*အပြစ်တွေ ...*

*အချစ်ရေ ...*

*ကိုယ် အကုံလှ...*





ကျွန်တော် သူမဆီ အပြေးလျှောက်လာတော့ ကျွန်တော်ရဲ့ မှတ်တိုင်လေးက နှုတ်ခမ်းစုပါပြီ။ ရေနွေးဆူဆူလို ကျွန်တော့်အသည်းကို ပူစေဖို့...။ ပြီးတော့ ကျေနပ်ဟန်မရှိတဲ့ မျက်စောင်းလေးတစ်ခု...

ပြီးတော့ ကျွန်တော့်အတွက် ရင်ခုန်သံမြန်စေမယ့် အသံ...၊

"ဘယ်အချိန်ရှိပြီလဲ"

ကျွန်တော်လည်း သူမစကားကြောင့် ယောင်ပြီး လက်ကို ကြည့်မိသည်။ ကျွန်တော့်လက်မှာမှ နာရီမရှိ။ အိမ်မှာကျန်ခဲ့လို့တော့ မဟုတ်ပါဘူး။ ပတ်စရာကို နဂိုကတည်းက မရှိခဲ့တာပါ...။

"ဘာလုပ်ဖို့လဲ...၊ ငါ တစ်ယောက်ယောက်ကို မေးပေးရမလား နေဦး"

သူမက ကျွန်တော့်စကားကြောင့် နှုတ်ခမ်းကိုက်ပြီး မရေမချနပ် ဟန်ပြပါတယ်။ သဘောက ပြစ်ဒဏ်ရှိတဲ့ ဘောလုံးသမားကို ဒိုင်လူကြီးက အဝါကတ်ထုတ်ပြတဲ့ သင်္ကေတလေ...။



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော် သူမကို လာကြိုဖို့ နောက်ကျရတဲ့အကြောင်းရင်းက အခုချိန် အဝါကတ်လောက်ပဲ တန်ပါသည်။

"နင် ရူးသလိုပေါသလို လုပ်မနေနဲ့နော် မင်းယံ..၊ အခု ငါ စိတ်ကောက်နေတယ်"

ကျွန်တော့်ကို မကြည့်ကြည့်နဲ့ ပြောနေတဲ့ ကောင်မလေးကြောင့် ကျွန်တော် ရယ်တော့ ...

"ရယ်မနေနဲ့ .. ငါ စိတ်ကောက်လိုက်မှာနော်၊ ပြော .. နင် ဘာလို့နောက်ကျနေတာလဲ"

"ငါလား .."

"အေးလေ"

ကျွန်တော် သူမနှင့်အတူ လမ်းလျှောက်ရင်း ...

"အင်း..."

"မထင်မှတ်ပဲ နင့်အတွက် .."

ကျွန်တော် ချက်ချင်းမပြောသေး၊ အိတ်ကပ်ကိုစမ်းလိုက် ဟိုဟာရှာ ဒီဟာရှာလုပ်နေတဲ့ ကျွန်တော့်ပုံစံကြောင့် သူမ စူပုတ်ပုတ်နဲ့...

"မင်းယံ .. ပြောဆို .."

"အေးပါ .. ခဏလေး နေပါဦး"

ကျွန်တော် လွယ်ထားတဲ့အိတ်ထဲက စက္ကူအိတ်တစ်အိတ်ကို ယူပြီးပေးလိုက်ပါသည်။ သူမက မျက်မှောင်တွန့်ရင်း ...





"ဘာကြီးလဲ"

"ဘာကြီးလဲ သိချင်ရင် ကိုယ်တိုင်ဖွင့်ကြည့်ပေါ့"

သူမက ကျွန်တော် ပေးတဲ့ စက္ကူအိတ်ထဲကို လက်နှိုက်ကာ ဆွဲထုတ်တော့ ...

"ဟင့် .. အကျႌ"

သူမက ပုံမှန်အနေအထားနှင့် ပြောပါသည်။ အကြောင်းရင်းက ဈေးသိပ်မရှိတဲ့ ပိတ်စအသားမို့လို့ ထင်သည်။ သူမက သိပ်ကျေနပ်ဟန်မရှိတဲ့ မျက်နှာနှင့် အကျႌကို ဖြန့်ကြည့်တော့ ...

"ဟယ်!... ချုပ်ထားတာလေးက လှလိုက်တာ"

သူမမျက်နှာ ဝင်းလက်သွားကာ အပျော်ကြီး ပျော်နေပါသည်။

"နင် သိပ်အံ့ဩသွားတာ မှတ်လား၊ အဲဒီအကျႌကို စောင့်ယူနေလို့ ငါ သိပ်ကြာသွားတာ..၊ ဘောင်းဘီကတော့ နင် အဆင်ပြေတဲ့ ဘောင်းဘီနဲ့ ဝတ်ပေါ့ဟာ"

"နင် အကျႌကို ဘယ်မှာချုပ်တာလဲ"

ကျွန်တော်က ဆိုင်နာမည်ကို ပြောပြတော့ နှုတ်ခမ်း မျက်လုံး အဝိုင်းသားနှင့် ...

"မြတ်စွာဘုရား!.. ဟဲ့ .. အဲဒီဆိုင်က ဖက်ရှင်လောကမှာ နာမည်ကြီးဟဲ့၊ နင်က ဘယ်လိုက ဘယ်လို.."

ကျွန်တော် သဘောကျကာ တဟားဟားရယ်တော့ သူမက



www.burmeseclassic.com

www.burmeseclassic.com



မျက်စောင်းထိုးသည်။

"အဲဒီဆိုင်က ပိုင်ရှင် မနွယ်နီက ငါ့ဘော်ဒါ နိုင်ထူးရဲ့အစ်မပဟ.. နောက်ပြီး နိုင်ထူးနဲ့ပတ်သက်ပြီး မနွယ်နီက ငါ့ကို သူ့မောင်အရင်းလို သဘောထားတာ"

"နိုင်ထူးဆိုတာက နင်နဲ့ အေးမြင့်ကျော်ကို ဆိုင်ဖွင့်ပေးထားတဲ့ နင်တို့သူငယ်ချင်းဆိုတာလား"

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။ သူမက အင်္ကျီလေးကို အိတ်ထဲပြန်ထည့်ပြီး ပီတိအပြုံးနှင့် ...

"အတော်ပဲ...၊ လာမယ့် ဆန်းဒေးကျရင် ရှိုးပွဲရှိတယ်ဟ၊ ငါ မမော်တို့ဆီက မယူတော့ဘူး၊ ဒါလေးပဲ ဝတ်တော့မယ်ဟဲ့"

သူမက ကျွန်တော့်လက်မောင်းကို ကိုင်တော့ ကျွန်တော့်ရင်တွေ ဆတ်ဆတ်လူးကို ခါနေပါတော့သည်။

"ဘာလဲဟ..."

အသံကို ငြိမ်အောင် မနည်းထိန်းနေရပါသည်။

"နောက်ဆိုရင် ငါ့ကို အဲဒီဆိုင်က မနွယ်နီနဲ့ မိတ်ဆက်ပေးဟာ"

"အေးပါ ဟ"

ကျွန်တော့်စကားကြောင့် သူမက ကျေနပ်ဟန်နှင့် .. သူမစိတ်ပျော်ရွှင်ရင် လုပ်လေ့လုပ်ထရှိတဲ့ ကျွန်တော့်နှာဖျားလေးကို လက်ညှိုးလေးနှင့် ပွတ်ထိလိုက်ရင်း...





"ဒီနေ့ နင့်ရဲ့လက်ဆောင်အတွက် ငါက ပြန်ပြီး ဂုဏ်ပြုရမယ်၊ နင့်ကို ကြေးအိုးလိုက်ကျွေးမယ်"

"နင့်မှာ ပိုက်ဆံရှိလို့လား"

သူမရဲ့အလှကုန်ပစ္စည်းအတွက် အမြဲငွေလိုအပ်တာ ကျွန်တော် သိနေတာကြောင့် ပြောတော့ သူမက ရယ်ရင်း ...

"ရှိပါတယ်..၊ နင် စိတ်အေးအေးနဲ့စား"

သူတို့နှစ်ယောက် ကြေးအိုးဆိုင်လေးထဲသို့ ဝင်လိုက်ကြပါတယ်။ ကြေးအိုးနှစ်ပွဲမှာပြီးတော့ စကားပြောနေစဉ်မှာ တစ်ဖက်ဝိုင်းမှ ကောင်လေးတွေက ကွက်ကြည့်ကွက်ကြည့်နှင့် သူမကို လှမ်းကြည့်ပြီး အချင်းချင်း တီးတိုးစကား ပြောနေပါတယ်။

တကယ်ပါ .. ငွေရေးကြေးရေးကြောင့် နာမည်ကြီးမော်ဒယ်လ်တွေလောက် မဝတ်မစားနိုင်ပေမယ့် ထူးချွန်ထက်မြက်စွာ လှပနေသည်ဆိုတာ ကျွန်တော် သိသည်။

တစ်ချိန်မှာတော့ သူမ အောင်မြင်ကျော်ကြားတဲ့ ကြယ်တစ်ပွင့်အဖြစ် အနုပညာကောင်းကင်မှာ သူမ လင်းပလာမှာ သေချာပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"ဟော .. ရေမာန်ကုန်းလေး လာပြီဟ"

ကျွန်တော် ဆိုင်ထဲကိုဝင်တော့ အေးမြင့်ကျော်က ခွေသစ်ကို ဆိုင်တံဆိပ်နှိပ်ရင်း လှမ်းပြောပါသည်။ အေးမြင့်ကျော်စကားကြောင့် နိုင်ထူးက ရယ်ရင်း...

"ဘာလဲကွ .. ရေမာန်ကုန်း"

အေးမြင့်ကျော်က ပြုံးစေ့စေ့နှင့် ကျွန်တော့်ကိုကြည့်တော့ ကျွန်တော် အပြုံးမပျက်ပါ။ အေးမြင့်ကျော်ကပဲ စကားကို ဖြေရှင်းပေးပါသည်။

"ရေမာန်ကန်းဆိုတာ ဒီကောင် ဟိုမော်မီစ္စာမလေးကို တဖက်ကမ်းခတ် ချစ်နေတာကို ပြောတာကွာ.."

"အဲဒီ ငတိမလေးက ချောလို့လား"

"ဟ!... မော်ဒယ်(လ်) နွေဦးဖော်ကိုတောင် မင်း မသိဘူးလား နိုင်ထူးရာ"





"ဟင့်အင်း .. ငါမှ မော်ဒယ်(လ်)ရှိုး မကြည့်ဖူးတာ"

"နောက် ဆိုင်မှာဆုံရင် ပြမယ်"

နိုင်ထူးက ပြုံးစေ့စေ့နှင့် ...

"သြော် .. ဒါကြောင့် ဒီကောင် ဟိုတစ်နေ့က ငါ့အစ်မကို အပူကပ်ပြီး အကျီချုပ်ခိုင်းတာကိုး"

ကျွန်တော်လည်း စချင်တာနှင့် ...

"ဟေ့ကောင် .. မင်းအစ်မကို အပူနဲ့ မကပ်ပါဘူး"

နိုင်ထူးက ကျွန်တော့်စကားကြောင့် ဆဲပါသည်။

"နေပါဦး .. မင်းနဲ့ အဲဒီ မော်မီစ္စာမလေးက ဘယ်လိုက ဘယ်လို ငြိတာလဲ"

"ငါနဲ့ နွေဦးက ကျောင်းနေဖက် တစ်လမ်းတည်း ငါးတန်းနှစ်ကတည်းက အခုထိ ဆိုပါတော့"

"မင်းတို့က ငယ်ချစ်တွေပေါ့"

"ဟင့်အင်း .. ရည်းစားစကားတောင် မပြောရသေးဘူး"

"မင်း .. ငတုံးပဲ မင်းယံ"

နိုင်ထူးရဲ့ ပျစ်ပျစ်နှစ်နှစ် ဆဲဆိုမှုကြောင့် ကျွန်တော် ဘာမှပြန်မပြောနိုင်။

နိုင်ထူးနှင့် ကျွန်တော်တို့က တက္ကသိုလ်မှာကတည်းက ခင်မင်နေခဲ့သူ၊ ကျောင်းပြီးကတည်းက ဒီကောင် နိုင်ငံခြားမှာ အလုပ်သွား

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ပြန်လာတာ မကြာသေးပါ။

"ဒီကောင့်အတွက်က ငွေ မလိုပါဘူး။ ဒီကောင့်အမေ ဒေါ်လေး ငြိမ်းအတွက်ကလည်း သူ့ကုန်ခြောက်ဆိုင်က ရတဲ့ငွေလေးနဲ့ဆို ပို တောင်ပိုလျှံသေးတယ်၊ ဒီလောက် ခြစ်ခြုပ်စုထားတဲ့ ပိုက်ဆံလေးနဲ့ မမလေးရဲ့ ထဘီဖိုး၊ အင်္ကျီဖိုးလေးတွေဝယ်ပြီး အရုပ်လေးကို အလှ ဆင်သလို ဆင်တဲ့ကောင် .. ဒါနဲ့ပဲ မင်းဘဝ လုံးပါးပါးလိမ့်မယ်"

အေးမြင့်ကျော် ကျွန်တော့်အတွက် စေတနာနှင့်ပြောမှန်း ကျွန်တော် သိပါသည်။ နိုင်ထူးက ကျွန်တော့်ကို မေးထောက်ကြည့် ပြီး ...

"ဒါကတော့ ချစ်တာကို .."

နိုင်ထူးစကားကြောင့် အေးမြင့်ကျော်က ခနဲ့တဲ့တဲ့ ရယ်ရင်း ...

"ချစ်ပါ .. ရင်ဘတ်နဲ့ပဲချစ်ချစ် .. မျက်လုံးနဲ့ပဲချစ်ချစ် .. ခြေ ထောက်နဲ့ပဲချစ်ချစ် ချစ်လို့ရပါတယ်၊ ဒါပေမယ့် အလွန်ကြီး မခံစားနဲ့ ခံစားရင် ကြိုးစားသလို သွားပိုးစားတတ်တယ်"

ဘယ်တုန်းကတည်းက ပြောချင်နေသည်မသိ..၊ မျက်နှာ ဟန် အမူအရာအမျိုးမျိုးနှင့် အေးမြင့်ကျော်က ပြောတော့ ကျွန်တော်နှင့် နိုင်ထူး သဘောကျစွာ ရယ်မိပါသည်။

ကျွန်တော်တို့ ရယ်နေပုံကြောင့် အေးမြင့်ကျော်က...

"ရယ်စမ်း .. မင်းကို နာအောင် ငါ ပြောနေတာကွ"





"မင်း နာအောင်ပြောတာကလည်းကွ၊ မိန်းမကြီးတစ်ယောက် သွားသားကို ဆုံးမနေတာနဲ့ တူနေတယ်"

"ခွေးကောင် .."

"ဆိုင်ရဲ့အခြေအနေ ကောင်းလား"

နိုင်ထူးအမေးကြောင့် အေးမြင့်ကျော်က ကျွန်တော့်ကိုကြည့်ပြီး မေးဆတ်သည်။ မင်း ပြောလိုက်ဆိုတဲ့ သဘော ..၊

"ကောင်းပါတယ် .. ဆိုင်က စာအုပ်ဆိုင်နဲ့ VCD, CD အငှားရော၊ အရောင်းရောဆိုတော့ အဆင်ပြေပါတယ်"

"မင်းတို့ အခြေအနေကောင်းရင် ပြီးတာပါပဲ"

"ကဲ .. ကဲ ဘာဟင်းချက်လဲ ဗိုက်ဆာတယ်ကွာ၊ ငါ အိမ်က ဘာမှစားမလာဘူး"

"အေးပါ"

ဆိုင်က နေရာ တော်တော်ကျယ်ပါသည်။ ဒီဆိုင်ရဲ့ပိုင်ရှင်က နိုင်ထူးတို့ အမျိုးပိုင်တာပါပဲ။ နိုင်ထူးက ကျွန်တော်တို့ကို ဆိုင်ဖွင့်ပေး ထားပြီး အရင်းအနှီးကို မယူဘူး။

ကျွန်တော်တို့နှစ်ယောက် ပြေလည်အောင် ကူညီသည်ဆိုပေ မယ့် ကျွန်တော်နှင့် အေးမြင့်ကျော် အလိုက်သိစွာ တစ်လတစ်လ အမြတ်ငွေထဲက သုံးပုံတစ်ပုံကို ဖယ်ထားပြီး ကျန်ငွေကိုနှစ်ယောက် အတူ အချိုးကျ ခွဲဝေယူသည်။



www.burmeseclassic.com1

www.burmeseclassic.com



တက္ကသိုလ်ကတည်းက ခင်မင်သည့်သူငယ်ချင်းဆိုပေမယ့် ငယ်ငယ်ကတည်းက တွဲလာသည့် သူငယ်ချင်းလိုဖြစ်နေတာကြောင့် ညီအစ်ကိုအရင်းတွေလို ခင်မင်သည်။

နိုင်ထူးတို့ ချမ်းသာမှုက ဒီကောင် ဘာမှမလုပ်လည်း စားနိုင်သည့်အနေအထား..။ ပျင်းရင် ဒီကောင့်အဖေ ကုမ္ပဏီမှာဖြစ်ဖြစ် သူ့အမေပိုင်တဲ့ လုပ်ငန်းမှာဖြစ်ဖြစ် ဝင်လုပ်နိုင်ပါသည်။

ပြီးတော့ ဒီကောင့်အစ်မ မနွယ်နီက အပျိုကြီး၊ ဒီတစ်သက်ယောကျ်ားယူဖို့ အစီအစဉ်မရှိ၊ မနွယ်နီ အင်္ဂလန်ကအမျိုးတွေဆီမှာ နေထိုင်စဉ် သူမ ဝါသနာအလျှောက် သင်ကြားတတ်မြောက်လာတဲ့ ပညာနှင့် ဒီမှာဆိုင်ခန်းတစ်ခုဖွင့်ထားကာ White Project ဆိုပြီး လက်ရာသန့်သန့် အဝတ်အစားဒီဇိုင်း ဆိုင်တစ်ဆိုင် ဖွင့်ထားပါတယ်။

မနွယ်နီဆိုင်ရဲ့ အများစုဖောက်သည်က ပိုက်ဆံချမ်းသာတဲ့ လူတန်းစားတစ်စုနဲ့ နာမည်ကြီး မော်ဒယ်(လ်)တွေ၊ ရုပ်ရှင်မင်းသမီးတွေ ..။

တစ်ခုရှိတာက နိုင်ထူးတို့မိသားစုက ပိုက်ဆံရှိပေမယ့် လူတန်းစား မခွဲခြားတတ်ပါ။ သူတို့ဆိုရင်လည်း နိုင်ထူးအိမ်က စားအိမ်သောက်အိမ်၊ ပြီးတော့ အမြင့်မတော်ရင် ကျွန်တော်တို့က မိသားစုဝင်တွေလို အလုပ်မှန်သမျှ ဝင်လုပ်ပေးလိုက်တာပါပဲ။

"ထမင်းစားတော့ မြိန်မှာပဲ"





နိုင်ထူးစကားကြောင့် အေးမြင့်ကျော်က ထမင်းဝိုင်းမှာ ဝင်ထိုင်ရင်း ...

"ဘာမှ မည်မည်ရရမရှိဘဲ မင်းက ထမင်းစားမြိန်နေဦးမယ်၊ မင်းအခေါက်ကင် စားမလား။ ငါ သွားဝယ်လိုက်မယ်"

"လုပ်မနေနဲ့ ဟေ့ကောင် .. အဲဒါတွေက စားရလို့ ငြီးငွေ့နေပြီ၊ ငါက ဒါမျိုး စားချင်တာ"

နိုင်ထူးက ချဉ်ရည်ဟင်းကို စွန်းနှင့်ခပ်သောက်သည်။ ဟင်းက သီဝ်မများ ချဉ်ရည်ဟင်း၊ ဘဲဥကြော်နှင့် ပန်းပွင့်ကြော် ဒါပါပဲ၊

သို့ပေမယ့် ဒီကောင် ဆိုင်လာတိုင်း ကြေးမများတတ်၊ ကြုံရင်ကြုံသလို စားတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"**မင်း** ဖရက်ရှာတွေ တက်နေပြီ ရဲထက်"

ဒေါက်တာက ဆေးပစ္စည်းတွေကို သိမ်းဆည်းရင်း ပြောတော့ ရဲထက် ပြုံးမိရင်း ...

"ဒီရက်ပိုင်းအတွင်း အလုပ်တွေကလည်း ပိ၊ အစားအသောက် မဆင်ခြင်တာလည်း ပါမှာပေါ့ .. ကိုသက်ဆွေ"

သူ့ရဲ့ ဖန်စလီလား .. မန်ဒါလီလားမသိတဲ့ ဒေါက်တာလို့ ဆိုပေမယ့် သူငယ်ချင်းလို ဖြစ်နေတာကြောင့် သက်ဆွေနှင့် သူနှင့်က နင်တွေ ငါတွေ ခေါ်ခေါ်ကြပါသည်။

"မင်း ဘာတွေသွားစားလို့လဲ ရဲထက်"

ရဲထက် ပြုံးစေ့စေ့နှင့် ...

"မနေ့က အလှူတစ်ခုမှာ ဒံပေါက်၊ မနက်က တညင်းသီးနှင့် အုန်းနို့ ..."

"အဲဒီအစားအစာတွေက သွေးမတိုးလောက်ဘူးလို့ ဟို ဒေါက်တာကြီး ပြောဖူးတယ် .."





"ဘယ်သူလဲ .."

"သေမင်း ..၊ ငါလစ္စေး .. မင်း စားတာတွေက ရှေ့ဖြစ်မယ့်ကိန်းပဲ ရဲထက်၊ အဲဒါကြောင့် ငါ ပြောတာပေါ့၊ အထိန်းအကွပ်လေးရှိအောင် တစ်ပင်လဲလို့ တစ်ပင်ထူပါ ဆိုတော့လည်း.."

"ငါက ဘာအပင်လှဲပြီး ဘာအပင်ထူရမှာလဲ"

"ဟော့ကောင် .. မင်း သိသိကြီးနဲ့ ခေါင်းမာမနေနဲ့၊ မင်းကို မိန်းမဆိုတဲ့အပင်ကြီးကို မင်းအနားမှာ ထူခိုင်းတာ ခွေးကောင်"

သက်ဆွေ စိတ်ပေါက်ပေါက်နှင့် ပြောတော့ ရဲထက် တဟားဟား ရယ်ပါသည်။

"ထူရအောင် ငါက ဘယ်မှာသွားရှာလို့ ဘယ်လိုထူရမှာလဲ"

"မပူနဲ့ .. ငါ့ညီမတွေ လင်မယူသေးတဲ့သူတွေ အများကြီးပဲ၊ အဲဒါမှမကြိုက်ရင် ငါ့ခယ်မတွေ၊ ငါ့မရီးတွေ ရှိတယ်ကွာ၊ နှစ်ဆယ်တွေကြိုက်လား၊ သာတီးအိုဗာကြိုက်လား၊ အစိတ်ဝန်းကျင်ကြိုက်လား သိပ် ဝေးဝေးမရှာရပါဘူးကွာ..၊ မင်းစက္ကထရီ ဘယ်သူ .. မို ဆိုလား .. စန္ဒာလ ဆိုလား"

"ခွေးကောင် .. ဟိုကကြားရင် မင်းကို ဆဲလိမ့်မယ်"

သက်ဆွေက ကျွန်တော် ဆဲလည်း တဟဲဟဲ...

"ငါက နောက်တစ်ပတ်ဆို နယ်ပြောင်းရမှာ ရဲထက်၊ ငါ့အစားမင်းကို ဖေစ်ယောက်လွှဲပေးထားခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ရဲထက် ခေါင်းညိတ်ပြမိပါသည်။ သက်ဆွေကို ဒီကောင်ရဲ့ကားနားအထိ လိုက်ပို့ပေးရင်း သက်ဆွေ ကားထဲမဝင်ခင် ...

"ကဲ .. ငါလည်း ဆေးရုံလစ်လိုက်ဦးမယ်၊ သိပ်လည်း ပေမနေနဲ့ ရဲထက်၊ ဒါနဲ့ ဟိုကောင် သက်ဟန်နဲ့ တွေ့သေးလား"

သက်ဟန်ဆိုတာကဲ ကျွန်တော်နှင့်လည်း ခင်သည်။ သက်ဆွေနှင့်လည်း ခင်တဲ့ သူငယ်ချင်းတစ်ယောက်။

"မနေ့ကတောင် ငါ့ကုမ္ပဏီ ဒီကောင် ဝင်လာသေးတယ်"

"အေးကွာ .. တွေ့ရင် သတိရတယ်လို့ ပြောလိုက်ပါကွာ"

သက်ဆွေစကားကြောင့် ကျွန်တော် ခေါင်းညိတ်ပြပါသည်။ သက်ဆွေထွက်သွားတော့ ကျွန်တော် အိမ်ပေါ်ပြန်တက်လာခဲ့ပါသည်။

"ဘာချက်လဲ ဒေါ်မိ"

သူ့ရဲ့စားဖိုမှူး .. မေမေတို့ရှိကတည်းက မေမေတို့နှင့် ဆွေမျိုးရိပ် မကင်းဘဲ ရွာကနေ ရန်ကုန်ကို ခေါ်လာခဲ့တဲ့ သစ္စာရှိ လူယုံတော်ဆိုလည်း မမှား။

"ငါးကြော်နဲ့ ချဉ်ပေါင်ရည်ရယ်၊ သီးစုံကြော်၊ အာလူးကက်တလစ်နဲ့ ကြက်သားချဉ်စပ် .. သား"

"ကောင်းတယ် ဒေါ်မိ၊ ဒီနေ့တော့ ထမင်းစားမြိန်မှာပဲ"

ကျွန်တော် စာကြည့်ခန်းအသွားမှာ ဖုန်းမြည်လာတာကြောင့် ဖုန်းကို ကောက်ကိုင်လိုက်တော့ သူ့ရဲ့စက္ကူထေရီ စန္ဒီဆီက ဖြစ်နေသည်။





"ရဲထက် စကားပြောနေပါတယ်"

"စန္ဒီပါ ဘော့(စ်)"

"စန္ဒီလား .. အေး .. ကို သွေးနည်းနည်းတိုးလို့ အိမ်မှာ ခဏအနားယူလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဘော့(စ်)၊ ကုမ္ပဏီကကိစ္စအတွက် စိတ်ချပါ။ စန္ဒီ နဲ့ အန်တီရီ ကြည့်လိုက်ပါ့မယ်"

"မင်း .. ဟိုက ပို့မယ့် ဖက်(စ်)ကိုရရင် ကို့ဆီ ပြန်အကြောင်းကြား။ သတင်းထူးရင် ဟန်းဖုန်းကို တစ်ခါတည်းဆက် စန္ဒီ"

"စိတ်ချပါ ဘော့စ်"

စန္ဒီဆီက ဖုန်းဆက်ပြီးတော့ စာကြည့်ခန်းမသွားတော့ဘဲ တီဗွီကို ဖွင့်ကြည့်တော့ တီဗွီမှာ ကြော်ငြာအစီအစဉ်တွေ လာနေပါသည်။

ပျင်းပျင်းနဲ့ တစ်ယောက်တည်း ကြည့်နေစဉ်မှာ မျက်နှာသစ်မော်ဒယ်လ် ချာတိတ်မလေးတွေရဲ့ ကြော်ငြာတစ်ခုကို သူ တွေ့မိခဲ့ပါတယ်။ အဲဒီကြော်ငြာထဲက မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ကောင်မလေးကို သတိထားကြည့်မိရင်း ...

"တော်တော် ဆွဲဆောင်အားကောင်းတဲ့ ချာတိတ်မလေး" လို့ ရေရွတ်မိသည်။ ကြော်ငြာကို ကြည့်နေရင်း သူ့ကုမ္ပဏီက ပစ္စည်းတွေအတွက် ကုမ္ပဏီအတွက် ကြော်ငြာတွေ ရိုက်ကူးဖို့ သတိရမိပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



ကိုယ်ကာယလေ့ကျင့်ခန်း ပြီးတော့ သူမ ရေအဝသောက်ပြီး အနားယူနေစဉ် သူမရဲ့သူငယ်ချင်း ကေရီ ရောက်လာပါသည်။

ကေရီကလည်း သူမတို့အေဂျင်စီက သူမတို့လို မော်ဒယ်လ်တစ်ဦး ဖြစ်ပါသည်။

"ဟဲ့ .. နွေဦး"

ကေရီက သူမဘေးမှာ ဝင်ထိုင်ပြီး ရေကို အငမ်းမရသောက်နေသည်။

"နင်ကလည်း ခေါ်ပြီး ဘာမှလည်း ဆက်မပြောဘူး"

တို့လို့တန်းလန်းနှင့် ထားရစ်ခဲ့သော ကေရီစကားကြောင့် သူမ စူပုတ်ပုတ်နှင့်ပြောတော့ ကေရီက နှုတ်ခမ်းကရေတွေကို သုတ်ရင်း...

"ပြောမှာပေါ့ဟဲ့..၊ မောလို့ ရေလေးသောက်ပါရစေဦး၊ ငါ့အစ်မက အင်္ဂလန်က အလည်ပြန်လာတော့ အင်္ကျီတွေပါလာတယ်





ဟာ..၊ အဲဒီအင်္ကျီထဲမှာ ဂါဝန်ပုံစံချုပ်ထားတဲ့ အင်္ကျီလေးတစ်ထည် သိပ်လှတာဟာ..၊ နင် ယူပါလား"

"နင်က ဘာလို့ မယူတာလဲ"

ကေရီက သူမကို မျက်စောင်းထိုးရင်း ...

"ယူချင်တာပေါ့ .. ငါ့ဘော်ဒီဖရက်ရှာနဲ့မှ မတော်တာ၊ နင်နဲ့ဆို ကွက်တိပဲ"

"ဘယ်လောက်လဲ"

ကေရီက အင်္ကျီရဲ့တန်ကြေးကို ပြောပြတော့ သူမ ဘုရားတကာ အလန့်တကြား မြည်တွန်မိပါသည်။

"အမယ်လေး .. ငါ ဘယ်ဝယ်နိုင်မလဲ ကေရီရယ်"

"နင့်ဘဲဘဲကို ဝယ်ခိုင်းပေါ့ဟဲ့"

ကေရီစကားကြောင့် နွေဦးက ရင်မောစွာ သက်ပြင်းချ်ခဲ့ရင်း...

"သူ ဘယ်တတ်နိုင်ပါ့မလဲ ကေရီရယ် .. ဒါတောင် ၄ှ ငါ့ကို လိုအပ်ရင် လိုအပ်သလို ဝယ်ပေးနေတာ နည်းမှ မနည်းတာ၊"

ကေရီ ခေါင်းတဆတ်ဆတ်ညိတ်ရင်း ...

"အေးနော် .. အဲဒီကောင်လေး နင့်ကို တော်တော်ချစ်ရှာသားပဲ"

ကေရီစကားကြောင့် နွေဦး ပြုံးမိရင်း ...

"ဟဲ့ .. ငါတို့က သမီးရည်းစား မဖြစ်ကြသေးဘူးဟဲ့"

"ဘယ်လို!.. နင့်စကားကလည်း"



www.burmeseclassic.com1

www.burmeseclassic.com



ကေရီက ကြောင်တောင်တောင်နှင့်ပြောတော့ သူမက စုပုပ်ပုပ်နှင့်..။

"ဟုတ်တယ်ဟ .. မင်းယံ ငါ့ကိုကြိုက်နေတာ ငါ သိတာပဲ..၊ ဒါပေမယ့် အဲဒီကောင်က တစ်ခါတစ်ခါပြောဖို့ တွန့်ဆုတ်နေပြန်ရော။ ဟိုတစ်နေ့ခါက်ကလည်း ရည်းစားစကားလိုလို ဘာလိုလို ပြောတော့ ငါ ရင်ခုန်တာပေါ့၊ နောက်တော့ စကားကို လျှောချသွားတာ..၊ ငါလေ အခြမြင်ကတ်လိုက်တာဟယ်" .

ကေရီ သူမရဲ့ မကျေနပ်ပုံရတဲ့ စကားကြောင့် ရယ်ပြီး ...

"အဲဒါဆိုရင်လည်း နင်ကပဲ မိန်းကလေးပီပီ စပြီးပြောမှဖြစ်မယ် နွေဦး"

ကေရီ စကားကြောင့် နှစ်ယောက်သား သဘောကျစွာ ရယ်မိပါသည် ။





နွေဦးတို့ အိမ်ပေါ်တက်တက်ချင်း နွေဦးအမေ ဒေါ်အေးသိရဲ့ နွေဦးကို ဆူသံပူသံတွေ ကြားရပါသည်။

နွေဦးက မျက်နှာကြီး စူပုတ် ထားပါသည်။ ကျွန်တော်က နွေဦးနဲ့ မျက်နှာချင်းဆိုင် ဝင်ထိုင်သည်။ .

"ပြောလိုက်ရင် မျက်နှာက ရှစ်ခေါက်ချိုးနဲ့ .. နင့်ကိုနင် ဘာကျောထဲခါးများ မှတ်နေလား နွေဦး"

"သမီးက ဘာလုပ်လို့လဲ"

နွေဦးက မကျေနပ်ဟန်နဲ့ ပြောသည်။ ကျွန်တော်က ဒေါ်လေး စကားကြောင့် ပြုံးနေ့နေ့ ...

"ဟဲ့ .. နင် ဘာလုပ်လဲဆိုတာ နင် အသိဆုံးပဲလေ..၊ တောင်းလိုက်တဲ့ပိုက်ဆံ၊ အမြဲတမ်း ငွေလိုနေတာကိုလည်း ပြောဦးလေ၊ ငါ့ အိမ်အောက်မှာ ငွေတွင်းရှိတာ မဟုတ်ဘူး ကြွက်တွင်းပဲရှိတာ"

ကျွန်တော်က ဒေါ်လေးကို ရ နေကြမို့ ...

www.burmeseclassic.com1

www.burmeseclassic.com



"အဲဒီကြွက်တွင်းကို လက်နှိုက်ကြည့်ပါလား၊ ရတနာတွေ ရှိချင်ရှိနေမှာ"

"မင်းယံရယ် .. အဲဒီတွင်းထဲမှာ ရတနာတော့ မရှိဘူး၊ ဝေဒနာပဲရှိမှာ၊ ကြွက်ကိုက်လို့လေ"

"ဒေါ်လေးကတော့လေ .. ပြောရော့မယ်"

ဒေါ်လေးက ဒူးတစ်ဖက်ထောင်ရင်း နွေဦးကို မျက်စောင်းထိုးပြီး —

"ကိုယ့်အဖေကြီးက ဘီးဂိတ်လည်း မဟုတ်ဘူး၊ ဘီးစိတ်လည်း မဟုတ်ဘူး၊ နင့် မော်တင် အောဘီစီ"

"မော်ဒယ်(လ်) အေဂျင်စီပါ မေမေကလည်း"

နွေဦး စကားကြောင့် ဒေါ်အေးသီ ...

"ငါ သိပါတယ် .. လျှာမရှည်ပါနဲ့"

ဒေါ်လေးစကားကြောင့် ကျွန်တော်က တခွီးခွီး ..၊ ကျွန်တော် ရယ်ပုံကြောင့် နွေဦးက မကျေနပ်ဟန်နှင့် မျက်စောင်းထိုးသည်။

"ပိုက်ဆံမကုန်ရင် နင့်ဝါသနာ ဘာလဲ .. ဟိုဟာဟာယ် .. မင်းယံ ကပ်သပ်လျှောက်တာ.."

"Cat Walk လျှောက်တာပါ ဒေါ်လေးရယ်"

"မသိပါဘူးဟယ် .. ငါတွေ့တာတော့ နွေဦး အိမ်မှာကျင့်နေတာ ပေါင်နှစ်ဖက်လိမ်ပြီး ကပ်ကပ်သပ်သပ် လျှောက်တာတွေ့တာပဲ"

နွေဦးက သူ့အလုပ်ကိုထိတော့ နှုတ်ခမ်းကြီးစူထွက်လာပါသည်။





"လျှောက်ပါ .. ကြိုက်သလောက် လျှောက် .. ပိုက်ဆံမကုန်လို့ကတော့ သာကေတအထိပဲ လျှောက်လျှောက်၊ မြောက်ဒဂုံအထိပဲ လျှောက်လျှောက် .. လျှောက်စမ်း ကားခတောင် သက်သာသေးတယ်"

"အမေနော် .."

"ဘာ အမေနော် လဲ..၊ ဟိုပစ္စည်းလေး လိုချင်လိုက်တာ ပေးပိုက်ဆံ၊ ဒီအကျီအသစ်တစ်ထည် တွေ့ထားတယ် ပေးပိုက်ဆံ၊ ငါ့အိမ်မှာ မီးခံသေတ္တာမှ ရှိတာမဟုတ်ဘူး၊ ဝတ္ထုစာအုပ်ထဲကလို ငါတို့က ကျောက်စိမ်းတုံး ဖင်ခုထိုင်နေရတာလည်း မဟုတ်ဘူး၊ တန်ရာတန်ရာ ဝါသနာပါစမ်းပါအေ..၊ နေပါဦး .. နင် မော်ဒယ်လ် လျှောက်တဲ့ အကျီတွေက နင့်အောဘီစီက ပေးတယ်ဆို၊ ငှားလို့လည်း ရတယ်ဆို .."

ဒေါ်လေးစကားကြောင့် နွေဦးက စူအောင့်အောင့်နှင့် ...

"ဒါတော့ ဒါပေါ့ အမေကလည်း၊ ဒီပြင် ရှိုးပွဲတွေ ညစ်ခံပွဲတွေကျတော့ လူတန်းစေ့လေးဝတ်မှ ဖြစ်မှာပေါ့"

"ဟဲ့ .. လူတန်းစေ့လို့ ပြောရအောင် နင့်ကို လန်ကွတ်တီနဲ့ ထားထားလို့လား"

နွေဦးက ကျွန်တော့်ကို ကြည့်ကာ မျက်နှာရဲရဲနှင့် ...

"အမေနော်"

www.burmeseclassic.com1

www.burmeseclassic.com



"သိပ်တောင်းဆိုတာတွေ များမနေနဲ့ဦး.. တောင်းစိုနေရင် နေ ထုတ်လှန်းလိုက်"

ဒေါ်လေးစကားကြောင့် ကျွန်တော် တဟားဟား ပွဲကျနေပါသည်။

"မင်း သူငယ်ချင်လည်း မင်း ပြောဦး မင်းယံ..၊ မင်းပြောလည်း ထူးမှာ မဟုတ်ပါဘူး။ မင်းကိုယ်တိုင် ပျော့ညံ့ညံ့ရယ်၊ နွေဦးက မင်းယံ ဆိုရင် မင်းခေါင်းက ပုတ်သင်ညိုဖြစ်နေပြီ၊ ကဲ .. စကားပြောကြဦး။ ထမင်းအိုးပွက်နေပြီလား မသိဘူး။ ထမင်းအိုး ပွက်မပွက်တော့ မသိဘူး။ ဒီဟာမကို နေ့တိုင်းမြင်ရလို့ ငါ့ပါးစပ်လည်း ထမင်းအိုးဖြစ်တော့မယ်"

ဒေါ်လေးထွက်သွားတော့ ကျွန်တော် နွေဦးရဲ့ စူစူအောင့်အောင့် မျက်နှာကိုကြည့်ပြီး ...

"ကဲ .. လာပါဟာ အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်ရအောင်၊ ဒေါ်လေး ဘာချက်လဲ"

ကျွန်တော် နေဝက်ဖေးခန်းကို လှမ်းအော်သံကြောင့် ဒေါ်လေး က မီးဖိုဆောင်ထဲကနေ လှမ်းအော်ပြောသည်။

"ဟဲ့ .. မင်းယံ ထမင်းစားပြီးမှ ပြန်..၊ ရွာက လူကြုံပေးလိုက် လို့ ငါးကျည်းကြပ်တိုက်တွေ ပါလာတယ်"

"စိတ်ချ ဒေါ်လေး..၊ မကျွေးလည်း ကျွန်တော် စားမှာပဲ"

ဒေါ်လေးကိုပြောပြီး အိမ်ရှေ့ကွပ်ပျစ်မှာ နှစ်ယောက်သား ထိုင် ပါသည်။ နွေဦးက အိမ်ရှေ့မျက်နှာစာ သံပန်းတံခါးကို မှီရင်း သက်



ပြင်းချသည်။

"တစ်ခါ တစ်ခါဟာ ကိုယ့်ဘဝကိုယ် မကျေနပ်ချင်ဘူး"

"ဗုဒ္ဓေါ!.."

ကျွန်တော် ဘုရားတ,တော့ သူမက လှည့်မကြည့်၊ အဝေးကို ငေးနေရင်း...

"ဟုတ်တယ် .. အကျင်စီမှာ ချယ်ရီတို့ ဝတ်တာစားတာမြင်ရင် မနာလိုစိတ်လို့ ပြောရမှာပဲ..၊ ငါ့ရင်မှာဖြစ်မိတယ် မင်းယံ..၊ ဘာလို့ ငါတို့ သူတို့လို မနေနိုင်၊ မဝတ်နိုင်ရတာလဲ၊ နေရာရွှေ့ မှားချထားတဲ့ ကံကြမ္မာကိုပဲ အပြစ်တင်ရမလားဟာ"

နာနာကျင်ကျင်ပြောတဲ့ သူမရဲ့စကားကြောင့် ကျွန်တော် ရင် မောပါသည်။ ကျွန်တော် သူမကို အားပေးစကား ပြောချင်ပါသည်။

"နင့်အလုပ်က အနုပညာလေ နွေဦး။ နင် ကြိုးစားရင် ကြိုးစား တဲ့အပေါ်မှာ မူတည်ပြီး ဘာမဆိုဖြစ်နိုင်တာပဲ..၊ မြန်မာတစ်နိုင်ငံလုံး မိန်းမလှတွေ ပေါပါတယ် နွေဦး။ ဒါပေမယ့် အောင်မြင်ကျော်ကြားတဲ့ မော်ဒယ်လ်ဆိုတာ လူတိုင်း မရနိုင်ဘူး။ ပိုက်ဆံရှိတိုင်းလည်း မဖြစ် ဘူးဟ..၊ နည်းနည်းလေးပါ နင့်အလုပ်ကို နင်ယုံရင် .. နင့်အနုပညာကို နင်ယုံရင် အဝတ်အစားဆိုတာ ဒုတိယနေရာမှာပဲ ရှိမှာပေါ့ဟာ"

ကျွန်တော့်စကားကြောင့် မျက်ခုံးတန်းလေး မြင့်ပြီးရင်း သူမ ကျွန်တော့်ကိုကြည့်ကာ တဖြည်းဖြည်း ပြုံးလာပါသည်။

www.burmeseclassic.com1

www.burmeseclassic.com



"ကျေးဇူးပါပဲ မင်းယံရယ်"

"မလိုပါဘူး နွေဦး .. ငါ ရှိနေသေးသရွေ့တော့ နင့်ရဲ့ လိုအပ်ချက်ကို အပြည့်အဝ မလုပ်ပေးနိုင်ရင်တောင် တတ်နိုင်သလောက် လုပ်ပေးနိုင်ဖို့ အသင့်ပါဟာ..၊ ဘာဖြစ်လို့လဲဆိုတော့ .."

သူမမျက်ဝန်းတွေ အရောင်လဲ့ဖြာနေတယ်လို့ ကျွန်တော် ထင်ပါသည်။

"ထားပါဟာ .."

ကျွန်တော် စကားလွှဲလျှာချတော့ သူမက မကျေနပ်ဟန် ...

"မထားနိုင်ဘူး။ ကဲ .. ပြော ဘာဖြစ်လို့လဲဆိုတော့ ... ဆက်ပြောလေဟာ"

"ဟာ!... နင်ကလည်း"

သူမလုပ်ပုံကြောင့် ကျွန်တော် ရွှေးပြန်ချင်မိသည်။

"မင်းယံ..."

သူမက စိတ်ဆိုးဟန်ပြုသည်။

"နင် ပြောမလား မပြောဘူးလား"

"ဟာ!..."

ကျွန်တော် ခေါင်းကို တဖြင်းဖြင်းကုတ်တာ အကျပ်ရိုက်နေပုံကြောင့် သူမက အသံလွင်လွင်နှင့် ရယ်သည်။

"ကဲ .. နင် မပြောချင်နေ ငါ ပြောမယ် အံ့ပုံးလုပ်မနေနဲ့...၊ ငါက



တော့ နင့်ကို ချစ်တယ်၊ နင် ဘာဖြစ်နေလဲဆိုတာ ငါ သိတယ်..၊ ငါ့ကိုချစ်တယ်လို့ ပြောချင်တယ် မဟုတ်လား၊ ငကြောက် .."

သူမက နှာခေါင်းလေးရှုံ့ကာပြောတော့ ကျွန်တော် အခုမှ ရယ်နိုင်တော့နိုင်ပါသည်။ သူမလက်ဖဝါးလေးကို ဆုပ်ကိုင်တော့ သူမက ...ချရင်း ...

"သွားပါ .. အခုမှ မူလဂျီသွန်လဂျီ လုပ်မနေနဲ့..၊ ပြောမယ့် ...ရေးကို စာစီစာကုံး ရေးနေသေးတယ်"

"ဟ .. နင် ငြင်းမှာစိုးလို့ပေါ့ဟ"

သူမက ကျွန်တော့်ပခုံးကို ရိုက်ရင်း ...

"ဟဲ့ .. နင့်နဲ့ငါက တွဲနေတာကြာပြီ..၊ တယ်မိန်းကလေးက ...မကြိုက်ဘဲနဲ့ တခြားယောကျ်ားလေးကို လူမြင်ကွင်းထဲမှာ တွဲ...တွဲလာ လုပ်ပါ့မလား"

"ဟဲ ... ဟဲ"

"ရယ်မနေနဲ့ .. ကောင်စုတ်"

"ဩော် ... ဒါဆို နင်က ငါ့ကို ကျိတ်ခိုက်နေတာပေါ့"

"သေလိုက်ပါလား"

"စကားအပြောအဆိုက ကဗျာမဆန်လိုက်တာဟာ"

"မတတ်နိုင်ဘူး မင်းယံ .. ချစ်တာက ချစ်တာပဲ၊ ...ယာ...ဖွယ် သူ့လက်သံလို နုနုညံ့ညံ့လေးတော့ မခေါ်တတ်ဘူး"



www.burmeseclassic.com1

www.burmeseclassic.com



"ဟာ ... ကိုမင်းယံ ရောက်နေတယ်"

ပြောလည်းပြော.. ကျောင်းလွယ်အိတ်ကို ကျွန်တော့်ပေါင်ပေါ်ကို ဘုန်းခနဲ ပစ်ချလိုက်တဲ့ ဆောင်းဦးကြောင့် ကျွန်တော် လန့်ဖျပ်သွားပါသည်။

"ဗုဒ္ဓေါ .. နင့်အစ်မနဲ့ ငါနဲ့ ရှ"

"ဟဲ့!..."

"ဟား .. ဟား .. ဟား ကိုမင်းယံကြီး မမကို ကျိတ်ချစ်နေတယ်တော့် .. မေမေရေ .. ဒီမှာလေ .."

"ဟဲ့ .."

ကျွန်တော် တားဖို့ အချိန်မမီတော့ပါ။

ဆောင်းဦးဇော်က ကျောင်းဝတ်စုံလေးနဲ့ ကလေးတစ်ယောက်လို ခုန်ပေါက်ပြီး အိမ်ပေါ်တက်သွားတော့ ကျွန်တော် မျက်လုံးပြူးကာ ...

"ငါ ပြန်တော့မယ်"

"ဟဲ့ .. နေဦးလေ၊ ထမင်းစားပြီးမှ ပြန်မယ်ဆို.."

"မစားတော့ဘူး .. ဝိုးပြီ"

[ ၂ ]





"ဟား .. ဟား ..ဟား မင်းက မရည်ရွယ်ဘဲ လှော်ကားမင်း ဖြစ်တယ်ပေါ့"

နိုင်ထူးက ရယ်ရင်းပြောတော့ အေးမြင့်ကျော်က...

"ဇော်ကား မင်းဖြစ်တယ် ပြောစမ်းပါကွာ"

ကျွန်တော်မှာလည်း အေးမြင့်ကျော် စကားကြောင့် ...

"မင်းကြီးတော်ကို ဇော်ကားရှမှာလားကွ၊ ဇော်ကဲ မင်းဖြစ်တယ် ပြောစမ်းပါကွာ"

"ဇော်ကဲပဲ မင်းဖြစ်ဖြစ်၊ အောင်ဘုပဲ မင်းဖြစ်ဖြစ် အရေးမကြီးပါဘူး။ ကဲ .. ကိုယ်တော် ဒီနေ့ ခွေအသစ်ထွက်တယ်နော်၊ သွားနားထောင်၊ ပြန်လာမှ မင်း ငါနဲ့ နိုင်ထူးကို တစ်ခုခုကျွေးရမယ်"

"ကျွေးမယ် စိတ်ချ"

"ဘာလဲ .."

www.burmeseclassic.com

www.burmeseclassic.com



အေးမြင့်ကျော်က ဝမ်းသာအားရပြောတော့ ကျွန်တော်က အပြင်ထွက်ဖို့ အိတ်ကိုလှမ်းယူရင်း ...

"ချီးပုံ"

"ခွေးကောင်"

"ဟေ့ကောင် မင်းတို့ကမှ ခွေး .. အဲဒါကြောင့်မို့ ချီးကျွေးတာ"

"နမပေး ,, မင်း ပြန်လာမှ သိမယ်"

ကျွန်တော် တဟားဟားရယ်တော့ နိုင်ထူးက ...

"မင်း ငါ့ကားနဲ့ လိုက်ခဲ့လေ .. ငါလည်း ဖေဖေ့ကုမ္ပဏီ သွားရမှာပဲ"

"အိုကေ .. ဓာတ်ဆီကတော့ တက်နေပြီ၊ စီးတော်ယာဉ်က အဆင့်သင့်၊ ကဲ .. မောင်မင်းများ ငါကိုယ်တော်မြတ် ကြွတော်မူမယ်"

"ပေါ်တော်မူကြောင်းပါ အရှင်ဘုရား"

အေးမြင့်ကျော်ကလည်း ကြုံ့ရင်ကြုံ့သလို နှိပ်ကွပ်ပါသည်။ နိုင်ထူးနှင့် အတူတူထွက်လာရင်း ၃၅ လမ်းထိပ်ရောက်တော့ ကျွန်တော် ဆင်းပါသည်။ နိုင်ထူးက ကားမထွက်ခင် ...

"မင်းယံ... ညနေ ငါ ဆိုင်ကိုလာခဲ့မယ်"

ကျွန်တော် ဒီကောင်အကြံကို သိတာကြောင့် ...

"မင်း ညနေလာရတဲ့အကြောင်းရင်းကို ငါသိတယ်နော် နိုင်ထူး"





ဒီကောင်က ရယ်ပြီး လက်ပြတော့ ကားကိုမောင်းထွက်သွားပါ[illegible]ည်။ နိုင်ထူးက ညနေတိုင်း ဆိုင်မှာ ခွေလာငှားတဲ့ မြတ်မွန်ထွေး[illegible]တဲ့ ချာတိတ်မလေးကို မျက်စိကျနေသူ ဖြစ်ပါသည်။

ကျွန်တော် ဒီနေ့ထွက်တဲ့ ခွေနာမည်ကို စဉ်းစားပြီး ဆိုင်ထဲ ဝင်[illegible]ပါသည်။ နာမည်ရမင်းသားမို့လို့ နည်းနည်း တန်းစီစောင့်ဆိုင်းရ[illegible]သည်။ RC ကြေးကလည်း ဒီမင်းသားဆို မြင့်ပါသည်။ ကိုယ်တောင်[illegible]ဆံလေးများရအောင် မင်းသားလုပ်ရင် ကောင်းမလား...၊ ကိုယ့်[illegible]ည်ကလည်း ထည်ထည်ဝါဝါမဟုတ်တော့လည်း အခက်သား...။ [illegible]ကတော့ ပြောပါတယ် .. နင့်မေးရိုးက အတာလွန်ပြီး စားကြီး[illegible] မေးရိုးတဲ့။ ဟုတ်တယ် .. ကျွန်တော့်က မေးရိုးကားပါသည်။ [illegible]သေးတာပေါ့။ ဖင်မကားလို့ ဖင်ကားရင် ဖားကင်တော့ဖြစ် [illegible]ာက်သည်။

ခွေရလာပြီးတော့ ဒီနေ့အသစ်ထွက်တဲ့ စာအုပ်အသစ်တွေ သွား[illegible]သည်။ မြို့ထဲမှာ တစ်လမ်းဝင် တစ်လမ်းထွက် မွှေနှောက်ပြီး [illegible]ာ့ ဗိုက်ထဲ နည်းနည်း ဆာလာတာကြောင့် ကော်ဖီဘားတစ်ခုထဲ [illegible]ကာ မစ်ရှိတ်တစ်ခွက်နှင့် မုန့်တစ်ခုစားပြီး အထွက်မှာပါ...၊

"ကန်တော့..."

ကျွန်တော် လူတစ်ဦးနှင့် မတော်တဆ တိုက်မိပါသည်။ တိုက်[illegible]ည်အရှိန်က ဒီလောက်ကြီး မဟုတ်ပေမယ့် ထိုလူကြီးက မြေပေါ်ကို

www.burmeseclassic.com1

www.burmeseclassic.com



ပစ်ကျမလိုဖြစ်တာကြောင့် ကျွန်တော် အမြန်ဖမ်းထိန်းလိုက်ရပါသည်။

"အန်ကယ် ရလား"

"အေး .. အေး"

ကျွန်တော် လူကြီးကိုတွဲပြီး အသာ ထိုင်ခိုင်းလိုက်ပါသည်။ လူကြီးက မျက်စိမှိတ်ကာ ငြိမ်သက်နေပါသည်။

"ကျွန်တော် အန်ကယ်ကို တိုက်မိတာ အရှိန်မပြင်းပါဘူး"

လူကြီးက အားတင်းကာ ခေါင်းညိတ်ပြပြန်ပြုပြီး ...

"အန်ကယ် .. မူးပြီး လဲသွားတာပါကွယ်"

"ဟင်!... အန်ကယ် နေ့လယ်ဘက်ကြီး သောက်ထားလို့လား"

လူကြီးက ခေါင်းအသာရမ်းပြရင်း ...

"မသောက်ပါဘူးကွာ .. အန်ကယ် သွေးတိုးကြောင့် မူးတာပါ"

"ဟာ!... ဒါဆို ဆေးခန်းတစ်ခုခု သွားပါလား။ လာ .. လာ အန်ကယ် .. ဒီအနားမှာ ဆရာဝန်အိမ် ရှိတယ်"

ကျွန်တော် အန်ကယ်ကြီးကို ထူ၍ သွားရင်းလာရင်း မြင်ခဲ့မိတဲ့ ဆရာဝန်နာမည်ရေးထားတဲ့အိမ်ကို တွဲခေါ်သွားပါသည်။ လက်ထဲမှာလည်း အန်ကယ်ကြီးရဲ့ အိတ်ကို ကိုင်ထားရပါသေးသည်။ ဘဲလ်ကိုနှိပ်တော့ တံခါးဖွင့်လာ[illegible] အိမ်ဖော်ဖြစ်ဟန်တူသူ ကောင်မလေး တစ်ယောက်ကို တွေ့ပါသည်။

"ဘာကိစ္စရှိလို့လဲ"



"ဟို .. ဆရာဝန်ရှိလား မသိဘူး..၊ ဒီမှာ နည်းနည်းမူးလို့"

"ခဏနော်"

ကောင်မလေးက အထဲကို လှစ်ပြန်ဝင်သွားပြီး ခဏအကြာ တံခါး လာဖွင့်ပေးပါသည်။ ကျွန်တော်တို့ကို နေရာထိုင်ခင်း ပေးသည်၊ တစ်အောင့်ကြာတော့ လူရွယ်တစ်ဦး ထွက်လာပါသည်။ အသားဖြူဖြူနှင့် အသက်က ကျွန်တော်တို့နှင့် မတိမ်းမယိမ်း..။

"ဘာဖြစ်လို့လဲဗျ"

"ဟို .. ကျွန်တော့်ဦးလေးက သွားရင်းလာရင်း သွေးတိုးပြီး မူးလဲမလိုဖြစ်လို့"

"ဩော် ... လာ .. လာ"

တိုက်ခန်းက ဆေးခန်းမဟုတ်တာကြောင့် ဆရာဝန်ရဲ့ အခန်းလို့ ထင်ရတဲ့ အိပ်ခန်းထဲကို ခေါ်သွားပါသည်။

အန်ကယ်ကြီးကို ခုတင်ပေါ် တင်ရင်း ဆရာဝန်လူရွယ်က ...

"ခင်ဗျားတို့ ကံကောင်းတယ်ဗျာ .. ကျွန်တော် ဒီနေ့ ဆေးရုံမှာ အော့(ဖ်)မို့လို့၊ ကျွန်တော့်ဆေးခန်းက ဒီမှာ မဟုတ်ဘူးဗျ"

"အေးဗျာ.. ကျွန်တော်လည်း ဒီနားက ဖြတ်သွားဖြတ်လာရင်း ဆရာ့ရဲ့ ဆိုင်းဘုတ်ကို တွေ့ထားတော့ ..."

"ခင်ဗျား မျက်စိ အတော့်ကို လျင်တာပဲ"

"လျှင်ဆို ကျွန်တော်က ခါးပိုက်နှိုက်လေ"



www.burmeseclassic.com1

www.burmeseclassic.com



*အရှမ်းစကားကြောင့် ဆရာဝန်လေးက ရယ်သည်။ သွေးပေါင်* ချိန်တိုင်း ဆေးထိုးပြီးတော့ ...

"ခဏ နားနေလိုက်ဦး..၊ ပြီးမှ ပြန်ပေါ့..၊ ဒီအန်ကယ် အတော် ကံကောင်းတယ်၊ သွေးက အတော်တက်နေတယ်"

ဆရာဝန်လေးဟာ အပေါ်သွေး အောက်သွေးကို ရွတ်ပြတော့ ကျွန်တော် မျက်လုံးတွေ ပြူးမိပါသည်။ အန်ကယ်ကြီးက ဆေးရှိန် ကြောင့် မှိန်နေရာမှ ဟမ်းဖုန်းကို ကျွန်တော့်ဆီကို လှမ်းပေးရင်း ဖုန်းနံပါတ်တစ်ခု ရွတ်ပြကာ ...

"မင်းလည်း အန်ကယ်ကြောင့် အတော်ပင်ပန်းနေပြီ..၊ ခုန အန်ကယ်ပြောတဲ့ ဖုန်းနံပါတ်ကိုဆက်ပြီး အန်ကယ့်အိမ်က တစ် ယောက်ယောက်ကို ဒီကိုလာခဲ့ပါလို့.."

"ဟုတ်ကဲ့ .. အန်ကယ်"

ကျွန်တော် အန်ကယ်ကြီးပေးတဲ့ ဖုန်းကို လှမ်းယူကာ ခုန အန်ကယ် ပြောတဲ့ ဖုန်းနံပါတ်ကို လှမ်းဆက်လိုက်ပါသည်။

"ဟယ်လို .."

အန်ကယ်ကြီးက ခပ်တိုးတိုး လှမ်းပြောပါသည်။

"ဦးရဲထက် ခေါ်ခိုင်းတာလို့ .."

ကျွန်တော် ခေါင်းညိတ်ပြကာ...

"ဟုတ်ကဲ့ .. အန်ကယ်ဦးရဲထက် အိမ်ကပါလား ခင်ဗျာ..၊





ဟုတ်ကဲ့ .. ဦးရဲထက် သွားရင်းလာရင်း မူးလဲလို့ အဲဒါ .. ဟို .."

ကျွန်တော် ဆရာဝန်လေးကို လှမ်းကြည့်တော့ ဆရာဝန်လေး က လမ်းနာမည်နှင့် အိမ်နံပါတ်ကို ပြောတော့ ကျွန်တော် လှမ်းပြော ရပါသည်။ ဖုန်းဆက်ပြီးတော့ ကျွန်တော်နှင့် ဆရာဝန်လေးက ဦးရဲ ထက်ကို ခဏ အနားယူခိုင်းရင်း အိမ်ရှေ့ကို ထွက်လာပါသည်။

အိမ်ရှေ့ဆက်တီမှာ နှစ်ယောက်အတူထိုင်တော့ အိမ်ဖော် ကောင်မလေးက ကော်ဖီနှစ်ခွက် လာချပေးပါသည်။

"သောက်ဗျာ .. ကို ..."

"ကျွန်တော့်နာမည် မင်းယံပါ ဒေါက်တာ"

"ဟုတ်ကဲ့ .. ကျွန်တော့်နာမည် ဝင်းကို .. ဒေါက်တာဝင်းကိုပါ။ ကျွန်တော်နေးကတော့ ဘဏ်မှာလုပ်တယ်၊ သက်ထားဦးတဲ့၊ ကျွန် တော့် သားငယ်က ကျောင်းသွားတယ်ဗျ။ ဒီကောင်က နှစ်တန်း ကျောင်းသားလေ"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ် ဒေါက်တာ"

ဒေါက်တာဝင်းကိုက ကော်ဖီခွက်ကို လှမ်းယူရင်း ...

"ခင်ဗျားနဲ့ ဦးရဲထက် ကြည့်ရတာ သိပ်မရင်းနှီးသလိုပဲနော်"

ကျွန်တော်က ဒေါက်တာဝင်းကို စကားကြောင့် ရယ်ရင်း အဖြစ် အပျက်တွေကို ပြောပြတော့ ဒေါက်တာက ပြုံးရင်း ...

"ဟာ... ဦးရဲထက် သိပ်ကံကောင်းတာပဲဗျ၊ ဒီလိုရောဂါတွေက



www.burmeseclassic.com1

www.burmeseclassic.com



ခေါက်ခနဲဆို သွားရော ..."

"ဟုတ်တယ်ဗျ .. ကျွန်တော်လည်း မနည်းဖမ်းထိန်းလိုက်ရတာဗျ၊ ပြုတ်ကျရင် လှေကားထစ်ရဲ့ခေါင်းနဲ့ တိုက်မိရင် မလွယ်ဘူး"

ကျွန်တော်တို့ စကားတွေပြောနေကြစဉ် ခေါက်တာဝင်းကိုရဲ့ တိုက်ခန်းရှေ့ကို နောက်ဆုံးပေါ်ကားနက်ကြီး ထိုးရပ်လာပါသည်။ ကားပေါ်က ဒရိုင်ဘာဖြစ်ဟန်တူသူတစ်ယောက် ဆင်းလာတော့ အိမ်ဖော်ကောင်မလေးက အကင်းပါးစွာ တံခါးသွားဖွင့်ပေးသည်။

ခေါက်တာက လှမ်းပြောပါသည်။

"ဦးရဲထက် အိမ်က ထင်တယ်"

ဒရိုင်ဘာဖြစ်ဟန်တူသူက တရိုတသေ ခေါင်းညိတ်ပြတော့ ခေါက်တာဝင်းကိုက ...

"ထိုင်ပါ ... ခဏနေ အန်ကယ်နိုးမှ ပြန်ပေါ့"

"ဟုတ်ကဲ့"

ဒရိုင်ဘာက ဝင်ထိုင်တော့ ကျွန်တော် မတ်တတ်ရပ်ရင်း ...

"ကဲ .. ကျွန်တော်လည်း ပြန်မှဖြစ်မယ် ခေါက်တာ"

"အန်ကယ် နိုးတာ မစောင့်တော့ဘူးလား"

"စောင့်လို့မဖြစ်ဘူးဗျ .. မီဒီယိုရွှေဈေးဆိုင်မှာ ကျွန်တော့် သူငယ်ချင်းတစ်ယောက်ပဲ ရှိတာ..၊ ခေါက်တာ ဒီအိတ်က အန်ကယ် ဦးရဲထက်ရဲ့အိတ်ပါ။ အန်ကယ်နိုးရင် ပေး .. ပေးပါဗျ"





"စိတ်ချ .. ကိုမင်းယံ"

ကျွန်တော် ခေါက်တာဝင်းကိုကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။ ဆိုင်ပြန်ရောက်တော့ အေးမြင့်ကျော်က ရွှေဈေးသူတစ်ယောက်ကို စာအုပ်ထဲမှာ မှတ်နေရင်းက ...

"မင်း ရွှေသွားဝယ်တာကလည်း ပေါလိဝုဒ်အထိ သွားဝယ်နေလား မင်းယံရာ"

"မဟုတ်ပါဘူးကွာ .."

ကျွန်တော်က အဖြစ်အပျက်အစုံကို ပြောပြတော့ ဟိုကောင်က အံ့အားတသင့်နှင့် ...

"ဟာ!... ဒါဆို မင်းပြောတဲ့ အန်ကယ် တံကောင်းတာပေါ့ကွ"

"အေးပေါ့ကွ .. သူ ဝစ်လဲတဲ့အရှိန်နဲ့ဆို လှေကားထစ် ခေါင်းနဲ့ မွဲပြီးပဲကွာ"

"အဲဒီ အန်ကယ်က ပိုက်ဆံရှိမယ့်ပုံပေါ့"

ကျွန်တော်က ဝန်းတွန့်ပြရင်း ...

"ရှိလား .. မရှိလား မသိဘူး၊ အန်ကယ်ဦးရဲထက်ကို လာကြိုတဲ့ကားက မြန်မာပြည်မှာ စီးတဲ့လူ လက်ချိုးရေလို့ရတယ် အေးမြင့်"

အေးမြင့်က မျက်လုံးပြူးဟန် ပြကာ ...

"ဂရိတ်ထဲကပေါ့"

"အင်း..."



www.burmeseclassic.com

www.burmeseclassic.com



"ဒါများ မင်း အဲဒီအန်ကယ် အိပ်ရာကနိုးတဲ့အချိန်လောက် စောင့်လိုက်ရင် မင်းကို ကျေးဇူးတင်တဲ့အနေနဲ့ ဂုဏ်ပြုငွေလေး ဘာလေး စောင့်ယူလိုက် ပြီးရော"

"ဟာ!... ငါက စေတနာနဲ့ ကူညီတာပါကွာ၊ မယူချင်ပါဘူး"

"အင်း .. မင်းပြောတာလည်း ဟုတ်တာပဲကွာ"

"ကဲ .. အဲဒါတွေ ထားလိုက်တော့..၊ ဟိုကောင် မရောက်သေးဘူးလား"

ကျွန်တော် နာရီကိုကြည့်ရင်း ပြောတော့ အေးမြင့်ကျော်က ပြုံးစိစိနှင့် ...

"သေခဲ့ဦးမယ် .. တို့မှာ လာပါပြီ"

ကျွန်တော် လှမ်းကြည့်တော့ နိုင်ထူးရဲ့ ကားက ဆိုင်ရှေ့မှာ ထိုးရပ်သည်။





"ဟော လူနာက အကောင်းကြီးပါလားကွ"

ဝရန်တာမှာ ကော်ဖီတစ်ခွက်နဲ့ ဂျာနယ်ဖတ်နေတဲ့ ဦးရဲထက် မော့ကြည့်ကာ သက်ဟန် ဖြစ်နေတာ တွေ့ရသည်။

"ဩော် ... မင်း ပေါ်လာသေးတယ်နော် သက်ဟန်..၊ ငါ့မှာ သူငယ်ချင်းကို အားကိုးရလေား အောက်မေ့ပါတယ်"

သက်ဟန်က ရယ်ရင်း လက်ကိုင်အိတ်ကို စားပွဲပေါ်တင်ရင်း စတိုင်ဘောင်းဘီကို အသာမ,ကာ ထိုင်ရင်း...

"အဲဒါကြောင့် ငါ ပြောပါတယ်..၊ ဆေးပေးမီးယူလေးဖြစ်ဖြစ် တစ်ယောက်လောက် ယူပါဆိုတော့လည်း မင်းက ကြေးများနေတာကိုး..."

ရဲထက် ဂျာနယ်ကို စားပွဲပေါ်တင်ရင်း ...

"ဟ .. ဆေးပေးမီးယူတော့ ဟုတ်ပါပြီ တော်ကြာ ပေးတဲ့ဆေးက ခေါင်လေးပြီး ယူလာတဲ့မီးက ကိုယ့်ကိုယ်ကိုယ် ရှို့တဲ့မီး ဖြစ်နေရင် ပြန်အမီးလို့ရတာမှ မဟုတ်တာ"



www.burmeseclassic.com1

www.burmeseclassic.com



"ဒါကတော့ ကံပေါ့ကွာ..၊ မင်း ယူမယ်ဆိုရင် မင်းအနားမှာ ဝိုင်းနေတာပဲ ရဲထက်၊ မင်းအရွယ်က လူငယ်လေးကျနေတာပဲ..၊ အဆင့်အတန်း၊ ရုပ်ရည် ဘာမှ ပြောစရာကိုမရှိတာ၊ လိုချင်ရင် ဘယ် အမျိုးအစား ယူမလဲ..၊ နှစ်ဆယ်ကျော်၊ သုံးဆယ်ကျော်၊ မင်းအရွယ် အိုကေ .. သူငယ်ချင်း"

ရဲထက်က မျက်နှာရှုံ့မဲ့ပြတော့ သက်ဟန်က တဟားဟား ...

"လုပ်ပါဦး ဘယ်လိုဖြစ်တာလဲ"

အိမ်ဖော်ကောင်မလေးက သက်ဟန်ရှေ့ကို ကော်ဖီနှင့်မုန့်ကို တရိုတသေချပေးပြီး ထွက်သွားပါသည်။

"ငါ့မှာ ဒွေးတိုးရှိတာ မင်းလည်း သိပါတယ်"

"အင်းလေ"

"ကံကောင်းလို့ သက်ဟန်ရာ..၊ ငါ့ကားက ကိုကြီးနိုင်တို့ကုမ္ပဏီ မှာ ကားရပ်ရင် အဆင်မပြေမှာစိုးလို့ အလယ်ဘလောက်မှာ ထားခဲ့ တယ်ကွာ၊ ဒရိုင်ဘာ ကိုအေးကို ကားနားမှာပဲ ထားခဲ့တယ် မနေ်မိ ဘူး။ ဖြစ်ချင်တော့ ကိုကြီးနိုင်တို့ကုမ္ပဏီကအပြန် ကော်ဖီ သောက် ချင်တာနဲ့ ကော်ဖီဘားထဲကိုအဝင် မိုက်ခဲ့ဖြစ်ပြီး လဲကျမလိုဖြစ်တာ၊ လဲများလဲကျလိုက်ရင် ရေကားခေါင်းနဲ့ ငါ့ခေါင်းနဲ့ နေရာမှာတင် ပွဲချင်းပြီးနိုင်တယ်"

"ဟာ!..."





သက်ဟန် မျက်လုံးပြူးသွားပါသည်။

"ကံကောင်းချင်တော့ ငါနဲ့ တိုက်မိမလိုဖြစ်တဲ့ ချာတိတ်က ငါ့ကို ဖမ်းထိန်းပြီး ကူညီလိုက်လို့ကွာ"

"ဘယ်က ကောင်လေးလဲ .. မင်း အဲဒီချာတိတ်ကို ကျေးဇူးတင် သင့်တယ်"

"အဲဒီကလေးက ငါ့ကိုတွဲပြီး အဲဒီနားက ဆရာဝန်တစ်ယောက် နေတဲ့ တိုက်ခန်းကို ခေါ်သွားပြီး သွေးပေါင်ချိန်၊ ဆေးထိုးပြီး ငါ့ကို ကူညီခဲ့တယ်"

"အဲဒီကောင်လေးက ဘယ်ကလဲ"

သက်ဟန်စကားကြောင့် ကျေးဇူးတင်စကားတောင် ပြောခွင့် မရလိုက်တဲ့ ကောင်လေးအတွက် ကျွန်တော် အတော် အားနာခဲ့မိ ပါသည်။

"ငါ အိပ်ရာကနိုးတော့ ငါ့ဒရိုင်ဘာ ကိုအေး ရောက်နေပြီလေ၊ ငါ့ကို ဆေးကုပေးတဲ့ ဒေါက်တာဝင်းကိုရဲ့စကားအရ ကောင်လေး နာမည်က မောင်မင်းယံတဲ့..၊ နောက်ပြီး အဲဒီကလေး မရှိးသားရင် ငါ့အိတ်ထဲက ပိုက်ဆံတွေ မှသွားမှာ သေချာတယ်..၊ ပိုက်ဆံက တော့ ဘာမှမဖြစ်ဘူး သက်ဟန်..၊ အိတ်ထဲက အရေးကြီးတဲ့စာရွက် စာတမ်းတွေက အကော်ကွ"

သက်ဟန်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း ...

www.burmeseclassic.com1

www.burmeseclassic.com



"အင်း .. လောကထဲမှာ ရှိသားခြင်းဆိုတာ ရှိသေးတာပဲ၊ မင်းတို့ စီးပွားရေးလောကနဲ့တော့ တခြားစီပဲ"

"ငါ အဲဒီချာတိတ်ကို လက်လှမ်းမှီသလောက် ရှာဦးမှာပါ..၊ တွေ့ခဲ့ရင်တော့ တစ်ခုခု ကျေးဇူးဆပ်ခွင့်ရမယ်လို့ ငါ ယုံတယ် သက်ဟာန်"

သက်ဟာန်က ပြုံးသည်။

"မင်း တွေ့မှာပါ..၊ ကဲ .. ဒါတွေ ခဏမေ့ထားဦး..၊ ဒြော် ... ပြောရဦးမယ်၊ ငါလာတာ မင်း ကောင်းတယ်ဆိုရင် ကိုကြီးနိုင်နဲ့ မနက်ဖြန် ဒင်နာပွဲတစ်ခု သွားမလို့၊ မင်းကို ကိုကြီးနိုင် ချိန်းလိုက်လို့"

"ဘယ်သူ့ ဒင်နာလဲ"

"ဦးမျိုးထွန်း သားလေ"

"ဘယ်မှာလဲ"

"ကာရဝိတ်"

"ဒါများကွာ .. ကိုကြီးနိုင်က ဖုန်းဆက်လိုက်လည်း ရနေတာ ;"

"မင်း သိပ်နေမကောင်းဘူးဆိုလို့ ငါလည်း လာချင်နေတာနဲ့ ကိုယ်တိုင်လာရင်း ပြောပေးမယ်လို့ ပြောလိုက်လို့ပါကွာ"

"မင်း အချိန်ရတယ် မဟုတ်လား သက်ဟာန်"

"အိုကေ .."





"ကဲ .. တစ်ပွဲလောက် နွှဲလိုက်ရအောင်"

စစ်တုရင်ထိုးဖို့ ကျွန်တော် ရည်ရွယ်တော့ ...

"ဘာကြေးလည်း ရဲထက်"

"မနက်ဖြန် ဒင်နာကအပြန် တစ်ဝိုင်းကြေးကွာ၊ ကိုကြီးနိုင်ပါ မှနေတုန်း"

"အိုကေ.."

လက်ဖဝါးချင်းရိုက်ကာ ပြိုင်ပွဲကို စလိုက်ကြပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



နွေဦးကို သူမ တက်နေတဲ့ ကာယအလှသင်တန်းက စောစော ဆင်းလာပုံ ရသည်။

"နင် ဒီနေ့ စောလှချည်လား နွေဦး"

သူမက ဆံပင်တွေကို နောက်လှန်ကာ ခပ်မြင့်မြင့် ချည်နှောင်ထားပြီး တီရှပ်ကျပ်ကျပ်တစ်ထည်ကို ဂျင်းပင်နှင့် တွဲဝတ်ထားပါသည်။

"ငါ ရန်ကင်းစင်တာ သွားမလား စိတ်ကူးရလို့ဟ"

"ဘာလုပ်ဖို့လဲ"

"ငါ ပွဲတစ်ပွဲ ရှိတယ်၊ အဲဒါ ..."

"အဝတ်အစားဝယ်ဖို့ ဆိုပါတော့"

"အင်း .."

မဖြေချင် ဖြေချင်ဟန်နှင့် သူမ ပြောပုံကြောင့် ...



"နင် ဘာဖြစ်နေတာလဲ နွေဦး"

သူမက နှုတ်ခမ်းကိုက်ရင်း ...

"ငါ မနေ့က ချယ်ရီတို့နဲ့ ဈေးဝယ် အဖော်လိုက်ပေးရင်း ဝတ်စုံ တစ်စုံ တွေ့မိလို့ဟ"

နွေဦးက ကျွန်တော့်စကားကြောင့် မျက်စောင်းထိုးရင်း ...

"နင့်ကြီးတော်ကြီး ဝယ်ရအောင် အဲဒီဝတ်စုံက စက္ကူနဲ့ ဝယ်လို့ ရတာမှ မဟုတ်တာ၊ ပိုက်ဆံနဲ့ ဝယ်မှရမှာပေါ့ဟ"

"ဟင်!... နင်ပဲ ပြီးခဲ့တဲ့အပတ် ရှိုးပွဲတုန်းက ရထားတဲ့ပိုက်ဆံ ရှိတယ်ဆို .."

"ဟဲ့ .. ဟိုသုံးဒီသုံးနဲ့ ပွန်းသွားပြီဟ"

"ပွန်းနေရင်လည်း အရက်ပြန် ဆွတ်လိုက်ဟာ..၊ နင့်ဝတ်စုံက ဘယ်လောက်တောင်လဲ"

"ခုနစ်ထောင်"

"ဗုဒ္ဓေါ!... အဲဒီလောက်ကြီး"

"ဒါ ပါးပါးလေးပဲ ရှိသေးတယ်"

ကျွန်တော် ရင်ဘတ်ဖိမတတ်ပါ..၊

ဒါတောင် ပါးတယ်ဆိုရင် ဘယ်လိုဟာမျိုးက အကြီးဆုံး ထိမှာ..။

"ဟဲ့ .. နင့်မှာ ပိုက်ဆံပါလား"

www.burmeseclassic.com1

www.burmeseclassic.com



"ဘယ်လောက်တုန်း"

"အင်း .. သုံးထောင်လောက်ဆို ဖြစ်တယ်"

"ပါ ပါတယ်"

"ငါ့ကို ပိုက်ဆံချေးဟာနော် .. မင်းယံ .."

ကလေးတစ်ယောက်လို နှုတ်ခမ်းစူတူတူလေးနှင့် သူမ ပြောပုံဆိုပုံကြောင့် ကျွန်တော် သူမခေါင်းကို ပွတ်ရင်း ...

"ချေးမနေဘူး..၊ ချေးနေရင်လည်း နင် ပိုက်ဆံ အမြဲမလောက်ပုံနဲ့ ရမှာမဟုတ်ဘူး၊ ယူလိုက် .. ငါက ဘာမှဝယ်စရာမရှိဘူး"

"ဟေး ... အဲဒါကြောင့် နင့်ကို သိပ်ချစ်တာသိလား မင်းယံ"

"မသိဘူး အရူးမ"

"လာ .. သွားမယ်"

သူမက ကျွန်တော့်လက်မောင်းကို တွဲရင်း...

"ကားငှားမယ် လုပ်လေ"

"ဟဲ့!.. လိုင်းကားမစီးဘူးလား"

"ဟာ!... ကြာတယ်ဟာ၊ ဟိုမှာ တက္ကစီလာပြီ တား .. တား"

ကျွန်တော် သူမ အလိုကျ ကားကို တားလိုက်ပါသည်။ သူမနဲ့ ကျွန်တော် ကားပေါ်တက်တော့ နွေဦးက ခေါ်သံတစ်ခုကြောင့် လှည့်ကြည့်သည်။

"ဟဲ့ .. နင့်ကို ခေါ်တာထင်တယ်"



တားကလည်း ထွက်ပြီမို့ ကျွန်တော် လှည့်ကြည့်တော့ မတွေ့...၊

"ဘယ်မှာလဲ"

"ကွယ်သွားပြီဟ..၊ ခပ်သန့်ပြန့်ပြန့် လူတစ်ယောက်ပဲ"

ကျွန်တော်ကလည်း ဘယ်သူမှန်းမသိတာကြောင့် ဆက်မမေးတော့..၊

တားထွက်တော့ သူမက ကျွန်တော့်ပခုံးကို မှီပြီး လိုက်လာသည်။

www.burmeseclassic.com1

www.burmeseclassic.com



ဦးရဲထက် လက်လည်းပြ လှမ်းလည်းခေါ်ပေမယ့် မင်းယံနှင့် ကောင်မလေးရဲ့ကားက ထွက်ခွာသွားခဲ့ပါပြီ..။ ကောင်မလေးအ လှည့်ကြည့်ရင်း မြင်လိုက်ပုံ ရပါသည်။

ကားတစ်စီးနှင့်မကွယ်ခင် ကောင်မလေးက တစ်ခုခု လှမ်းပြော လိုက်ပုံ ရသည်။ မြင်ကွင်းထဲက ပျောက်ကွယ်သွားတဲ့ ကားတစ်စီး ကို မချင့်မရဲကြည့်ရင်း ဦးရဲထက် အားမလို အားမရ ဖြစ်မိပါသည်။

ဒီကောင်လေးကို သွားရင်းလာရင်း ရှာဖွေမိပါသည်။ တွေ့မယ် တွေ့တော့လည်း ကပ်သီလေး လွဲချော်သွားပြန်ပါသည်။

တစ်နေ့တော့ ဒီကောင်လေးကို သူ တွေ့ကိုတွေ့ရမယ်လို့ ယုံ ကြည်နေခဲ့သည်။ ဦးရဲထက် စိတ်လျှော့လိုက်ကာ သူ့ရဲ့ ကားပါကင် ရပ်ထားရာကို လျှောက်လာခဲ့ပါသည်။

ကားထဲမှာ သူ့ဒရိုင်ဘာ ကိုအေးက သူ့ကိုမြင်တော့ ကားတံခါး အသင့်ဖွင့်ပေးပါသည်။ သူက တံခါးဖွင့်ကာ ဝင်ထိုင်တော့ ...





"ဘယ်ကို ဆက်မောင်းရမလဲ ဆရာ"

"ကုမ္ပဏီပဲ မောင်းဗျာ ကိုအေး"

"ဟုတ်ကဲ့"

ကိုအေးက ကားရှင်းမရှင်းကြည့်ပြီး ကားကို မောင်းထွက်လာခဲ့ ပါသည်။

"ခုနက ဟိုတစ်ခါ ကျွန်တော့်ကို ဆေးခန်းပို့ပေးတဲ့ ကောင်လေး ကို တွေ့လိုက်တယ် ကိုအေး၊ မင်းယံဆိုတဲ့ ကောင်လေးလေ"

"ဟုတ်လား ဆရာ၊ ဆရာ့ကို သူ ဘာပြောသေးလဲ"

"တွေ့တော့ တွေ့လိုက်တယ်၊ သူက တက္ကစီတစ်စီး ပေါ်တက် သွားတော့ ကျွန်တော် လှမ်းခေါ်ပါသေးတယ်၊ ချာတိတ်က မကြား လိုက်ဘူးဗျ..၊ ကပ်လွဲလေးဗျာ"

"ဆရာကလည်း ဒီကလေးကို သိပ်တွေ့ချင်နေတယ်နော်"

"တွေ့ချင်တာပေါ့ဗျာ..၊ ဒီကလေး ကျေးဇူးကြောင့် ကျွန်တော် မသေတာ ကံကောင်း"

"ဟုတ်တယ် ဆရာ.. ဆရာ အိပ်ပျော်နေတုန်းက အခြေအနေ ဘာမှန်းမသိတော့ ကျွန်တော်လည်း ကောင်လေးရဲ့လိပ်စာကို မမေး မိလိုက်ဘူး။ ကောင်လေး ပြောပုံအရတော့ ဗိုဒီယိုခွေငှားတဲ့ဆိုင် ဖွင့်ထားတယ်လို့ ပြောတာပဲ"

ဦးရဲထက် သက်ပြင်းရှိုက်ရင်း ခေါင်းညိတ်ပြပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"ဟုတ်တယ် .. ကျွန်တော့်ကိုလည်း ခေါ်တာ ပြောပြပါတယ်"

ဦးရဲထက် အပြင်ရှုခင်းကို ငေးကြည့်ပြီး လိုက်ပါလာခဲ့ပေမယ့် သူ့ခေါင်းထဲမှာ ကုမ္ပဏီက ဖြန့်ဝေရောင်းချမယ့် ပစ္စည်းတွေအတွက် ကြော်ငြာအသစ် တိုးချဲ့မယ့် ရှိုးရှုန်းကိစ္စတွေ ခေါင်းထဲမှာ အစီအရီ သက်ဟာန်ကတော့ ဟိုတစ်ခါ သူသွေးတိုးကတည်းက အလုပ်တွေကို မန်နေဂျာကို လွှဲထားပြီး မင်း ခဏ အနားယူဖို့ ကောင်းသည်ဟု အကြံပေးဖူးသည်။

သူကိုယ်တိုင်လည်း နားမယ် .. နားမယ်နှင့် ယနေ့အထိ နားချိန် အခွင့်အရေး မရခဲ့..။

ကုမ္ပဏီကိုရောက်တော့ သူ ရုံးခန်းထဲကိုသွားတော့ သူ့ရဲ့ အတွင်းရေးမှူးမလေး စန္ဒီက ...

"ဆရာ ခုနက အန်ကယ်နိုင် ဖုန်းဆက်ပါတယ်..၊ ဆရာ မရှိဘူးဆိုလို့ ပြန်ရောက်ရင် ဖုန်းပြန်ဆက်ပါလို့ ပြောသွားပါတယ်"

စန္ဒီ စကားဆုံးတော့ သူ ခေါင်းညိတ်ပြရင်း ...

"နောက် ဘာထူးသေးလဲ စန္ဒီ"

စန္ဒီက ပစ္စည်းအဝင်အထွက် အခြေအနေတွေ ရှင်းပြပါသည်။ တစ်ပတ်တစ်ခါ ရုံးတွင်းအစည်းအဝေးတွေရဲ့ အကြောင်း၊ ပစ္စည်းအဝင်အထွက်တွေရဲ့ အခြေအနေတွေကို အသေးစိတ် ရှင်းပြပါတယ်။





စန္ဒီ ထွက်သွားပြီးမှ သူ ကိုကြီးနိုင်ဆီ လှမ်းဖုန်းဆက်ပါသည်။ ကိုကြီးနိုင်ဆိုတာက အစ်ကိုတစ်ယောက်လို ခင်မင်ပြီး လုပ်ငန်းချင်းလည်း ဆက်စပ်နေတာကြောင့် ပိုလည်း ခင်မင်သည်။ ပြီးတော့ သူ့ကို ညီရင်းသားရင်းလို အကြံဉာဏ်ကောင်းတွေ ပေးနေကြ..။

"ဟုတ်ကဲ့ Neဝ ကုမ္ပဏီက ဦးနိုင်မင်းဦးနဲ့ တွေ့ချင်လို့ပါ၊ အခု ပြောနေတာ ဘယ်သူလဲ..၊ ခွေခွေလား .. အေး .. ဟုတ်တယ်"

ခဏနေတော့ ဖုန်းချိန်းပေးပါသည်။

"ကိုကြီးနိုင် ကျွန်တော်ပါ..၊ ဟုတ်တယ် ကိုကြီးနိုင်၊ ကျွန်တော် ခုန ဘဏ်ငွေသွားလွှဲနေလို့၊ ဪ ... ညနေ ဆုံမယ်လေ၊ ဟုတ်ကဲ့ သက်ဟာန်ကို ကျွန်တော် ဖုန်းဆက်လိုက်မယ် ကိုကြီးနိုင်၊ ဟုတ်တယ် .. ကျွန်တော် ကုမ္ပဏီကြော်ငြာတစ်ခု လုပ်မလို့ စဉ်းစားထားတယ်၊ မလုပ်ရသေးပါဘူး ကိုကြီးနိုင်ရာ၊ ဘယ်သူ့ကိုအပ်လို့ ဘယ်သူနဲ့ရိုက်ရမှန်းတောင် မသိသေးဘူး၊ နောက် အေးအေးဆေးဆေးမှပဲ စဉ်းစားတော့မယ်၊ ဟုတ်ကဲ့ ... ညနေမှ တွေ့မယ် ကိုကြီးနိုင် ဒါပဲ"

ကျွန်တော် ဖုန်းပိတ်ပြီး သက်ဟာန်ဆီ ညနေ ကိုကြီးနိုင်နဲ့ ဆုံကြမယ့်အကြောင်း အကြောင်းကြားလိုက်ပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"ဟဲ့ .. မင်းမင်း .. နင် မော်ဒယ်ကောင်မလေးတစ်ယောက်နဲ့ ကြိုက်နေတယ်ဆို .. ဘယ်ကောင်မလေးလဲ"

မင်းယံ ရှက်ရှက်နှင့်ရယ်တော့ မနွယ်နီက ပြုံးစေ့စေ့၊ အန်တီဝေက မင်းယံ ပုံစံကြောင့် ...

"ငါ့တူလေးက ခပ်အေးအေးလေး..၊ ဒါမျိုးတွေ ဝါသနာမပါဘူး ထင်ထားတာ၊ မင်းယံတို့က အလာကြီးဟေ့"

ကျွန်တော် ရှက်ကိုးရှက်ကန်းရယ်တော့ နိုင်ထူးက ရေခဲရည်ဘူး လှမ်းပေးရင်း ...

"မမ ဒီကောင်ကို ရအောင် မေး .. ဒီကောင်က အဲဒီကောင်မလေးအတွက်ဆို ရန်ကုန်မြို့ကို မန္တလေးမှာထားပြီး မန္တလေးမြို့ကို မကွေးမှာ ထားမယ့်ကောင်"

"အဲဒီလောက်လည်း မဟုတ်ပါဘူးကွာ၊ မြန်မာနိုင်ငံကို အာဖရိကတိုက်မှာ သွားထားရုံလောက်ပါ"





ကျွန်တော့်စကားကြောင့် အားလုံးက ရယ်ကြပါသည်။ မနွယ်နီက ကျွန်တော့်ပခုံးကို လှမ်းရိုက်ရင်း ...

"ဟဲ့ .. ကောင်လေး ပြောလေ .."

"ပြောပါ့မယ် မနွယ်နီရာ .. နာမည် သိပ်မရသေးပါဘူး။ အခုမှ ကြိုးစားရုံပဲ ရှိတယ်၊ ကျွန်တော်နဲ့ တစ်ရပ်ကွက်တည်း သူငယ်ချင်းဆင်းရဲတယ်"

"ဟဲ့ .. မော်ဒယ် မဆင်းရဲရဘူးလို့ ရှိလို့လား..၊ ကြိုးစားရင် နေရာရပါတယ်"

"ဘာလဲ .. ဘတ်(စ်)ကားပေါ်မှာလား"

နိုင်ထူးက လှမ်းစ,တော့ ရယ်မိကြပါသည်။

"သူ့နာမည်က နွေဦးဇော်"

မနွယ်နီက မျက်ခုံးတွန့်ရင်း ...

"နွေဦးဇော် .. ဟဲ့ .. ဟို တီဗွီကြော်ငြာမှာ သူ ပါတယ်လေ..၊ မော်ဒယ်လေးယောက်အုပ်စုထဲက တစ်ယောက်လား။ မျက်လုံးမျက်ခုံး အတော်လှတဲ့ ကောင်မလေးလေ"

"ဟုတ်တယ် မနွယ်နီ"

"ဟဲ့ .. ငါတို့နဲ့ မိတ်ဆက်ပေးလေ..၊ နေဦး .. နင့်ကောင်မလေးရဲ့ အိုင်နာက ဘယ်သူလဲ"



www.burmeseclassic.com1

www.burmeseclassic.com



မနွယ်နီအမေးကြောင့် ကျွန်တော်က ရယ်တော့ ...

နိုင်ထူးက သူ့အစ်မကို လှမ်းပြောသည်။

"ဟာ!... မမကလည်း သူ့ကောင်မလေးက ဘယ်ဒီနိုင်နာ ရှိမှာလဲ၊ ဒီလိုပဲ ကြိုဖန်ဝယ်ဝတ်ရတာပေါ့၊ အေကျင်စီကတော့ ပွဲအတွက် အဆင်ပြေတယ်လေ"

မနွယ်နီက အေကျင်စီနာမည်မေးတော့ သူ ရှက်ပြုံးလိုက်ပါသည်။

"ဪဆီ ခေါ်လာခဲ့လေ၊ ဒီကောင်မလေး အချိန်မကျသေးလို့ပေါ့၊ အောင်မြင်မှာ ငါ သိတယ်၊ ငါလည်း တတ်နိုင်သလောက် ကူညီမယ် မင်းယံ"

မနွယ်နီစကားကြောင့် နိုင်ထူးက ခပ်တိုးတိုး လှမ်းပြောပါသည်။

"ဟော့ကောင် မမ သဘောကောင်းတုန်း ခေါ်ခဲ့လိုက် .. မင်းကောင်မလေး အဆင်ပြေဖို့ ကျိန်းသေတယ်"

မနွယ်နီ သဘောကောင်းတာ ကျွန်တော် သိနေသည်မို့ မနွယ်နီ နွေဦးကို ကူညီမှာ ယုံကြည်ပါသည်။





"တကယ် .."

ဝမ်းသာအားရ ပြောလိုက်တဲ့ နွေဦးစကားကြောင့် ကျွန်တော်က အပြုံးနှင့် ခေါင်းညိတ်ပြပါသည်။

နွေဦး ဝမ်းသာအားရနှင့် လက်ခုပ်လေးတီးပြီး ခေါင်းမော့လိုက်ပုံက ကျွန်တော့်ရင်ကို နွေးထွေးသွားစေသည်။

"မနွယ်နီတို့ဆိုင်က အရမ်းအောင်မြင်တာဟ၊ သူ့ဒီဇိုင်းလေးတွေက အရမ်းခေတ်မီပြီး အာရှဆန်တယ်ဟ..၊ ပြီးတော့ အရမ်းဆန်းတယ်လေ၊ နေပါဦး .. အဲဒီ မနွယ်နီဆိုတာ နင်တို့ကို ဆိုင်ဖွင့်ပေးတဲ့ နိုင်ထူးဆိုတဲ့ နင့်သူငယ်ချင်းရဲ့ အစ်မလား"

"အင်း .."

သူတို့စကားနေကြစဉ် မင်းယံရဲ့မေမေက သူမ ကြိုးစားနှစ်သက်တဲ့ လက်ဖက်သုပ်ချဉ်စပ်ကို လာချပေးရင်း ...



www.burmeseclassic.com1

www.burmeseclassic.com



"သမီး နွေဦး .. သမီးမေမေရော နေကောင်းလား။ ဒီဘက်လာပါဦးလို့ ခေါ်လေး မှာလိုက်တယ်လို့ ပြောလိုက်ဦးနော်"

"ဟုတ်ကဲ့ ကြီးကြီး"

မေမေနှင့် နွေဦး စကားပြောနေကြစဉ် ဒီမေမေက လမ်းမပေါ်ကို လှမ်းကြည့်ရင်း ...

"သား အိမ်ရှေ့မှာ ရပ်တဲ့ကားက မောင်နိုင်ထူး ကား ထင်တယ်"

ကျွန်တော် လှည့်ကြည့်တော့ နိုင်ထူး ကားပေါ်က ဆင်းလာပါသည်။

"အတော်ပဲ .. နင်နဲ့ မိတ်ဆက်ပေးမယ်"

နိုင်ထူးက အိမ်ပေါ် တက်တော့ ...

"လာ .. နိုင်ထူး"

နိုင်ထူးက ကုလားထိုင်မှာ ဝင်ထိုင်ရင်း နွေဦးကို မသိမသာ ကြည့်ကာ ...

"ဟေ့ကောင် .. မင်း မနေ့က ခွေလာငှားတဲ့ ကောင်မလေးကို အီစီကလီ သွားလုပ်တယ်ဆို"

နွေဦးက နိုင်ထူး ပြောပုံကြောင့် မင်းယံကို မျက်မှောင်ကြုတ် ကြည့်သည်။ မင်းယံ သိလိုက်ပါပြီ၊ နွေဦးတော့ နိုင်ထူးရဲ့ ဗျူဟာထဲ စွန်ဆင်းမိပြီ ဆိုတာကို..။

"ငါက ဘယ်ကောင်မလေးကို အီစီကလီ သွားလုပ်လို့လဲ"

နိုင်ထူးက ခပ်တည်တည် မင်သေသေနှင့် ...





"မင်း ခုမှ မုန်လာဥတွေ .. ကြက်သွန်ဥတွေ လာလုပ်မနေနဲ့ မင်းယံ၊ မင်းပြောတုန်းက မျက်နှာက ပြုံတီတီနဲ့..၊ သီချင်းတောင်ဆို လိုက်သေးတယ်၊ ဘာတဲ့ .. မင်းလေးနားလည် ××× အကြင်နာ ငဲ့ ချစ်ခြင်းများ ဘာညာနဲ့"

"ဟေ့ကောင် ငါ မဆိုဖူးပါဘူး"

"မင်း .. ယံ"

နွေဦး နှုတ်ခမ်းကိုက်ပြီး အော်တော့ ...

"မဟုတ်ဘူး နွေဦးရဲ့ .. ဒီကောင် .."

"အခုမှ ဘာဒီကောင်တွေ ဟိုကောင်တွေ လုပ်မနေနဲ့..၊ ကြည့်တော့ မသောက်တတ်တဲ့ ခွက်ပုန်းသမား"

နိုင်ထူးက တခွိုးခွိုးနှင့် လိုက်ရယ်သည်။ ပြီးမှ ...

"အလကား စတာပါဟာ..၊ ငါ အိမ်ပေါ် တက်လာကတည်းက မင်းယံရဲ့ ကောင်မလေး နွေဦးမှန်း ငါ သိသားပဲ"

"အဲလိုလေး ရှင်းပြစမ်းပါကွာ၊ ဒီမယ်ဖုရားက ထစ်ခနဲဆို စိတ်ကောက်တတ်တာ၊ သူစိတ်ကောက်ရင် စာမျက်နှာ ငါးရာကျော် လောက် ချော့နည်းပေါင်းစုံနဲ့ ချော့ရတာကွ"

နွေဦးက ရှက်ရှက်နှင့် သူ့ကျောကိုကွယ်ကာ ကျိတ်ရယ်သည်။ နိုင်ထူးက နွေဦးကို ပြုံး၍ ...

"ကျွန်တော့်နာမည် နိုင်ထူး၊ မင်းယံရဲ့ သူငယ်ချင်းပါ နွေဦးဗော်"



www.burmeseclassic.com1

www.burmeseclassic.com



"ဟုတ်ကဲ့ .. တွေ့ရတာ ဝမ်းသာပါတယ် ကိုနိုင်ထူး"

"မနွေဦးကို ..."

"နွေဦးလို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါ နိုင်ထူး"

"ဟုတ်တယ်ဗျာ..၊ အဲဒါမှ ရင်းနှီးသလိုရှိတာ၊ ဒါနဲ့ နွေဦးကို ဒီကောင်ပြောပြီးပြီလား၊ ကျွန်တော့်အစ်မက နွေဦးကို ခေါ်နိုင်းတာလေ"

"ဟုတ်ကဲ့ .. မင်းယံ ပြောပါတယ် နိုင်ထူး"

"ဒါနဲ့ နွေဦးက ကြော်ငြာဘယ်နှစ်ခုလောက် ရှိပြီလဲ"

သူမက ရှက်ရယ်ရယ်ရင်း လက်ညှိုးတစ်ချောင်းထောင်ပြကာ..

"တစ်ခု .. အဲဒါကလည်း လေးယောက်ပေါင်း ကြော်ငြာတစ်ခုပါ။ လယ်ယာသုံးပစ္စည်း ကြော်ငြာလေ.."

"သြော် ... အဲဒီကြော်ငြာ တွေ့ဖူးတယ်"

နွေဦးက ခေါင်းညိတ်ပြပြီး ...

"ဝေါလ်ရှိကြော်ငြာကတော့ .. အင်း ... ငါးခုရှိပြီ"

သူမက ကြော်ငြာတွေကို ရွတ်ပြပါသည်။

"အင်း .. တက်သစ်စဆိုတော့ ဒီလောက်ကြော်ငြာဆိုတော့ မဆိုးပါဘူး။ ကဲ .. မင်း ဆိုင်လိုက်မှာလား"

"အင်း ... လိုက်မယ်"

နိုင်ထူးက ဦးထုပ်ဆောင်းလိုက်ရင်း...



"အားရင် နွေဦးပါ လိုက်ခဲ့လေ"

နွေဦးက အပြုံးနှင့်ခေါင်းခါပြရင်း...

"မလိုက်တော့ပါဘူး။ အိမ်မှာ အလုပ်ရှိသေးတယ်"

"ဒါဆိုသွားမယ်နော်..၊ သြော် .. ဒီရက်ပိုင်း အားတဲ့ရက် မင်းယံနဲ့ အိမ်ကို လာခဲ့လေ"

"ဟုတ်ကဲ့"

မင်းယံ နွေဦးကို နှုတ်ဆက်ကာ မေမေ့ကို လှမ်းအော်ရင်း ချိတ်မှာ ချိတ်ထားတဲ့အိတ်ကို ယူကာ နှစ်ယောက်အတူ ထွက်လာပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"**အင်း** ... နွေဦးက အပြင်မှာတောင် ပိုချောနေတယ်"

"ဒီလောက်လည်း မဟုတ်ပါဘူး မမနွယ်နီရယ်"

မနွယ်နီက နွေဦး ကိုယ်လုံးကိုယ်ပေါက်ကို ကြည့်ရင်း...

"နွေ့ကိုယ် အချိုးအစားကတော့ အိုကေပဲ..၊ နွေဦး ရှိုးပွဲတွေ ရှိရင် မနွယ်နီကို ပြောလေ..၊ မနွယ်နီ ဝတ်စုံ အလကားချုပ်ပေးမယ်၊ ဝိတ်စဖိုးက နွေဦး ပေးပေါ့"

"ကျေးဇူးပဲ မမနွယ်နီ"

နွေဦးက မနွယ်နီရဲ့ဆိုင်ခန်းကို ကြည့်ပြီး...

"မနွယ်နီဆိုင်က တော်တော်ကျယ်တာပဲနော်..၊ ဒါနဲ့ မနွယ်နီ ဆိုင်မှာ အခု နာမည်ကြီးနေတဲ့ မော်ဒယ်လ် နှင်းပွင့်ဖြူတို့ အမြဲမိရို တို့ လာအပ်တယ်ဆို .."

မနွယ်နီက အပြုံးနှင့် ခေါင်းညိတ်ပြပါသည်။



"အင်းလေ .. မနွယ်နီနဲ့ ရင်းနှီးတဲ့အသိုင်းအဝိုင်းက အခွင့်အရေး ပေးရင် ညီမလေး အဆင်ပြေအောင် မနွယ်နီ ပြောပေးပါ့မယ်"

မနွယ်နီရဲ့စကားကြောင့် နွေဦး ကျေနပ်အားရတဲ့မျက်ဝန်းအပြုံးတွေနှင့် မင်းယံကို ကြည့်မိသည်။

မနွယ်နီ ဘေးကနေ သူတို့နှစ်ယောက်ကိုကြည့်ပြီး ပီတိဖြစ်မိပါသည်။

နိုင်ထူးက ကျေနပ်ပီတိနှင့် ငေးကြည့်နေတဲ့ သူ့အစ်မကို စချင်တာကြောင့်...

"မင်းယံရေ .. မင်းတို့နှစ်ယောက်ကိုကြည့်ပြီး ငါ့အစ်မလည်း အားကျနေပြီထင်တယ်"

"ဒီကောင်လေးကတော့လေ ငါ့ပဲ လိုက်ရနေတယ်"

မနွယ်နီက ရှက်ကိုးရှက်ကန်းနှင့် ပြောပါသည်။

"ဒါဆို .. ကျွန်တော်တို့ ပြန်ပါဦးမယ် မမနွယ်နီ၊ နွေဦးကို ကျွန်တော် သင်တန်း လိုက်ပို့ပေးရဦးမယ်"

"အေး .. အေး နွေဦးအားရင် မမဆီလာခဲ့၊ ဘာမှအားမနာနဲ့"

"ဟုတ်ကဲ့ မမနွယ်နီ"

"ငါ လိုက်ပို့ပေးမယ်လေ"

"နေ .. နေ ရတယ် နိုင်ထူး၊ ငါလည်း ၃၅ လမ်း သွားရဦးမှာ"

မင်းယံစကားကြောင့် နိုင်ထူး ခေါင်းညိတ်သည်။

www.burmeseclassic.com1

www.burmeseclassic.com



"သွားဦးမယ်နော် နိုင်ထူး"

"ဟုတ်ကဲ့ .. နွေဦး"

မင်းယံနှင့် နွေဦး ထွက်သွားပြီး သိပ်မကြာလိုက်ပါဘူး ဦးရဲထက်ရဲ့ကားလေး ဝင်လာပါသည်။

နိုင်ထူးက ခြံထဲဝင်လာတဲ့ ကားလေးကို လှမ်းကြည့်ပြီး...

"ဟော... အန်ကယ်ရဲပါလား"

နိုင်ထူး ကားဆီသို့ လျှောက်သွားရင် ကားတံခါးဖွင့်ဆင်းလာသော ဦးရဲထက်ကို အပြုံးနှင့် ပြောမိပါသည်။

"ဒယ်ဒီ ရှိတယ် အန်ကယ်"

"မင်း ဘယ်မှမသွားဘူးလား နိုင်ထူး"

"သွားမယ် .. နေ့လယ်လောက်မှ အန်ကယ်"

အန်ကယ်ရဲက မေနှယ်နီကို လက်လှမ်းပြနှုတ်ဆက်ကာ အိမ်ထဲ ဝင်သွားပါသည်။

[ ၆ ၃ ၆ ]





ခြံထဲကို ကားကိုကွေ့ဝင်တော့ ညစာစားပွဲက လူတော်တော်နဲ့နေပြီ။ သက်ဟန်က ကားပေါ်က မဆင်းခင်...

"လူက အတော်များသားပဲ"

"ကိုမိုးဇော်လွင်က လူပေါင်း အတော်ခံတယ်လေကွာ.၊ သိတဲ့ ...တိုင်း အပြင်မိတ်ဆွေရော စီးပွားရေးအသိုင်းအဝိုင်းက လူတွေနဲ့ပါ ဆိုတော့ ပရိသတ်က များပြီလေ"

ကားတံခါးမှန်တွေကို တင်ရင်း ရဲထက်က ပြောပါသည်။

"သူ့သမီးတစ်ယောက်က မော်ဒယ်ဆို .."

"အေး ... ကေရိတဲ့၊ နာမည်တော့ နည်းနည်းရတယ်ဆိုပဲ"

"သူက ဘာလို့ အများကြီး မတောင်းတာလဲ"

ရဲထက် အနောက်အချွတ်ကြောင့် သက်ဟန်က ရယ်သည်။

သူတို့နှစ်ယောက် ညစာစားပွဲထဲရောက်တော့ ကိုမိုးဇော်လွင်က ဧည့်သည်တွေနဲ့ မတ်တတ်ရပ် စကားပြောဧည့်ခံနေရာမှ နောက်လှမ်း ကြည့်ကာ...



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ .. ခင်ဗျားတို့က နောက်ကျနေပါလား ကိုရဲ

သက်ဟန်က ကိုမိုးဇော်လွင်စကားကြောင့် ခပ်တည်

နောက်နေပါသေးသည်။

"နောက်ကျဆို ရဲထက်က သူ့မိန်းမနဲ့ သားသမီးတွေ

ဝေယျာဝစ္စ လုပ်ပေးနေရသေးတယ်ဗျ"

သက်ဟန်စကားကြောင့် ကိုမိုးဇော်လွင်က သူ့ဝသိ

တဟားဟားနှင့် အော်ကျယ်ဟစ်ကျယ် ရယ်ပါသည်။

"ဟိုမှာ .. ကိုညိုလွင်ဦးတို့တောင် ရောက်နေပြီ ဒါနဲ့ ကို

ရော ဘာလို့မပါတာလဲဗျ"

သက်ဟန်က ဖြေပါတယ်။

"ကိုကြီးနိုင် များနေလို့ဗျ၊ ညှော်ခံပွဲမတတ်နိုင်လို့ ခင်

တောင်းပန်ပါတယ်တဲ့"

"ဟာ .. ရပါတယ်ဗျာ၊ကျန်းမာရေးက အဓိကပါဟာ၊ ကို

ကြည့်ရတာ မိန်းမအပြုအစု အယုအယခံချင်လို့ တမင်များ

မယ်ဗျ"

"ဖြစ်နိုင်တယ်ဗျ"

"ကဲ .. ကိုညိုလွင်ဦးတို့ဆီ သွားလိုက်ဦး၊ ခုန ခင်ဗျားတို့

နေတယ်"

သူနဲ့ သက်ဟန် ကိုမိုးဇော်ကို နှုတ်ဆက်ပြီး ကိုညိုလွင်တို





ခဲ့ပါသည်။ တခြားဝိုင်းက စီးပွားဖက် မိတ်ဆွေ အပေါင်း

တွေက လှမ်းနှုတ်ဆက်ပါသည်။

ညိုလွင်တို့ ဝိုင်းကို ရောက်တော့ ဝိုင်းထဲမှာ ကိုညိုလွင်တို့နှင့်

အောင်ချို၊ ကိုမြင့်အောင်ထွေးတို့လည်း ရှိနေပါသည်။

ကျလိုက်တာဗျာ"

ကျဆို ရှင်မြီးအကျီက ပျောက်နေလို့ အတွင်းခံ ဝတ်

လေ"

ဟန်စကားကြောင့် ကိုမြင့်ထွေးက ရယ်ကျဲကျဲနှင့် ...

စားဆို ခင်ဗျား အစုတွေနေတာ မော်ဒယ်ဂဲလ်တွေလေ၊

သမီးက မော်ဒယ် ကေရိတဲ့"

တော်လည်း သတိပြုမိပါသည်။ အခုခေတ်မိန်းကလေးတွေ

ကိုယ်ကိုလှပဖို့အတွက် ပြင်တတ်ဆင်တတ်ပုံ သတိပြုမိသည်။

လူ .. သိပ်ကြည့်မနေနဲ့ အရွယ်လည်းကောင်းတုန်း တိုက်

လုပ်မနေနဲ့ ခင်ဗျား မြင်နေရတဲ့ တစ်ယောက်ယောက်ကို

ဆောက်လိုက်ပါလား"

အောင်ချိုက ရဲထက်ကို ရည်ရွယ်ပြီးပြောတော့ ရဲထက်မျက်

ာ ပမုံးတွန့်ပြတော့ ရယ်ကြပါသည်။

တော့ ပြောမနေနဲ့ ကိုအောင်ချို၊ 'မ'ဆိုရင် မိုက်မိုက်မဲမဲ

တတ်ဝံ့ရတယ်"

www.burmeseclassic.com1

www.burmeseclassic.com



"အတွေ့လေးရယ်မှ အိုမကြီးလို့ပါဗျာ၊ နောက်မှ မောင်ကြီးတင်

ဆိုပြီး ထိုင်မရ သိမ်းမရဖြစ်နေမှ အခက်"

ဒီညတော့ သူ့ကို ရည်ရွယ်ပြီး စကားဝိုင်းက ပြေထင်တယ်

ရဲ့ထက် တွေးမိကာ ပြုံးမိပါသည်။

"ပျော့လှ ခင်ဗျားကို အန်ကယ် ဖော်မင်း လှမ်းခေါ်နေတယ်"

ကိုညိုလွင်က လက်တို့ပြီး မေးငေါ့ပြတော့ ကျွန်တော်လှမ်းကြ

သည်။ အန်ကယ်နိုင်တို့နဲ့ တစ်ဖွဲ့တည်းက အန်ကယ်ဖော်မင်း

လက်လှမ်းပြပါသည်။ ကျွန်တော်လည်း မတ်တတ်ရပ်ပြီး...

"ကျွန်တော် သွားနှုတ်ဆက်လိုက်ဦးမယ်"

ကိုအောင်ချို့က ရယ်ကျဲကျဲနှင့် နေပါသည်။

"ကြည့်ရတာ အန်ကယ်ဖော်မင်း ခင်ဗျားကို သူ့သမီး အိုးဝေ

ကြီးနဲ့ သဘောတူပုံရတယ်"

"ဖွဟဲ့ .. မဦးမချွတ်ဗျာ"

ကျွန်တော်ရဲ့ ကြောက်ကြောက်လန့်လန့် ငြင်းဆန်သံကြော

အားလုံးရယ်ကြပါသည်။

အန်ကယ်ဖော်မင်းရဲ့ တစ်ဦးတည်းသောသမီး ဒါလီဖော်

က နည်းတဲ့နွားကိုယ် မဟုတ်၊ သရုပ်ဆောင် ပွင့်နှင့် မတိမ်းမယ

ပါပဲ။ ကျွန်တော် အန်ကယ်ဖော်မင်း ဝိုင်းကို ကူးပြီး ...

"အန်ကယ် နေကောင်းလား"





အန်ကယ်ဖော်မင်းကလည်း ပျော်ပျော်သဘား...

"ဟာ .. မင်းနှုတ်ဆက်တာကလည်း ဆေးရုံနဲ့ သင်းနေပါလား

ကွ။ ဒါနဲ့ မင်းတို့အစ်ကိုကြီးရော .."

"အန်ကယ်နိုင် ဖျားနေတယ် အန်ကယ်"

"မင်းတို့ အစ်ကိုကြီးကလည်းကွာ မတည့်တဲ့အစာ သွားစားလို့

ဖြစ်လိမ့်မယ်"

"ဘာအစားအစာလဲ အန်ကယ်"

"KTV နဲ့ ကောင်မလေးကို သွားတွဲစားမိလားမှ မသိတာ"

အန်ကယ်ဖော်မင်းစကားကြောင့် အန်ကယ်နှင့် ထိုင်နေသူတွေ

ထပါ ရယ်ကြပါသည်။ အန်ကယ်နဲ့ လာကြောင်းမာကြောင်း စကား

ဆိုပြီးတော့ နှုတ်ဆက်ကာ သူ့ဝိုင်းကို သူပြန်အကူးမှာ ...

"အို!... ဆောရီး"

"ရတယ် .."

မတော်တဆ ထိခိုက်မှုလေးက သူ့ရင်ဘတ်က အင်္ကျီအဖြူပေါ်

တို့ စပိုင်ခိုင်တွေ ရွှဲနစ်စေပါသည်။ သူ့ကို တိုက်မိတဲ့ကောင်မလေးက

ပျာယာသံနှင့် အားနာဟန်...

"မတော်လို့ ကန်တော့နော် အန်ကယ်..၊ ကျွန်မကိုယ်တိုင်က

နမော်နမဲ့နိုင်တာပါ"

ကောင်မလေးက တိုက်မိတဲ့ ဖန်ခွက်ကို နီးရာစားပွဲပေါ်သို့ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ရင်း သူမရဲ့လက်ကိုင်ပဝါလေးနှင့် သူ့ရင်ဘတ်ကိုသုတ်ပေးပါသည်။

"ရပါတယ်ကွာ .. ကိုယ်လည်း တစ်ဖက်ကို အာရုံစိုက်သွားတာ မင်းလာတာ မမြင်မိဘူး"

"ဟဲ့ .. ဘာဖြစ်တာလဲ နွေဦး"

သူမတို့အရွယ် သွက်သွက်လက်လက် ကောင်မလေးတစ်ယောက်က သူတို့နှစ်ယောက်အနားသို့ ရောက်လာရင်း မေးပါသည်။ ကောင်မလေးက အားနာဟန်မျက်နှာမှာ အထင်အရှား...။

"ဟိုလေ .. ငါနဲ့တိုက်မိပြီး ဒီက အန်ကယ်လ်အင်္ကျီကို စိုင်ဝိုင်တွေ စွန်းသွားလို့"

ကောင်မလေးက မျက်လုံးပြူးပြရင်း တိုးတိုးကျိတ်ကျိတ်ပြောပါသည်။

"နင်ကတော့ ဖြစ်ရမယ် နွေဦးရယ် .."

နွေဦးလို့ အခေါ်ခံရတဲ့ ကောင်မလေးက သူ့ကို မရဲတရဲ မော့ကြည့်ပါသည်။

"ဒီက အန်ကယ်က ဒယ်ဒီမိတ်ဆွေ ဦးရဲထက် ထင်တယ်"

"ဟုတ်ကဲ့ .. ကျွန်တော် ရဲထက်ပါ"

"ကျွန်မနာမည် ကေရီ"

"ဪ ... မွေးနေ့ရှင်ပေါ့"

"ဟုတ်ကဲ့ ကျွန်မက အရှင်ပါပဲ၊ အသက်ကတော့ ရှုံးသေးတယ်"





ကောင်မလေးက ရင်းနှီးဟန်ပြပြီး နွေဦးဆိုတဲ့ ကောင်မလေးကို မိတ်ဆက်ပေးတော့...

"ဒါက ကျွန်မသူငယ်ချင်း နွေဦးခော်တဲ့"

ကောင်မလေးကို ကျွန်တော် အနေမခက်အောင် ပြုံးပြီး ခေါင်းငြိမ့်ပြမိပါသည်။

"ကျွန်တော် သွားလိုက်ပါဦးမယ်၊ သူငယ်ချင်းတွေ စောင့်နေလို့"

ရဲထက် နှုတ်ဆက်ပြီး ထွက်သွားတော့ ငေးကြည့်နေတဲ့ နွေဦးကို ကေရီက ပြုံးစစနှင့်...

"နွေဦး အဲဒီပုဂ္ဂိုလ်က စီးပွားရေးသမား ကုမ္ပဏီပိုင်ရှင်၊ ငယ်ငယ်လေးပဲ ရှိသေးတယ်နော်"

"ဒါက ဘာလုပ်ရမှာလဲ"

နွေဦးက ခပ်ရှက်ရှက်နှင့်ပြောတော့ ကေရီက ရယ်ချင်တာကြောင့်...

"ဘာလုပ်ရမလဲဆိုတော့ ချက်စားလို့ ရတာပေါ့၊ ဥပမိရုပ်က ချောမောင်းသားကျနေတာပဲ၊ လူပျိုတော့ မဟုတ်ဘူးဟ၊ မုဆိုးဖို..."

"ဪ ဦးအောင်ဖေယျပေါ့"

"ဒယ်ကလာ ရန်ကြီးအောင် ကုန်းဘောင်ရဲ့ ပေါ့"

နှစ်ယောက်သား သဘောကျစွာ ရယ်မိပါသည်။ ရဲထက် ဒီနေ့မှာ ပြန်ထိုင်တော့ အဖြစ်အပျက်တွေကို သတိပြုမိပုံရတဲ့ မိတ်ဆွေတွေက ပြုံးစစ၊ သူကတော့ သူမပေးခဲ့တဲ့ လက်ကိုင်ပဝါနှင့်



www.burmeseclassic.com1

www.burmeseclassic.com



ရင်ဘတ်မှာ ကပ်နေတဲ့အစွန်းကို ကြိုးစားတိုက်နေပါသည်။

"အင်း .. ဒဏ်ရာရဲ့အတိမ်အနက်ကတော့ ခန့်မှန်းရခက်တယ်ဗျ"

ကိုအောင်ချိုစကားက သူ့ကို ရည်ရွယ်မှန်း သိသည်။

"နောင်တစ်ချိန်မှာ တင်စာမော်ရဲ့ စွဲလမ်းမှုပြဿနာက ဒီညက စပြီ ထင်တယ်"

"ကိုယ့်လူ .. အတွေးမများနဲ့နော်၊ အမိုက်စားလေးဗျ ရွေးထား"

တစ်ယောက်တစ်ပေါက် ဝိုင်းနောက်နေတဲ့ ဒီအုပ်စုကြောင့် ကျွန်တော် မျှက်နှာရဲရဲနှင့်...

"ဟာဗျာ .. မတော်တဆပါဗျာ"

"အဲဒီ မတော်တဆကပဲ ကမ္ဘာပေါ်မှာ ကြီးကျယ်တဲ့အရာတွေ ဖြစ်လာတာပဲ"

သက်ပဓနကတော့ ပြုံးဖြီးဖြီးနှင့်...

"အိမ်ရောက်ရင် မိန်းမတော့ ပြောထားရမယ်၊ မိန်းမရေ .. လက်ဖွဲ့ ကြိုလုပ်ထားတော့လို့"

"တော်ကြပါတော့ဗျာ"

ကျွန်တော် ရှက်ရှက်နှင့် လှမ်းအော်တော့ တဟားဟားနဲ့ ပွဲကျလို့မဆုံး...၊ ကျွန်တော် မသိမသာ ခုနက နှင်းဦးဆိုတဲ့ ကောင်မလေး ရှိရာကို စိုးကြည့်တော့ ကေရီဆိုတဲ့ ကောင်မလေးက သူ့အုပ်စုနှင့် နှင်းဦးကို ဘာပြောနေသည် မသိ..၊ နှင်းဦးက ခေါင်းတခါခါ..။





"အပေါ်း .. လူကြီးပီပီ ကြိတ်ခိုးကြည့်လေဆိုတာ ဒါမျိုးဖြစ်မယ်"

အဲဒီညက သူတို့ဝိုင်းမှာ သူနဲ့ ခုနကကောင်မလေးကို တွဲလို့မဆုံး..။ အိမ်ရောက်တော့ ဘာမှမဖြစ်ဖူးလို့ ပြောနေပေမယ့် မျက်လုံးဝိုင်းဝိုင်းလေးတွေရယ် .. လက်ကိုင်ပဝါတစ်ထည်နဲ့ ရင်ဘတ်တွင် စွန်းပေနေတဲ့အကျီုဟာ ကျွန်တော့်ကို တစ်ညလုံး နှိပ်စက်နေခဲ့ပါသည်။

ဒါကို ဘယ်လိုခေါ်မလဲ အချစ်ပဲလား ..၊

စနီးသည် ထားထားနဲ့ လူကြီးတွေပေးစားလို့ ယူခဲ့ရပေမယ့် သူ့ ဒီလိုခံစားမှုမျိုး ဖြစ်ပေါ်မလာဘူးပါ။

မင်းသိပ်နှိပ်စက်လွန်းတယ် ရာတိတ်ရယ်..၊

ထုနှင့်ထည်နှင့် အလှမ်းက ဝင်မလာပေမယ့် သွေးအေးတဲ့ လူသတ်သမားလို ကျောချမ်းထိအောင် အလှမ်းက နှိပ်စက်နေတော့မှာ..။

ခုခံကာကွယ်ပိုင်ခွင့်မရှိတဲ့ အချစ်တွေ အဲဒီနေ့ကစ၍..။



www.burmeseclassic.com1

www.burmeseclassic.com



"နင်ကတော့ ဖြစ်ရမယ် .."

မင်းယံအပြောကြောင့် နွေဦး တခစ်ခစ်နှင့် သဘောကျစွာရယ်ည်။

"ပုံစံကတော့ အပြတ်မိုက်တယ်ဟ..၊ ခန့်ခန့်ညားညားပဲ၊ ဒီလူည်က ရဲ .. ဘယ်သူလဲဆိုဟာ မသိဘူး၊ ငါ မေ့သွားပြီ"

"နင် မကြွေသွားဘူးလား"

ကျွန်တော်က နောက်ပြောင်ပြောင်နဲ့ ပြောတော့ နွေဦးက နှာခေါင်းပြီး...

"ဘာမှ ကြွေစရာအကြောင်း မရှိဘူး၊ ငါတို့က အညာမိုင်ပြီးသားဘူး ..."

"ပြီးတော့ ဘာဖြစ်လဲ လုပ်ပါဦး"

"နင် ရှိနေရင် ငါ့ဘဝက ပြည့်စုံတယ်လေ"

"ဟုတ်ပါ့မလား"





သူမက အခုလိုပြောတော့လည်း ကျေနပ်ဟန်မရှိ၊ စူတူတူ နှုတ်ခမ်းလေးနဲ့ ကြည်လဲ့လဲ့ မျက်စောင်းလေး..။

"ဘာလဲ .. နင်က ငါ့ကိုလှောင်တာလား"

"ဟောဗျာ .. ကျုပ်က ဘာများပြောလို့လဲ ဒေါ်နွေဦးရဲ့"

"လူများ နလပိန်းတုံး မှတ်နေလို့လား .. နင် ငါ့ကို ဘာအဓိပ္ပာယ်နဲ့ပြောလည်း ငါ သိတယ်"

"နင်ကလည်းဟာ ချစ်လို့စတာပဲဟာ"

ပြောလည်းပြော သူမရဲ့လက်ဖဝါးလေးကို ဆုပ်ကိုင်တော့ သူမက မျက်လုံးအပြူးသားနှင့် သူမရဲ့ အိမ်အတွင်းဘက်ကို လက်နှင့်နောက်ပြန်ညွှန်ပြကာ...

"ဟေ့ .. ဟေ့ .. အတင့်မရဲနဲ့ ရဲဘော်၊ အိမ်ထဲမှာ ရန်သူရှိတယ်၊ သတိ .."

"အေးပါ .. ကိုယ့်လုံခြုံရေးကို ကောင်းကောင်း သတိထားနေ"

ကျွန်တော့်ရဲ့ ကြိမ်းဝါးမှုကြောင့် နွေဦးက လှှာတစ်လစ် ထုတ်ပြပါသည်။ နွေဦးက သူ့လက်မောင်းကို ခပ်နွဲ့နွဲ့ မှီရင်း...

"ငါတို့လည်း ဘယ်ဘဝက ကုသိုလ်ကံကြောင့် ဒီဘဝမှာ ပေါင်းဆင်းရဲနေပါလိမ့်မယ်"

"နင်က ဆင်းရဲတာကို ရောဂါတစ်ခုလို ကြောက်နေလို့လား နွေဦး"



www.burmeseclassic.com1

www.burmeseclassic.com



နွေဦးက အဓိပ္ပာယ်ပါပါ ပြုံးရင်း...

"ဆင်းရဲတာကို မကြောက်တဲ့သူ ရှိလား"

"ရှိတာပေါ့"

"ဘယ်သူလဲ .."

"အစ္စုးလေ"

နှစ်ယောက်သား သဘောကျစွာ ရယ်မိကြပါသည်။

"ဆင်းရဲတာကို လန့်ပေမယ့် ငါ မကြောက်ဘူး နွေဦး"

"နင့်စကားကလည်း ဘာစကားကြီးလဲ"

"မတူဘူးဟ..၊ ဆင်းရဲတာကို နည်းနည်းစိုးရွံ့တာတော့ မှန်တယ်၊ ငါ မကြောက်ဘူး နွေဦး .. ဒါ ကြောက်စရာမှ မဟုတ်တာ၊ လူအများစု ဆင်းရဲခြင်းဆိုတဲ့ လမ်းမပေါ်မှာ နေ့စဉ် ဖြတ်လျှောက်နေရတာပဲ၊ ဘယ်သူက မဆင်းရဲချင်ပါဘူးဆိုပြီး ငိုယိုအော်ဟစ်ပြီး အလုပ်မလုပ်ဘဲနေတဲ့သူ ရှိလဲ..၊ ဆင်းရဲတာက ကြိုးစားနေရင် ဆင်းရဲသွားမှာမှ မဟုတ်တာ၊ ကြိုးစားခြင်းက နှစ်သိမ့်ဆုတော့ ပေးဦးမှာပါ"

"နင့်အပြောက အားရှိစရာပဲ"

"ဒီစကားတွေက အားရှိရုံသက်သက် မဟုတ်ဘူး နွေဦး .. ရင်မဆိုင်ချင်လည်း ရင်ဆိုင်ရဲတတ်အောင် လေ့ကျင့်ဖို့အတွက် ရည်ရွယ်တဲ့စကားပဲ"

"ဟုတ်ကဲ့ပါရှင်.."





"လူကြီးကို မနှောက်နဲ့နော်"

"နှောက်တော့ ဘာလုပ်ချင်လို့လဲ"

မှီနေတာကို ရှောင်လိုက်တော့ နွေဦး ကျွန်တော့်ပေါင်ပေါ် ပြုတ်ကျလာတော့...

"ကဲ .. ဘာလုပ်မလဲဆိုတာ သိလား"

"မင်းယံနော် မယုတ်မာနဲ့..၊ အိမ်ထဲမှာ မေမေ ရှိတယ်ဟဲ့"

ကုန်းရုန်းထနေတဲ့ နွေဦးကို ဝိုင်းထူပေးရင်း...

"ငါက ဘာလုပ်လို့လဲ အစုမှ ..."

"မေမေရေ ..."

နွေဦး လှမ်းခေါ်သံကြောင့် ဒေါ်လေးက နောက်ဖေးဆောင်က ထွက်လာရင်း ...

"ဟဲ့ .. အော်ကြီးဟစ်ကျယ်နဲ့ ဒီနှစ်ယောက် ဘာဖြစ်ပြန်ပြီလဲ"

သူမက မျက်လုံးပြူးသွားတဲ့ ကျွန်တော့်ကိုကြည့်ပြီး ရယ်ချင်ဟန်နှင့်...

"ငါ ပြောမှာနော် .."

"နွေဦး .."

ဒေါ်လေးက ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး မျက်မှောင်ကြုတ်သည်။

"ဒီမှာလေ မင်းယံပေါ့ ..."



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော် ပါးစပ်အဟောင်းသား..။

"သမီးကိုလေ .."

တံတွေး မျိုချမိပါသည်။

"မုန့်ဝယ်ကျွေးခိုင်းတယ်"

"ဟယ် .. ဒီကလေးတွေ .."

အစုမှပဲ ရင်ထဲပေါ့သွားမိပါသည်၊ သူမကတော့ ကျွန်တော့် ကြည့်ကာ တဟားဟားနှင့် ရယ်မောလို့ မဆုံးနိုင်ပါ..။



"ဩော် .. ဆိုင်နဲ့ သူငယ်ချင်းတွေကို သတိရသေးတာပဲ၊ နေပါဦး .. ဒီကောင်ကို ငါ မြင်ဖူးသလိုပဲ"

ကျွန်တော် ဆိုင်ထဲဝင်လာတော့ အေးမြင့်ကျော်က စ၍ နှိပ်ကွပ်သည်။ နိုင်ထူးကလည်း ခပ်တည်တည်ပါပဲ..။

"မင်းကလည်း အေးမြင့်ကျော်ရာ .. မြင်ဖူးဆို ဆုံးသွားတဲ့ ငါတို့ သူငယ်ချင်း မင်းယံနဲ့တူတာကိုး..၊ ဩော် .. ဘာများပြောစရာ ရှိလို့လဲ ခင်ဗျာ"

ကျွန်တော် အမြင်ကပ်ကပ်နဲ့ လွယ်ထားတဲ့အိတ်နဲ့ ထိုင်ခုံမှာ ထိုင်နေတဲ့ နိုင်ထူးမျက်နှာကို ပစ်လိုက်တော့ နိုင်ထူးက ကမန်းကတန်းနဲ့ လှမ်းဖမ်းရင်း တဟားဟား...

"ဒါလေးစတာ စိတ်ဆိုးစရာလား သူငယ်ချင်းရာ.. အချင်ချင်းတွေပဲဟာ၊ ဒါနဲ့ ခင်ဗျားက ဘယ်သူလဲ .."

အေးမြင့်ကျော်က ထပ်စနေတော့ ကျွန်တော် ဒီကောင့်လည်ပင်းမောင်းကို ဆွဲထိုးတော့ ဒီကောင် ဆိုင်ထဲမှာ လှည့်ပတ်ပြေးနေပါသည်၊



www.burmeseclassic.com1

www.burmeseclassic.com



"အပယ့်မ်း .."

ချောင်းဟန့်သံကြောင့် လှည့်ကြည့်တော့ ခွေးအားမယုံသူ၊ တစ်နည်းအားဖြင့် နိုင်ထူး စိတ်ဝင်စားနေတဲ့ မြတ်မွန်ထွေးဆိုတဲ့ ချာတိတ်မလေးပြီးတော့ အဲဒီကောင်မလေးက သူနဲ့ပိုပြီးရင်းနှီးသည့် ခွင်ထဲဝင်လာပြီမို့

"ဟဲ့ .. ကျောင်းပြန် စောလှချည်လား"

သူမက ကျွန်တော်ပေးတဲ့ ကတော်တလောက်စာအုပ်ကို လှမ်းယူကာ ခွေကြော်ငြာတွေကို ကြည့်နေရင်း ဖျတ်ခနဲဆို နိုင်ထူးကို နှီးကြည့်လိုက်တာ သူ သတိပြုမိလိုက်သည်။

နိုင်ထူးက ချက်ချင်း ဝါတော်ရပုဂ္ဂိုလ်ကြီးလို ငြိမ်သွားပါသည်။

"စောဆို .. ဒီနေ့ကျောင်းပိတ်ရက်လေ ကိုမင်းယံကြီးကလဲ"

"ငါ့နာမည် ကိုမင်းယံကြီး မဟုတ်ဘူးလေဟာ..၊ ကိုယ်မင်းယံ ဟဲ .. ဟဲ .."

"ဩော် .. ကိုမင်းယံ ဟဲ .. ဟဲ ကလည်း နောက်တတ်သားပဲ"

ကျွန်တော်နဲ့ မြတ်မွန်ထွေး စနောက်နေတာကို နိုင်ထူးက ရှုံးသလို ပေါ်သလိုနဲ့ စကားဝင်ပြောပါသည်။

"ဟုတ်တယ် ညီမလေး။ ဒီကောင်က သူငယ်နာ မကောင်းသေးဘူး"

ကျွန်တော်က ခပ်တည်တည်နဲ့ လက်ကနာရီကိုကြည့်ကာ...

"ဟေ့ကောင် မင်း မပြန်သေးဘူးလား။ မင်းကောင်မလေးကို အားကြီးရမှာ နောက်ကျလို့ စိတ်ကောက်နေဦးမယ်"





ကောင်မလေးက ကျွန်တော့်ကို တစ်ချက်မော့ကြည့်ပြီး ခွေကြော်ငြာကို ပြန်ငုံ့ကြည့်သည်။ နိုင်ထူးက ပါးစပ်လှုပ်၍ ဆဲပြပါသည်။

အေးမြင့်ကျော်ကလည်း သူများအကူရောက်မယ်ဆိုရင် ထိုင်နေတတ်တဲ့လူမျိုး မဟုတ်ပါဘူး။ တွန်းချ အဆင်းဘီးတပ်ပေးတတ်တဲ့ကောင်..

"ဟုတ်တယ် .. နိုင်ထူး၊ ပထမတစ်ခါကလည်း မင်း မိန်းကလေး သူငယ်ချင်းနဲ့ စကားပြောမိလို့ မနည်းချော့ထားရသေးတယ်မှတ်လား"

"ဟေ့ကောင် .. ငါ .."

မျက်လုံးအပြူးသားနှင့် နိုင်ထူးက အံကြိတ်ပြကာ အေးမြင့်ကျော်က နိုင်ထူးကို ကပ်ပြီး ခပ်တိုးတိုးပြောပါသည်။

"မင်း ညနေ ငါတို့ကို ဒကာခံမှာလား ဟဲ .. ဟဲ..၊ ဘာမှ သိပ်ကျန်လောက်ပါဘူး"

နိုင်ထူးက ပုတ်သင်ညိုလို ခေါင်း ခဏခဏ ညိတ်ပြပါသည်။ အေးမြင့်ကျော်က ကောင်မလေးမမြင်အောင် ကျွန်တော့်ကို လက်မ ထောင်ပြတော့ ကျွန်တော်က...

"အလကား စတာပါကွာ .. မင်းနိုင်ငံခြားမှာ အလုပ်သွားလုပ်ပြီး ပြန်လာကတည်းက ကိုယ့်မှာလည်း အလုပ်အကိုင်နဲ့ ချစ်သူ ညည်းစားထားသင့်နေပြီဆိုတော့လည်း စိတ်မဝင်စား .."

မြတ်မွန်ထွေးက ရယ်ချင်စိတ်ကို ချုပ်ထိန်းရင်း ခွေတွေကို အာရုံစိုက်နေဟန်ပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိလား မြတ်မွန် .."

"ရှင်!..."

အတင်းကြီး သိခိုင်းနေတဲ့ ကျွန်တော့်စကားကြောင့် မြတ်မွန်ထွေးတောင် ကြောင်တောင်တောင် ဖြစ်သွားပါသည်။

"ဒါလား ငါတို့ အချစ်ဆုံးသူငယ်ချင်း နိုင်ထူးတဲ့.၊ လူကြောင်ကြီးအဲလေ .. လူပျိုကြီး"

ကျွန်တော့်လုပ်ပုံက မြတ်မွန်ထွေးမျက်နှာ အရဲသားဖြစ်သွားပါသည်။ နိုင်ထူးက အကျေနပ်ကြီး ကျေနပ်နေကာ...

"ကျွန်တော့်နာမည် နိုင်ထူးပါ မမြတ်မွန်ထွေး"

"ဩော်..ဟုတ်..ဟုတ်ကဲ့ ဟိုလေ.. သမီးကိုခွေသစ်တစ်ခွေပေးလေ"

"ဘာခွေလဲ"

"အသစ်ဆိုရင် ပြီးရော .."

"ဘာ ... အချစ်ဆိုရင်ပြီးရော.."

"ဟာ .. ကိုမင်းယံကြီးနော်"

ကောင်မလေး ရှက်ကိုးရှက်ကန်းနဲ့ ကောင်တာပေါ်က တစ်ခွေကို လှမ်းယူတော့...

"ဟဲ့ .. ကြာနီကန်ခွေကြီးဘေးက ခွေက ခွေသစ်"

ကောင်မလေးခွေကိုယူကာ တစ်ချိုးတည်း လစ်ပြေးတော့ ကျွန်တော်တို့ ရယ်မိကြပါသည်။ အေးမြင့်ကျော်က အရယ်ရပ်ရင်း—





"မင်းဟာ ပေါ်တင်ကြီး မင်းယံရာ .."

"အဲလို မလုပ်လို့မှ မရတော့တာ၊ ဒီကောင် မောင်းတင်နေတာနဲ့ အိုးဘွားရိပ်သာရောက်မှ ရည်းစားစကား ပြောရတော့မယ်.၊ ကဲ နိုင်ထူး ကတိတည်ပါစေ"

"ဘာကတိလဲ .. ငါ ဘာကတိပေးလို့လဲ"

နိုင်ထူးက ကျွန်တော်တို့နှစ်ယောက်ကို အတည်ပေါက်နှင့် ပြောပါသည်။ အေးမြင့်ကျော်ကို ကျွန်တော်က မျက်စိမှိတ်ပြရင်း...

"ကောင်းပြီလေ၊ ကဲ .. မနက်ဖြန် ချာတိတ်လာရင် နှေဦးကို ခေါ်ပြီး နိုင်ထူးကို ပုံမှားရိုက်ခိုင်းလိုက်ရင် ..."

"အေးမြင့်ကျော် မင်းအကြံ ကောင်းတယ်.၊ မင်းကို ကြည့်ရင်း ကြည့်ရင်းနဲ့ ဒေဝဒတ်နဲ့ ဆင်လာပြီ"

အေးမြင့်ကျော်က ကျွန်တော့်ကို ဆဲတော့ နိုင်ထူးက မျက်နှာချိုသွေးပြီး ...

"သယ်ရင်းကလည်း အချင်းချင်းဟာကို မင်းတို့ကြိုက်သလောက်တား.၊ ငါ ငြင်းဖူးလို့လား"

"အဲဒီလို လုပ်စမ်းပါ .. လွယ်သလား .. ခက်သလား ရာမ"

ကျွန်တော့်စကားကြောင့် နိုင်ထူးက လှမ်းကန်ပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



မြို့ထဲမှာ လိုအပ်တာတွေ ဝင်ဝယ်ပြီး ကားမှတ်တိုင်ရှိရာကို အသွားမှာပေါ့..၊ ဘေးကဖြတ်သွားတဲ့ ကားက သူ့ကိုကျော်လွန်သွား ပြီးမှ နောက်ပြန်ဆုတ်လာပါသည်။

"မောင်မင်းယံ .."

ကျွန်တော့်ကို ခေါ်သံကြောင့် ကျွန်တော် ကြည့်မိတော့ ချက်ချင်း မမှတ်မိ..၊ နောက်မှ...

"ဟာ!... ဦးရဲထက်"

"လာ .. ကားပေါ်တက် .."

ကားတံခါးဖွင့်ပြီး ကျွန်တော့်ကို တက်ခိုင်းတော့ ကျွန်တော် လည်း ဘာမှပြန်မပြောတော့ဘဲ ကားပေါ်တက်လိုက်မိပါသည်။ ကားက တကယ့် အကောင်းစားကြီးပါ..။

"မောင်မင်းယံရာ .. မင်းကို အန်ကယ်လိုက်ရှာနေတာကြာပြီ"

"ဗျာ!..."





ကျွန်တော် ကြောင်တောင်တောင်နှင့် ဗျာထူးတော့ ဦးရဲထက် က ပြုံးသည်။

"ဟုတ်တယ် .. မောင်မင်းယံ၊ မင်းသာ မကယ်ရင် အခုချိန် မင်း အန်ကယ်ကို မြင်ရမှာမဟုတ်ဘူး"

"ဒီလောက်လည်း မဟုတ်ပါဘူး အန်ကယ်ရာ .. သွားရင်းလာ ရင်း တိုက်တိုက်ဆိုင်ဆိုင် ဖြစ်သွားလို့ပါ"

"နိုး .. နိုး .. ဒီလိုလည်း ပြောလို့လည်း မရဘူး မောင်မင်းယံ မင်းရဲ့ကူညီချင်တတ်တဲ့စိတ်ကို အန်ကယ် လေးစားတယ်၊ အန်ကယ် မင်းကို တစ်ခုခု ပြန်ကူညီချင်တယ်"

"ဟာ!... အန်ကယ် .."

ကျွန်တော့် အံ့သြသံကြောင့် အန်ကယ်ရဲထက်က လက်ကာ ပြကာ...

"အန်ကယ် စကားမဆုံးသေးဘူး၊ မင်း ကူညီလို့ အန်ကယ် ပြန်ကူညီတဲ့အတုံ့အလှည့်စိတ် မဟုတ်ဘူး၊ ဘယ်လိုပြော[illegible] ဝမ်းမြောက်ပြုချင်တာ .. ပြည့်ပြည့်စုံစုံပြောရရင် အန်ကယ့် အာသီသ စိတ် ဆန္ဒကို မင်း ဖြည့်ဆည်းပေးတဲ့သဘောပေါ့ကွာ"

စီးပွားရေးသမားပီပီ အန်ကယ်ဦးရဲထက် စကားကြွယ်[illegible] တော် ရိပ်မိပါသည်။ အန်ကယ်ဦးရဲထက်က ကားဒရိုင်ဘာကို နေရာ တစ်ခုကို လှမ်းပြောလိုက်ပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



ဟိုတယ်ရောက်တော့ ကျွန်တော်နဲ့ အန်ကယ်ဦးရဲထက်တို့ ကား ပေါ်မှဆင်းပြီး ဟိုတယ်ထဲ ဝင်ကြပါသည်။ ဟိုတယ်ရောက်တော့ သီးသန့်ဝိုင်းတစ်ဝိုင်းမှာ အန်ကယ်က အစုံအလင် မှာပါသည်။

"မင်း သောက်တတ်လား မောင်မင်းယံ"

"ဟင့်အင်း"

"လိုအပ်တာဆိုရင် မှာနော် .. အားမနာနဲ့"

"အန်ကယ် မှာတာပဲ ပြည့်စုံနေပါပြီ"

စားသောက်ဖွယ်ရာတွေ ရောက်လာတော့ စ,စားကြပါသည်။ အစားအသောက်တွေကများတော့ သူလိုလူတစ်ယောက်အဖို့ ဘယ် က စ,စားရမည်မှန်း မသိတာ အမှန်ပါ..။

"အန်ကယ် မင်းကို ဘယ်လိုကူညီရမလဲ စဉ်းစားနေတာ"

"စိတ်ထဲမှာ သိပ်မထားပါနဲ့ အန်ကယ်"

"မင်း ဘွဲ့ရပြီးသားလား"

"ဟုတ်ကဲ့ .. အန်ကယ်"

"အခု မင်း ဘာလုပ်လဲ မောင်မင်းယံ"

ကျွန်တော်က သူငယ်ချင်းတစ်ယောက်နဲ့တွဲပြီး ခွေအငှားဆိုင် နှင့် စာအုပ်ဆိုင်ဖွင့်ထားကြောင်း ပြောပါသည်။

"မင်း အန်ကယ့်ဆီမှာ အလုပ်လုပ်ပါလား။ အန်ကယ် မင်းကို တစ်လကို ငါးသိန်းပေးမယ်"





"ဗျာ!..."

ကျွန်တော် အံ့သြပုံကြောင့် အန်ကယ် ဦးရဲထက်က ...

"ဘာဖြစ်လို့လဲ နည်းလို့လားကွ"

"များနေလို့ပါ အန်ကယ်..၊ ပြီးတော့ ကျွန်တော်လည်း မလုပ်ချင် သေးဘူး"

အန်ကယ် အကျပ်တွေ့နေဟန် ရှိပါသည်။ ဒီအချိန်မှာပဲ ဦးရဲ ထက်တို့အရွယ် လူတစ်ဦးက သူတို့ဝိုင်းဆီ ရောက်လာပြီး...

"ဟေ့လူ .. ကိုရဲထက်"

"ဟာ ... ဦးခင်ဇော် .. တစ်ယောက်တည်းလား"

ဦးခင်ဇော်ဆိုတဲ့လူက ခပ်လှမ်းလှမ်းက ဝိုင်းကို လက်ညှိုးထိုး ပြီး...

"ညီ့သည်တွေ ပါတယ်ဗျ .. ဒါနဲ့ ခင်ဗျား ကုမ္ပဏီက ဖြန့်တဲ့ စွန့်ဖည်းတွေအတွက် ကြော်ငြာမလို့ဆို..၊ ဘယ်လိုလဲ .. အဆင်ပြေလား"

"မပြေပါဘူးဗျာ..၊ ဘာကစလုပ်လို့ ဘယ်လိုစီစဉ်ရမလဲကို မသိ သေးတာ"

ဦးခင်ဇော်က ရယ်ရင်း ဖုန်းနံပါတ်တစ်ခုကို ရွတ်ပြကာ...

"အဲဒီဖုန်းနံပါတ်ကို ဆက်လိုက် .. အဲဒါ နာမည်ကြီးဒါရိုက်တာ ရဲ့ဖုန်းပဲဗျာ..၊ ကဲ .. သွားဦးမယ် နောက်မှတွေ့ကြတာပေါ့"

"အိုကေ"



www.burmeseclassic.com1

www.burmeseclassic.com



ဦးခင်ဇော်ထွက်သွားတော့ ကျွန်တော်က…

"ဟိုလေ .. အန်ကယ်ရဲထက်လည်း ကျွန်တော့်ကို ကူညီတာ အဆင်ပြေအောင် ဒီလိုလုပ်ပါလား"

"ဘာလဲကွ .. ပွင့်ပွင့်လင်းလင်းပြော၊ အားမနာနဲ့ မောင်မင်းယံ"

"ကျွန်တော့်မှာ ညီမဝမ်းကွဲတစ်ယောက် ရှိတယ်၊ သူက နာမည် သိပ်မရှိသေးပါဘူး။ အဲဒါ အန်ကယ် တွေ့ပြီးလို့ ကျေနပ်ရင် အန်ကယ့် ကုန်ပစ္စည်းအတွက် ကြော်ငြာမော်ဒယ်အဖြစ် သုံးနိုင်ပါတယ် အန်ကယ်"

အန်ကယ် တစ်မျိုးထင်မှာစိုးတာကြောင့် သူ့ညီမလို့ပဲ ရောချ လိုက်ပါသည်။ အန်ကယ်က စဉ်းစားရင်း…

"အင်း .. အန်ကယ်တို့ ကုန်ပစ္စည်းက နှစ်မျိုးသုံးမျိုးဆိုတော့ ကြော်ငြာက တီဗွီမှာ နှစ်ခု၊ သုံးခုလောက် ရိုက်ဖြစ်မှာ၊ ပြီးတော့ ဝေါလ်ရှိုတွေ၊ ဘုတ်တွေလည်း ထောင်မှာလေ..၊ အန်ကယ် မင်းညီမ ကို တွေ့ကြည့်လိုက်မယ်လေ"

"ကျေးဇူးပါပဲ အန်ကယ်"

ဦးရဲထက်က ပြုံးရင်း…

"မလိုပါဘူးကွာ .. ဒါက လုပ်ငန်းအတွက်ပဲ၊ ဒါနဲ့ မင်းကို အန်ကယ် မကူညီရသေးဘူးနော်၊ နောက်ပြီး မင်းညီမနဲ့ ကြော်ငြာ ရိုက်ဖို့ အဆင်ပြေရင် သရုပ်ဆောင်ကြေး အန်ကယ် ထိုက်ထိုက်တန် တန် ပေးမှာပါ"





"ဟုတ်ကဲ့ အန်ကယ်"

"ကဲ .. အခုတော့ ဗိုက်ထဲကို အရင်ဖြည့်ရအောင်၊ ပြီးရင် မင်း အိမ်ကို သိရအောင် အန်ကယ် လိုက်ပို့ပေးမယ်"

ကျွန်တော် ဘာမှငြင်းမနေတော့ပါ။ စားသောက်ပြီးတော့ အန်ကယ်ဦးရဲထက်က ကျွန်တော့်အိမ်ကို လိုက်ပို့ပေးပါသည်။

"မေမေ .. ဧည့်သည်ပါတယ်"

"ဟဲ့ .. သား၊ ဖျာခင်းပေးလေ .."

မေမေက ရုတ်တရက် အိမ်ရှေ့ကို ကားအကောင်းစားကြီးနဲ့ ရုပ်ရည်သန့်ပြန့်တဲ့ လူတစ်ယောက်နှင့် သူသားပါလာတော့ အံ့သြနေ ပုံ ရပါသည်။ ဦးရဲထက်က သူ့အိမ်ကို လှည့်ပတ်ကြည့်ရှုနေပါသည်။

မေမေက အိမ်နောက်ဘက်ထဲ ဝင်သွားကာ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ကို ပြင်ဆင်ပြီး ယူလာပါသည်။

"မောင်မင်းယံတို့ မိသားစု ဘယ်နှစ်ယောက်လဲ"

မေမေက ဝင်ဖြေပါသည်။

"ကျွန်မတို့က သားအမိနှစ်ယောက်ထဲပါ ပါတူ..၊ သူ့အဖေက ဆုံးသွားတာ လေးနှစ်ကျော်ပြီလေ၊ မဆုံးခင်ကတော့ ဆိပ်ကမ်း ဝန်ထမ်းဟောင်းပေါ့ကွယ်"

"ဩော် …"

"ကျွန်မက အိမ်ဆိုင်လေးဖွင့်ထားတော့ မပူမပင်ရဘူး၊ သားရဲ့



www.burmeseclassic.com1

အလုပ်က ဝင်ငွေနဲ့ဆိုတော့ အနည်းအကျဉ်းတော့ ပိုလျှံတာပေါ့"

"ကောင်းပါတယ် အဒေါ်၊ မောင်မင်းယံက ကျွန်တော့်အသက်ကို ကယ်တင်ဖူးတယ်လေ"

"ဘယ်လို .."

ဦးရဲထက်က မေမေကို ပြည့်ပြည့်စုံစုံ ရှင်းပြပါသည်။

မေမေက ဦးရဲထက် ပြောသမျှကို ပါးစပ်အဟောင်းသားနှင့် နားထောင်နေပါသည်။

စကားဆုံးတော့...

"ကဲ .. ကျွန်တော် ပြန်ဦးမယ် ဒေါ်လေး၊ မောင်မင်းယံ အန်ကယ် ပြန်ဦးမယ်၊ နောက်ဆို အန်ကယ် မင်းဆီ လာခဲ့ဦးမယ်၊ မင်းညီမကိုတော့ ဒီလိပ်စာအတိုင်း အန်ကယ်ဆီ လွှတ်လိုက်ပေါ့"

အန်ကယ် ဦးရဲထက်က လိပ်စာကတ်ကို ထုတ်ပေးပါသည်။

အန်ကယ် ထွက်သွားပြီးတော့ မေမေက...

"သား ညီမဆိုတာ ဘယ်သူလဲကွယ့်"

ကျွန်တော်က ရယ်ရင်း နွေဦးနဲ့ပတ်သက်တဲ့ အလုပ်ကိစ္စကို ပြောပြတော့ မေမေက ဝမ်းသာနေပါသည်။

"ဟယ် .. နွေဦးကတော့ သိပ်ပျော်မှာပဲ"

"သေချာတာပေါ့ မေမေရာ"

"မင်းအန်ကယ်က သိပ်အသက်မကြီးသေးဘူးနော်၊ ပိုက်ဆံ





ချမ်းသာလို့လား မသိဘူး၊ လူကို နုဖတ်နေတာပဲ၊ သားနဲ့ အသက်မတိမ်းမယိမ်းလိုဘဲ"

"ပိုက်ဆံရှိတော့လည်း ဒီလိုပေါ့ မေမေရာ"

မေမေနဲ့ကျွန်တော် စကားမဆုံးခင်မှာ နွေဦးက အိမ်ပေါ်တက်လာပြီး...

"ဟဲ့ .. နင့်အိမ်ကို ခုနက ကားအကောင်းစားကြီးနဲ့ သူဌေးတစ်ယောက် လာသွားတယ်လို့ သတင်းကြားတယ်နော်"

နွေဦးအပြောကြောင့် ကျွန်တော်က...

"သတင်းကွန်ယက်က မြန်လှချည်လား"

"လမ်းတကာလှည့် အတင်းပြောနေတဲ့ ဒေါ်ဘုတ်ဆုံရဲ့ ချန်နယ်က တင်လွှင့်တာလေ"

နွေဦးက ဦးရဲထက် မစားသွားတဲ့ လက်ဖက်တစ်ခွန်းကို ကောက်စားပါသည်။

"ကဲ ... ရော့ .."

ကျွန်တော်က လိပ်စာကတ်ကို ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး...

"ဒါက ဒီကတ်ကို ဘာလုပ်ရမှာလဲ .."

မေမေက ချက်တာပြုတ်တာမပြီးသေးလို့ နောက်ဖေးဆောင် ဝင်သွားပါသည်။

"နင် အဲဒီကို သွားရမှာပေါ့"

www.burmeseclassic.com



နွေဦးက နားမလည်…

"ဟင် .. ငါက ဘာသွားလုပ်ရမှာလဲ"

"ကြော်ငြာကိစ္စအတွက်…"

"ဘာကြီး .."

ကျွန်တော်က ဦးရဲထက်ကို ကူညီခဲ့ပုံကစပြီး ယနေ့အထိ ကိစ္စမှန်သမျှကို သူမကို သံတော်ဦးတင်ရပါသည်။

"ဟယ် .. တကယ်"

"ငါက နောက်ရမှာလားဟ"

"နင်က အဲဒီလိုဆိုတော့ သိပ်ချစ်ဖို့ကောင်းတာပဲ"

သူမက ကျွန်တော့်ပါးကို ဆွဲညှစ်ရင်းပြောတော့ ကျွန်တော် ပြုံးရင်း …

"နင့်အတွက်ဆို .. ငါ အမြဲ အသင့်ရှိနေပါတယ် နွေဦးရယ်"

"နင် ဘာဖြစ်လို့ ငါ့ကို အဲဒီလိုကူညီနေတာလဲ မင်းယံ"

သူမက မေးထောက်ကာ ခပ်ပြုံးပြုံးလေး မေးတော့ …

"ချစ်လို့လေ .. နင် ယုံလား"

သူမက ကျေနပ်ဟန် ခေါင်းညိတ်ပြလိုက်တော့ နှစ်ယောက်သား ကြည်နူးစွာ ရယ်မောမိပါသည်။





အခန်းထဲကို မောင်မင်းယံ လွှတ်လိုက်တဲ့ မောင်မင်းယံညီမဆိုတဲ့ မိန်းကလေး ဝင်လာတော့ ဦးရဲထက်က အံ့အားသင့်မိသည်။

နွေဦးကလည်း ဦးရဲထက်လိုပါပဲ တအံ့တသြနှင့်…

"အန်ကယ် .."

"မင်း …"

ဟိုတစ်ခါက ကိုမိုးဇော်သမီး မွေးနေ့မှာ သူနဲ့တိုက်မိခဲ့တဲ့ မိန်းကလေး..၊

"တိုက်တိုက်ဆိုင်ဆိုင်ကွာ .. ထိုင်ကွာ"

"ကျွန်မနာမည် နွေဦးဇော်ပါ အန်ကယ်"

"ကိုယ့်နာမည်က ရဲထက်လို့ ခေါ်ပါတယ် နွေဦး..၊ ရင်းရင်းနှီးနှီး အစ်ကိုကြီးလို့ပဲ ခေါ်ပေါ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"



www.burmeseclassic.com1

www.burmeseclassic.com



ရဲထက်က အပြစ်ပြောစရာမရှိတဲ့ သူမရဲ့အလှကို သူ့နှလုံးသားက လက်ခံပြီးကတည်းက ကြော်ငြာမော်ဒယ်အတွက် ဆန်းစစ်စရာ မလိုဘူးလို့ ဆုံးဖြတ်ပြီးပါပြီ။

ဒါကြောင့်လည်း မောင်မင်းယံက မကြိုက်ခဲ့ရင် အလုပ် ဆက်မလုပ်ပါနဲ့လို့ ခပ်ရဲရဲ အာမခံရဲတာ ဖြစ်နိုင်ပါသည်။

"မင်း ကိုယ်တို့ကုမ္ပဏီအတွက် ကြော်ငြာရိုက်ပေးရမယ် နှွေဦး"

"ဟုတ်ကဲ့ .."

"အင်း ... ကြော်ငြာဒါရိုက်တာအတွက် အစ်ကိုကြီး စဉ်းစားနေတုန်းပဲ နှွေဦး..၊ ဒါနဲ့ မင်း နာမည်ကြီး ဒါရိုက်တာတွေနဲ့ ရင်းနှီးလား"

"ဟုတ်ကဲ့ .. သိပါတယ်"

"ဒါဆို အိုကေ .."

အဲဒီနေ့ပဲ သူနဲ့နှွေဦး ကြော်ငြာဒါရိုက်တာတစ်ယောက်ကို ရွေးချယ်ကာ အလုပ်စကား သွားပြောကြပါသည်။

ကြော်ငြာဒါရိုက်တာနှင့် သုံးယောက်သား ခေါင်းချင်းဆိုင် ဆွေးနွေးပြီး ကြော်ငြာဒါရိုက်တာက အဆင်သင့်ဖြစ်ရင် ဖုန်းပြန်ဆက်ပါ့မယ်လို့ မှာကာ စရန်ပေးခဲ့ပြီး ပြန်လာခဲ့ကြပါသည်။

နေ့လယ်စာ စားချိန်မို့ ဆိုင်တစ်ဆိုင်ရွေးပြီး စားသောက်ကြပါသည်။

တစ်ယောက်နဲ့တစ်ယောက် သွားရင်းလာရင်းမို့ စကားပြောရ





တာ အဆင်ပြေလာပါသည်။

"မင်း ဘာစားမလဲ နှွေဦး"

"အစ်ကိုကြီး ကြိုက်တာမှာပါ"

ဦးရဲထက် ခေါင်းညိတ်ပြပြီး အစားအသောက်တွေ တစ်ခုပြီး တစ်ခု မှာသည်။ စားရင်းသောက်ရင်းနှင့် စကားပြောဖြစ်ကြပါသည်၊

"မင်း ဒီအလုပ် လုပ်တာ ဘယ်လောက်ကြာပြီလဲ နှွေဦး"

"တစ်နှစ်ခွဲလောက်တော့ ရှိပါပြီ အစ်ကိုကြီး"

"မောင်မင်းယံကတော့ သူ့ညီမကို အတော်ချစ်ပုံပဲကွ"

မင်းယံဆိုတာကြောင့် ထမင်းငုံ့စားရင်း ပြုံးမိပါသည်။

"ကဲ .. စားပြီးသောက်ပြီးရင် မင်းအတွက် လိုအပ်တဲ့ အဝတ်အစားတွေ သွားဝယ်ရမယ်"

"ရှင် ... ဟို .."

ဦးရဲထက်က အံ့ဩသွားတဲ့ သူမကြောင့် ပြုံးရင်း...

"မင်း သရုပ်ဆောင်ကြေးထဲက မဟုတ်ပါဘူး နှွေဦးရယ် .. အစ်ကိုကြီး ဝယ်ပေးတာပါ၊ ကြော်ငြာက တစ်ခုတည်း မဟုတ်ဘူးလေ"

"ဟုတ်ကဲ့"

သူမနဲ့ ဦးရဲထက် တစ်ဆိုင်ပြီးတစ်ဆိုင်ဝင်ကာ အဝတ်အစားတွေ ဝယ်ကြပါသည်။ လက်ထဲမှာ တပွေ့တပိုက်နှင့် သူတို့ကားဆီ ပြန်လာတော့...



www.burmeseclassic.com1

www.burmeseclassic.com



"ကဲ... ကိုယ် လိုက်မပို့တော့ဘူး၊ တက္ကစီငှားပြီး ပြန်နော် နွေဦး၊ ဪ... ဒါက စရန်... နောက်မှပဲ စာချုပ်ချုပ်ကြတာပေါ့"

ပိုက်ဆံအထပ်လိုက်ကို ကြည့်ပြီး နွေဦး တံတွေးမျိုချမိပါသည်။

သူမ တက္ကစီငှားပြီး ကားပေါ်တက်ကာ ဦးရဲထက်ကို လက်ပြတော့ ဦးရဲထက်က ပြုံး၍ လက်လှမ်းပြသည်။

သူမ အိပ်မက်တစ်ခု မက်နေရသလိုပဲ..။





"မောင်မင်းယံ အားရင် ကိုယ့်ကုမ္ပဏီကို လာခဲ့ပါဦး"လို့ ပြောထားနဲ့မှာလိုက်တော့ ကုမ္ပဏီကို ရောက်လာခဲ့ပါသည်။

"ကျွန်တော် အန်ကယ်နဲ့ တွေ့ချင်လို့ပါ ခင်ဗျာ"

အပေါက်ဝက လူက သူ့ပုံစံကို ကြည့်ပြီး...

"ကြိုချိန်းထားလား မသိဘူး"

"မဟုတ်ဘူး ခင်ဗျ.. ကျွန်တော့်ကို ခေါ်ထားလို့ပါ"

"ခဏနော်"

ကုမ္ပဏီဝန်ထမ်းက ရုံးတွင်းဖုန်းနှင့် လှမ်းအကြောင်းကြားပြီး...

"ကျွန်တော့်နောက်က လိုက်ခဲ့ပါ ခင်ဗျာ"

သူ့ကို ချက်ချင်းပင် တရိုတသေ တံလေးတစားပုံစံ ပြောင်းသွားသောကြောင့် မင်းယံ အံ့ဩမိပါသည်။

ဝန်ထမ်းက ဦးဆောင်ပြီး ဦးရဲထက်ရဲ့ ကုမ္ပဏီအခန်းတွင်းကို ခေါ်သွားပါသည်။ တံခါးဖွင့်ပြီး အခန်းထဲဝင်ရောာ..



www.burmeseclassic.com1

www.burmeseclassic.com



"လာဟေ့ .. မောင်မင်းယံ .. လာကွာ"

ဝန်ထမ်းကောင်လေးက တံခါးကို ပြန်စေ့ပြီး ပြန်ထွက်သွား သည်။

ကျွန်တော် ဦးရဲထက်နှင့် မျက်နှာချင်းဆိုင်က ခုံကို အသာဆွဲ ဝင်ထိုင်ပြီး ...

"အစ်ကိုကြီး မောင်နိုင်နဲ့ လှမ်းခေါ်လိုက်တာက မင်းနဲ့လည်း စကားပြောစရာ ရှိလို့၊ ပြီးတော့ အစ်ကိုကြီးအလုပ်မှာ မင်း အားမ ဆိုရင် ဝိုင်းကူလုပ်ပေးဖို့ .."

"ဟို .. ကျွန်တော် ..."

ရဲထက်က ပြုံးရင်း ...

"အမြဲတမ်းတော့ မဟုတ်ဘူးပေါ့ကွာ.၊ အားရင် အားသလိုပေ့"

မင်းယံ ရိပ်စားမိပါသည်။

ဦးရဲထက် သူ့အတွက် မလုပ်မရှိ အလုပ်ရှာကာ အလုပ်ပေး ချင်တဲ့သဘော..။

"ဟိုလေ .. ကျွန်တော့်မှာက ဆိုင်ကတစ်ဖက်နဲ့ဆိုတော့ .."

"အစ်ကိုကြီး သိပါတယ် မောင်မင်းယံ..၊ မောင်နိုင်လည်း ပြ ပြထားပြီးပါပြီ၊ အန်ကယ့်အလုပ်ကို သင့်သလို ကူညီဖို့ပဲ အန်က ပြောတာ၊ ဒီရက်ပိုင်းမှာ အန်ကယ်က သိပ်ကျန်းမာရေး မကော တော့ အန်ကယ့်အနားမှာ ခေါ်ထားတဲ့ သဘောပေါ့"





"ဟုတ်ကဲ့ အန်ကယ်"

အစ်ကိုကြီး သူ့အပေါ် သံယောဇဉ် ဘယ်လောက်ရှိမှန်း သူ ရိပ် မိပါသည်..။

"ဒါနဲ့ မနေ့က မင်းညီမ နွေဦးနဲ့ ကြော်ငြာရိုက်ဖို့က အဆင်ပြေ တယ် မောင်မင်းယံ.၊ ဒီရက်ပိုင်းအတွင်း ဒါရိုက်တာ စီစဉ်ပြီးပြီဆိုတာ နဲ့ ကြော်ငြာရိုက်ဖို့ လုံးပမ်းရတော့မယ်လေ"

"ကျေးဇူးတင်ပါတယ် အစ်ကိုကြီး"

အဲဒီနေ့က သူ့အတွက် အလုပ်မည်မည်ရရ မရှိပါ..။

အတွင်းရေးမှူးမလေး စန္ဒီနဲ့ အန်တီရီတို့ရဲ့အနားမှာ စာရင်း ဝိုင်းတွက်ပေး၊ အန်ကယ် အပြင်ထွက်ရင် အဖော်လိုက်ပေးရုံလောက် ပါပဲ..။

ရုံးကဝန်ထမ်းတွေက သူ့ကို အန်ကယ်ရဲ့တူလို့ တမင်ပြောပြ ထားသည်လို့ သိခဲ့ရပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



ဒီရက်ပိုင်းအတွင်းမှာ မင်းယံနဲ့ သုမ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေကြတာကြောင့် တစ်ယောက်နဲ့တစ်ယောက် မတွေ့ဖြစ်ကြပါ။

အန်ကယ်က သူ့ကိုယ်သူ ကိုကြီးလို့ ပြောင်းခေါ်တာကြောင့် သုမလည်း အလိုက်သင့် အစ်ကိုကြီးလို့ပဲ ခေါ်မိပါသည်။

တီဗွီမှာပြဖို့အတွက် ကြော်ငြာကနစ်ခု ဓါလ်ရိုကတော့ ဓာတ်ပုံ အတော်များများ ရိုက်ဖြစ်ပါသည်။ ကြော်ငြာရိုက်စဉ်ကာလတစ် လျှောက်မှာ သုမနဲ့အတူ အစ်ကိုကြီးက အမြဲ ရှိနေခဲ့ပါသည်။

ဓာတ်ပုံအတွက် အပ်ထားတဲ့ ကြော်ငြာဓာတ်ပုံဆရာက နာမည် ကြီး ဓာတ်ပုံဆရာ၊ အစ်ကိုကြီးကိုယ်တိုင်က ဘယ်လောက်ကုန်ကုန် ကုန်ကျစရိတ်ကို ထည့်မတွက်ဘူးလို့ ပြောထားတာကြောင့် ကြော်ငြာ ဒါရိုက်တာက အဝတ်အစား စိတ်တိုင်းမကျဘူးလို့ ပြောရင် အစ်ကို ကြီးက ဒီဇိုင်နာနဲ့တိုင်ပင်ကာ ရအောင် ဝယ်သင့်တာ ဝယ်၊ ချုပ်သင့် တာ ချုပ်ပါသည်။





ပထမတစ်နေ့ ဓာတ်ပုံရိုက်ပြီးလို့ သုမနဲ့အစ်ကိုကြီး တစ်ဆိုင်ဆိုင် မှာ စားသောက်ရင်း အစ်ကိုကြီးက စာချုပ်ကို သုမကိုပေးကာ..

"ကဲ .. မင်း ဖတ်ကြည့်ဦး နွေဦး၊ ရော့ .. ဒါက သရုပ်ဆောင်ခ"

သုမ စားပွဲပေါ်တင်ထားတဲ့ ပိုက်ဆံအုပ်တွေကို ကြည့်မိပြီး မျက်လုံးပြူးရပါသည်။

"ဟို ..."

"ဘာဖြစ်လို့လဲ နွေဦး"

"ဟိုလေ .. ပိုက်ဆံက များနေသလားလို့"

သုမက တွန့်ဆုတ်ဆုတ်နဲ့ပြောတော့ ဦးရဲထက်က ရယ်သည်။

"ကိုယ် ကျေနပ်လို့ ပေးတာ ယူထားလိုက် နွေဦး..၊ ကိုယ့်စိတ်ထဲ မှာ ဒီလောက်ပေးချင်တာ၊ ဒါက ကစားနေတာ မဟုတ်ဘူးလေ၊ မင်းလည်း စီးပွားရေး .. ကိုယ်လည်း စီးပွားရေး လုပ်နေတာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

သုမ ဘာမှဆက်မပြောတော့ ခေါင်းညိတ်လိုက်ရပါသည်။

ဦးရဲထက်က မှာထားတဲ့ အစားအသောက်တွေကို စားနေ ရင်း...

"မောင်မင်းယံအတွက်လည်း အစ်ကိုကြီး အကူအညီပေးချင် တယ် နွေဦး၊ ဒါပေမယ့် ဒီကောင်လေးက သိပ်လက်ခံပုံ မပေါ် တော့ အခက်တွေ့နေတယ်"



www.burmeseclassic.com1

www.burmeseclassic.com



"သူက အဲဒီအတိုင်းပဲ အစ်ကိုကြီးရဲ့ .."

အစ်ကိုကြီးက ထမင်းစားရင်း "ဟုတ်တယ်.. ဟုတ်တယ်" လို့ ပြောကာ ရယ်ပါသည်။

"အခုလည်း ဒရိုင်ဘာကို သူ့အိမ်အတွက် လိုအပ်မယ်ထင်တာ ကွေ၀ယ်ပြီး မနက်ကို သွားပို့လိုက်လို့ မှာထားသေးတယ်၊ နွေဦး လည်း ဒီကောင်လေး ယူအောင် ဝိုင်းပြောဦး"

"စိတ်ချပါ အစ်ကိုကြီး"

အစ်ကိုကြီး မင်းယံကို တော်တော်သံယောဇဉ်ရှိမှန်း နွေဦး ရိပ်မိပါသည်။





"ဟင် ဒါတွေက .."

ကျွန်တော် အိမ်ပေါ်တက်တော့ အိမ်ထဲမှာ စုပုံထားတဲ့ပစ္စည်းတွေ ကြောင့် အံ့သြတကြီးပြောမိတော့ မေမေက အခုလို ပြောပါသည်။

"ခုနကပဲ မင်းအန်ကယ် ပို့ခိုင်းတာလို့ ပြောပြီး လာပို့သွားတာ သား။ မေမေကလည်း ငြင်းပါသေးတယ်၊ ဒရိုင်ဘာက မင်းအန်ကယ် က မငြင်းပါနဲ့လို့ မေတ္တာရပ်ခံတယ်တဲ့၊ သူကိုယ်တိုင် မလာနိုင်တာ ခွင့်လွှတ်ပါလို့ တောင်းပန်လိုက်တယ်တဲ့"

အိမ်ထဲမှာ တီဗွီတွေ၊ ရေခဲသေတ္တာတွေ၊ အစားအသောက် မုန့်ပုံး ဘူးတွေကြည့်ပြီး သူ ရယ်ချင်ချင်နှင့်...

"ဒါတွေသုံးပြီး ကျွန်တော်တို့ နောက်မစားရရင် အကျင့်ပျက်နေ ဦးမယ် ဲမေမေရေ"

"သြော် .. သားရယ်၊ စေတနာနဲ့လာပေးတာကို မေမေကတော့ ဘာမှမကြိုက်ဘူး၊ တီဗွီရလာတော့ ကိုရီးယားဇာတ်လမ်းတို့ တရား



www.burmeseclassic.com1

www.burmeseclassic.com



ခွေတို့ ဖွင့်လို့ရတော့ သဘောကျတယ်၊ ဩော် ... ဒါနဲ့ မင်း ပြန်ရောက်ရင် သူဆီလာခဲ့ပါဦးလို့ သမီးနွေဦး မှာလိုက်တယ် သား၊ အိမ်မှာ ထမင်းမစားနဲ့တဲ့၊ သူ့ဆီမှာစားတဲ့ မေမေ့အတွက်တော့ ဟင်းချိုင့်လာပို့သွားသေးတယ်၊ ငါ့ချွေးမလေးက အလိုက်တော့ သိတတ်သားပဲ"

မေမေက သူတို့အကြောင်းကို သိနေပြီမို့ စနေပါသေးသည်။

"ရေမိုးချိုးပြီးရင် သား သွားလိုက်မယ် မေမေ"

"အေး ... အေး ဩော် .. ရေမချိုးခင် ရေအဝသောက်ပြီး ခဏနားဦးနော် သား၊ နေပူထဲကလာတော့ အပူရှပ်နေဦးမယ်"

"ဟုတ်ကဲ့ မေမေ"

ရေသောက်ပြီး ခဏနားကာ ရေမိုးချိုး အဝတ်အစားလဲပြီး နွေဦးတို့အိမ်ကို သွားတော့ နွေဦးက အိမ်ရှေ့ အဝင်တံခါးပေါက် လှေကားမှာထိုင်ပြီး သူ့ကို မျှော်နေဟန်တူသည်။

"နင်ကလည်း ထမင်းစားဖို့ စောင့်လိုက်ရတာဟာ အူတွောင်လိမ်နေပြီ"

"ငါ ပြန်ဖြန့်ပေးပါမယ်ဟာ"

သူမက ကျွန်တော့်လက်မောင်းကို လှမ်းရိုက်ပါသည်။

"ဒါနဲ့ ခေါ်လေးလည်း မမြင်ပါလား"

"သူမောင် နေမကောင်းလို့တဲ့ လူနာသတင်း သွားမေးတာယ်လေ၊ အငယ်မကတော့ ကျောင်းပိတ်ရက်မို့ ကစားလို့ကောင်းတုန်း"





အိမ်ပေါ်တက်တော့ ထမင်းဝိုင်းက ခူးခပ်ပြင်ဆင်ပြီးတော့ နွေဦးက ကျွန်တော့်ကို လက်ဆေးရေပေးတော့ လက်ဆေးရင်း ဟင်းဝိုင်းကို ကြည့်ကာ...

"ဟာ ... အပျံစားပါလား၊ ပိုက်ဆံထောနေတယ်နဲ့ ထင်တယ်"

"ဒါပေ့ါ ဦးရဲထက်နဲ့တွေ့ပြီး ကြော်ငြာရိုက်ဖို့ ငွေအကြေ ရလာပြီလေ"

ကျွန်တော့်ကို ဟင်းခပ်ထည့်ပေးတော့...

"မသိရင် အခုမှ ညားကာစ လင်မယားကျနေတာပဲ"

"ခွေးစုတ်..."

သူမက နှုတ်ခမ်းစူကာ ပြောတော့ ကျွန်တော် ရယ်ပါသည်။

"အစ်ကိုကြီးက သဘောကောင်းတယ်ဟ"

"အခေါ်အဝေါ်တွေ ပြောင်းနေပါလား"

"သူက အဲဒီလို ခေါ်ခိုင်းတာကိုဟဲ့"

"အေးနော် .. ဟုတ်တော့လည်း ဟုတ်တယ်ဟ..၊ မသိတဲ့လူဆိုရင် ငါတို့နဲ့ လေးငါးနှစ်လောက်ပဲ ကွာတယ် ထင်ရအောင် ဦးရဲထက်က နုပျိုနေပုံရတယ်နော်"

"အင်း .. ပြီးတော့ နင့်ကြောင့်မို့လို့နဲ့တူတယ်၊ ငါ့ကိုပေးတဲ့ စရန်ငွေက နာမည်ကြီးမော်ဒယ် ပေါက်ကြေးလောက် ရှိတယ်ဟ၊ ပြီးတော့လည်း ကြော်ငြာရိုက်ဖို့ဆိုပြီး ဝယ်ပေးတဲ့ အဝတ်အစားက မနည်းဘူး၊ ဦးရဲထက် တော်တော်ကို ကုန်သွားမယ်"



www.burmeseclassic.com1

www.burmeseclassic.com



"အေးဟာ .. အိမ်မှာလည်း ဦးရဲထက် ဒရိုင်ဘာ လာပို့သွားတာ ပြင်းလို့လည်း မရဘူး။ တီဗွီတွေ၊ အောက်စက်တွေ၊ ရေခဲသေတ္တာတွေ၊ မုန့်ပုံး အစုံအလင်ပဲဟာ"

"နင်တော့ ပွတာပေါ့ဟာ..၊ အစ်ကိုကြီး ဝါ့ကို ပြောပြတယ်ဟ"

"ဒါပေမယ့် တစ်မျိုးကြီးပဲဟ .."

"ဘာဖြစ်လို့လဲ"

"ဩော် .. ငါ ကူညီလိုက်တာ စေတနာနဲ့လေ၊ သူက အခုလို လုပ်တော့ .."

"ဟာ ... မဆိုင်ပါဘူးဟာ၊ နင့်စေတနာကို သူ နားလည်ရင် ပြီးတာပဲဟာ"

ထမင်းကလည်း စားလို့ကောင်းပါသည်။

"ရော့ .. ထပ်ယူဦး"

နွေဦးက ထမင်း ထပ်ထည့်ပေးပါသည်။

ထမင်းစားသောက်ပြီးစီးတော့ အိမ်ရှေ့ကွပ်ပျစ်မှာ နှစ်ယောက်အတူ စကားပြောဖြစ်ကြပါသေးသည်။





"ဟင် .. မောင်မင်းယံ .."

"အစ်ကိုကြီး .."

ကျွန်တော်နဲ့ ဦးရဲထက် နိုင်ထူးတို့ခြံထဲမှာ ရုတ်တရက် တွေ့တော့ နိုင်ထူးက အံ့ဩနေပုံရသည်။

ဦးရဲထက်က ကားပေါ်က ဆင်းလာပြီး...

"ဘယ်က လာတာလဲကွ.."

"နိုင်ထူးဆီ လာတာ အစ်ကိုကြီး"

"မင်းနဲ့ အန်ကယ်ရဲထက်နဲ့က သိတယ်"

ဦးရဲထက်က တအံ့တဩနဲ့ပြောတဲ့ နိုင်ထူးကို...

"မောင်မင်းယံက အန်ကယ်ရဲ့ အသက်သခင် ကျေးဇူးရှင်လေကွာ"

ဦးရဲထက် အဲဒီလိုပြောလေ နေရထိုင်ရတာ မွန်းကျပ်လာလေလေပဲ။

www.burmeseclassic.com1

www.burmeseclassic.com



"မင်းညီမ နွေဦးနဲ့ ကြော်ငြာရိုက်ဖို့က အဆင်သင့်ပဲ၊ ကြော်ငြာရိုက်ဖို့တောင် ပြင်ဦးလွင် သွားရဦးမယ်"

"ဟုတ်လား .. အစ်ကိုကြီး"

"မင်းကို နွေဦး မပြောပြဘူးလား"

"ကျွန်တော်နဲ့ ဒီတစ်ရက်၊ နှစ်ရက် မတွေ့သေးဘူး အစ်ကိုကြီး"

"ကဲ .. နောက်မှ အန်ကယ် မင်းဆီ လာခဲ့ဦးမယ် မောင်မင်းယံ၊ နိုင်ထူး ကိုကြီးနိုင် ရှိလား"

"ရှိတယ် အန်ကယ် .. အထဲမှာ .."

ကျွန်တော်နဲ့ နိုင်ထူး ခြံထဲဆင်းလာတော့...

"မင်းက ဘာအဓိပ္ပာယ်နဲ့ အန်ကယ်ရဲ့ထက်ကို နွေဦးက မင်းညီမလို့ ပြောရတာလဲ..၊ ပြီးတော့ နွေဦးနဲ့ အန်ကယ်က..."

ကျွန်တော်က အဖြစ်အပျက် အစုံအလင်ကို ပြောပြပါသည်။

"မင်းကွာ .. မင်းရည်းစားလို့ ပြောလိုက်တာ မဟုတ်ဘူး၊ လိမ်စရာမဟုတ် ကြံဖန်လိမ်နေတယ်"

နိုင်ထူးရဲ့ စကားကြောင့် မင်းယံက ပြုံးနေပြီး...

"ဩော် ... ငါ့ကိုပေးတဲ့ အခွင့်အရေးကို သူစိမ်းတစ်ယောက်ကို ပေးလိုက်ရင် အစ်ကိုကြီးစိတ်က တစ်မျိုးထင်မှာ ငါ စိုးရိမ်တယ်လေ"

"ဘာဆိုင်လဲကွာ .. မင်းကိုက ကြံဖန် အားနာနေတာ"





"ဟဲ့ .. ဘာတွေ အားနာနေတာလဲဟဲ့"

သူတို့နှစ်ယောက် စကားပြောဆိုနေကြရာ ခြံထဲက ခုံတန်းရှိရာဆီ မနွယ်နီက နားစွန်နားဖျားကြားလို့ လှမ်းမေးပါသည်။

"ဒီကောင် မင်းယံလေ မမရာ .. မဟုတ်တာကို အဟုတ်လုပ်နေပြီ၊ ဟုတ်နေတာကို မဟုတ်အောင် လုပ်နေတယ်"

"နင်တို့ဟာကလည်း ဟုတ်လိုက်မဟုတ်လိုက်နဲ့ ဟုတ်အောင် ပြောဟယ် .."

လည်နေတဲ့ စကားတစ်ခွန်းကို မနွယ်နီက အရှိန်မြင့်နေပါသည်။

နိုင်ထူးက ရယ်ပြီး အစ်ကိုကြီးရဲ့ထက်၊ နိုင်ထူးနဲ့ နွေဦးဖော်တို့ရဲ့ပတ်သက်မှုတွေကို ပြောပြတော့ မနွယ်နီက ပါးစပ်အဟောင်းသားနှင့်...

"ဒါဆို အခု နွေဦးက အန်ကယ်ရဲ့တို့နဲ့ ကြော်ငြာရိုက်နေတာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြပါသည်။

"နင်ကိုက ကိုယ့်ရည်းစားဆို ကိုယ့်ရည်းစားလို့ ပြောလိုက်ရင်ပြီးတဲ့ဟာ၊ မတော် အန်ကယ်ရဲ့က နှင့်ကောင်မလေးကို ကြိုက်သွားပါရဲ့ .. အဲဒီကျမှ ငိုပွဲနွှဲနေရဦးမယ်"

"ဟာ ... မဖြစ်နိုင်ပါဘူး မမရယ်..၊ အန်ကယ်ရဲ့ ဒီကိစ္စတွေ စိတ်ဝင်စားနေရင် အန်ကယ်ရဲ့နားမှာ ဝိုင်းဝိုင်းလည်နေတာပဲ အစောကြီးကတည်းက ထပ်အိမ်ထောင်ကျနေလောက်ပြီ"



www.burmeseclassic.com1

www.burmeseclassic.com



"ဩော် .. မောင်လေးရယ် မိုးမပြိုသည်ရှိသော် .."

မမနွယ်နီက ဒီလောက်ပဲ ပြောပြီး ထွက်သွားပါသည်။

"ကဲ ... ငါတို့လည်း လစ်မယ်..၊ ဟိုကောင် အကြာကြီး စောင့်နေရလို့ မင်းနဲ့ငါကို ဒေါပွနေဦးမယ်"

ကျွန်တော် ခေါင်းညိတ်ပြပြီး နိုင်ထူးနဲ့အတူ နိုင်ထူးကားရှိရာကို လျှောက်လာခဲ့ကြပါသည်။





## "ဟော .. လာပြီ"

ကျွန်တော့်စကားကြောင့် အေးမြင့်ကျော်က လှမ်းကြည့်ပြီး...

"ဟေ့ကောင် .. သွားလေ"

နိုင်ထူးက လက်ဖက်ရည်သောက်နေရာမှ စပ်ဖြဲဖြဲနှင့်...

"ငါ နည်းနည်းလန့်တယ်ကွ"

"ဟာ ... သွားမှာသာ သွားစမ်းပါကွာ"

သုံးယောက်သား လက်ဖက်ရည်သောက်ရင်း နိုင်ထူး ကြွေနေတဲ့ မြတ်မွန်ထွေးဆိုတဲ့ ချာတိတ်မလေးကို နိုင်ထူး ရည်းစားစကား ပြောဖြစ်ဖို့ မြှောက်ပေးနေကြခြင်း ဖြစ်ပါသည်။

"ဟေ့ကောင် အခွင့်အရေးဆိုတာ နှစ်ခါ မရဘူးနော်..၊ သုံးခါလောက်ပဲ ရချင်ရမှာ"

"ဟာ ... မင်းက အရေးထဲ နောက်နေပြန်ပြီ၊ ဒီမှာမသွားရဲလို့ ဖြစ်နေတဲ့ကြားထဲ.."



www.burmeseclassic.com1

www.burmeseclassic.com



"သွားသာ သွားလိုက်စမ်းပါ ဖြစ်တယ်"

အေးမြင့်ကျော်က အဆင်းကို ချောဆီတပ်ပေးပါသည်။

ကျွန်တော်က နိုင်ထူးကို ဆွဲထူပြီး အတင်းလွှတ်တော့ နိုင်ထူးက ခေါင်းကုတ်ရင်း တွန့်ဆုတ်တွန့်ဆုတ်နှင့် ထွက်သွားပါသည်။

နိုင်ထူး ကြောက်ရွံ့ရွံ့နဲ့ သူမအနားကို တိုးကပ်သွားတော့ သူမက မော့ကြည့်ရင်း...

"မြတ် .. မြတ် .."

နိုင်ထူးရဲ့ ထစ်ထစ်ငေါ့ငေါ့ အသံကြောင့် မြတ်မွန်ထွေးက...

"ဘာ မြတ် လဲ"

"ဆင်ငိုမြက် .. ဟာ .. မဟုတ်ပါဘူး၊ မြတ်မွန် .."

နိုင်ထူး စကားကြောင့် မြတ်မွန်က ဟိုကြည့်ဒီကြည့်နှင့်...

"ဘာ မြတ် လဲ"

"ဟဲ .. ဟဲ .. ဒီမြတ်မွန်လေ"

နိုင်ထူး သူမကို သွားအဖြဲသားနှင့် လက်ညှိုးထိုးပြတော့...

"ဒီမြတ်မွန်လည်း မရှိဘူး .. စီရော်နယ်ဒိုလည်း မရှိဘူး .. ဘယ်သူလဲ မြတ်မွန် .."

"မြတ်မွန်က မြတ်မွန် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

နိုင်ထူး တွေးမရ ဖြစ်သွားပါသည်။





"ဒါဖြင့် ခွေဆိုင်မှာ မြတ်မွန်ဆိုတာက..."

သူမက ပါးချိုင့်လေးတွေ ပေါ်အောင်ပြုံးရင်း...

"ရှင့်ကို ကိုမင်းယံကြီး ကျပ်လိုက်ပြီနဲ့တူတယ်"

"ခင်ဗျာ .."

"ဟုတ်တယ် .. မြတ်မွန်ထွေးဆိုတာ ကျွန်မအစ်မ.၊ အစ်မနာမည်နဲ့သာဘုရားဘုရားနေတော့ မြတ်မွန်ထွေး နာမည်နဲ့ပဲ ခွေဂုဏ်ဖြစ်နေတာ.."

"ဟင် ... ဒါဆို ဒီက .."

"ကျွန်မနာမည် ဂျင်နီဖာလိုပတ် .. ဟောလီဝုဒ်ကလေ"

"ဗျာ!... ဂျမခါနာညိုသက် .. သာကေတက .."

"ရှင် နေဦး"

သူမက သူ့အလှည့်ကျတော့ မျက်စောင်းထိုးပြီး...

"အဟမ်း ... မပြောမပြီး မတီးမမြည်ဆိုသလို"

"ပြောပြီးပြီပဲ ထားလိုက်..၊ အကြွေးရှင်ကိုလေ"

သူမကလည်း တိုက်ချင်းပစ်လမ်းကြောင်း မျက်ခုံးကျည်နှင့် ထမ်းလွှဲသည်။ ကျွန်တော့်ခုံးကျည်ကလည်း ကွေ့ရှောင်ပြီး အဓိက ပစ်မှတ်ဆီသို့...

"အကြွေးရှင်တို့မည်သည် အတိုးအရင်း မှန်မှန်လေးပေးနိုင် ဖြစ်ပါတယ်၊ ကျွန်တော်ကို ထောင့်ငါးရာလောက် ချေးပါဦး"

"ချေးပါနေအောင် ရှင် ရေမဆေးတူးနဲ့တူတယ်"



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော်တို့ ချစ်ခြင်းမေတ္တာက စကတည်းက နံနံစော်စော်ပါ။

"အချစ်တွေကို $PH_7$ နဲ့ သန့်စင်ထားပါတယ် မြက်ပင်ရိုင်းလေး ရယ်၊ ဆွဲဖြတ်လို့မရအောင် ခိုင်ခံ့တဲ့ ကို့ရင်ထဲက သံယောဇဉ်တွေကို အသိအမှတ်ပြုပေးပါနော်"

သူမက နှာခေါင်းရှုံ့သည်။

"နှာခေါင်းရှုံ့လို့ အကြောင်းမဟုတ်ပေမယ့် .. ရောင်းထုတ်ရန် ဆန္ဒမရှိတဲ့ ကို့အချစ်တွေက ဒီက ချာတိတ်မအတွက်ပါ"

"ရေဒီယိုစာတ်လမ်း ကျနေတာပဲ"

သူမစကားကြောင့် ကျွန်တော် ရယ်ပြီး...

"ကဲ .. တည်တည်နဲ့တုံ့တုံ့ကို တွဲပြီး ပြောရရင် မင်းကို အရမ်း ချစ်တယ် မြတ်မွန်၊ ကဲ ... အဖြေပေး"

အခုလိုကျတော့လည်း သူမ ရှက်တတ်နေပြန်သည်။

"ဟ .. အဲလောက်ကြီး မြန်မြန်ပေးရအောင် ရှင် ရည်းစားစကား ကို တက္ကစီ စီးပြီး ပြောသလိုပဲ"

"ကျွန်တော့်နာမည် ခင်ဗျား သိသွားပြီ..၊ ကိုယ်တိုင် ထောက်ခံ ချက်အရ ကျွန်တော် အကျင့်ကောင်းတယ်"

"ဘယ်လို ယုံရမှာလဲ"

"ယုန်ကောင်တစ်ကောင် ပိုက်ပြီး ဆေးရုံထဲမှာ ပြောပြရမလား"

သူမက ရယ်သည်..။





"နည်းနည်းလေး ရုံဖန်ရံခါ သောက်တတ်တယ်"

"ဘယ်လို ရုံဖန်ရံခါလဲ .."

"တစ်ပတ်ကို ရှစ်ရက်လောက်ပါ"

"ဘယ်လို .."

"မသောက်တာကို ပြောတာပါ"

သူမက မျက်စောင်းလှဲ့လှဲ့ ကာတင်တွေနဲ့ ပစ်သည်။

"လောင်းကစားဆိုလို့ ဘောလုံးကန်လို့ အသင်းခေါင်းဆောင် အရွှင်းချင်း ကွင်းရွေးရင်တောင် ခြောက်ပန်းမလှန်ဘူး..၊

"ဟင် .. ဒါဆို ဘယ်လို ကွင်းရွေးလဲ"

"ပိုက်ဘာထုပ်နဲ့ ဖဲချပ်ဆွဲတယ်"

"ဘယ်လို .."

"ဒိုမြင့်လူကို ဆွဲခိုင်းတာပါ"

"မိန်းမကိစ္စကတော့ ကင်းသလား မပြောနဲ့ ထမင်းစားရင် တောင် လက်အိတ်စွပ်ပြီးမှ စားတာဗျ"

"ဘာဖြစ်လို့လဲ"

"လက်မ မြင်ရမှာစိုးလို့"

"ရှင်ကတော့လေ .."

"ကဲ .. ဘာကျန်သေးလဲ"

သူမက စဉ်စားဟန်ပြုပြီး...



www.burmeseclassic.com1

www.burmeseclassic.com



"ရှင် နိုင်ငံခြားကပြန်လာတာဆို .. ဘယ်နိုင်ငံကလည်း .."

"အရှေ့ကိုရီးယား"

"ဟာ .. မကြားဖူးပါဘူး"

"အရှေ့ရှန်ကင်းက ကိုရီးယားစားသောက်ဆိုင်ကနေ မနက်စာစားပြီး ပြန်လာတာ"

"ကဲ .. စကားအတည်ပြောစမ်းပါရှင်"

"မင်းကို ချစ်တယ်"

"ဟာ!..."

စကားအကောင်း ပြောပြန်တော့လည်း ရှက်နေပြန်ပါသည်။ သူမ လမ်းထိပ်ရောက်ခါနီးပြီမို့...

"ပြန်တော့လေ .. အိမ်ကတွေ့ရင် မကောင်းဘူး"

"ကောင်းသွားအောင် ကန်တော့ပွဲနဲ့ လာတောင်းမယ်"

"ကျွန်မ ကြီးတော်ကြီးကိုလား"

"ဟာဗျာ.."

"ကဲပါ ... ပြန်ပါတော့ .."

"ခွေလာဂုဏ်းနော် .. သုံးခွေတစ်ထောင် ဂုဏ်းမယ်"

သူမ သဘောကျစွာရယ်ရင်း ခေါင်းညိတ်ပြကာ ထွက်သွားပါသည်။ နိုင်ထူးလည်း အခြေအနေကောင်းလောက်တာ သိနေပြီမို့ အရှင်ကာ လေလေးချွန်ပြီး ဟိုကောင်တွေဆီ ပြန်လာပါသည်။





ဒီကောင် အုမြူးပြီး ပြန်လာကတည်းက အခြေအနေကောင်းတာ သိသာသည်မို့ အေးမြင့်ကျော်က မင်းယံကို မျက်စိမှိတ်ပြကာ ပြောလက်စ စကားကို စိတ်ဝင်စားဟန်နှင့် ဆက်ပြောနေပါသည်။

"ဒါဆို မြောက်ကိုရီးယားက မာတုလက်နက်တွေကို ဌရုတ်သီးမှုန့်စက်ရုံနားမှာ ထောင်မှာပေါ့"

"ဒါပေါ့ မင်းယံရာ .. ကုန်ကြမ်းမပြတ်သေးဘူးပေါ့၊ အဲဒါ အရေးမကြီးဘူး မြောက်ကိုရီးယားကြောင့် ဘုတ်ဆုံမလည်း စိတ်ညစ်နေပြီ"

"ဘုတ်ဆုံမက ဘာကြောင့် စိတ်ညစ်ရမှာလည်း သူက မြောက်ကိုရီးယားကို သွားချင်လို့လား .. ငါကြားတာတော့ ဘုတ်ဆုံမက ငင်ကာပူသွားမလို့ဆို .."

"ဟာကွာ .. ရပ်ကွက်ထဲက ဘုတ်ဆုံမကို ပြောတာမဟုတ်ဘူး၊ ငရုတ်သီးမှုန့်ရောင်းတဲ့ ဘုတ်ဆုံမလေ .. သူ့ ကုန်ကြမ်းပြတ်မှာ စိုးရိမ်နေတယ်"

နိုင်ထူး ဒီကောင် မြတ်မွန်နဲ့ အဆင်ပြေလာတဲ့စကားကို ဒီကောင် နှစ်ကောင်ကို ပြောချင်နေပေမယ့် ဒီကောင်တွေက အရေးစိုက်တော့ အခက်တွေ့နေပါသည်။

"ဒါဆို တောင်ကိုရီးယားက ..."

"ဘယ် အတင်အစီးခံမလဲ မင်းယံရာ .."



www.burmeseclassic.com1

www.burmeseclassic.com



"ဘာဖြစ်လို့လဲ"

"ခါးနာနေလို့ ဖြစ်မှာပေါ့"

နိုင်ထူး ဒီကောင်တွေ အကျင့်ယုတ်နေမှန်း သိတာကြောင့် ခပ်အေးအေးဟန်နဲ့ ထရပ်ဟန်ပြပြီး...

"အင်းလေ အစကတော့ ငါနဲ့ မြတ်မွန်ရဲ့ အကြောင်းကို ဘီယာလေး မင်းတို့ကိုတိုက်ပြီး ဘဲကင်လေးစားရင် ပြောရင်ကောင်းမလား လို့ အခုတော့ မင်းတို့စကားဝိုင်း ကောင်းနေတာနဲ့ မနှောင့်ယှက်တော့ပါဘူးကွာ..၊ ဒီဝိုင်း မင်းတို့ရှင်းလိုက်နော်..၊ အိမ်ပြန်ပြီး ကောင်မလေးအကြောင်း အိပ်ရာထဲမှာ စဉ်စားခန်းဖွင့်လိုက်ဦးမယ်"

ပြောပြီးလှည့်ထွက်သွားတော့ အေးမြင့်ကျော်နဲ့ မင်းယံ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ...

"ဟာ .. ဟေ့ကောင် ငါတို့စကား အရေးမကြီးဘူး ဟေ့ .. ပိုက်ဆံရှင်းမယ်"

"ဟေ့ကောင် .. အမြန်ရှင်း .."

ခနဲ့မှန်းခြေတွက်ပြီး နှစ်ယောက်သား နိုင်ထူးနောက်လိုက်တော့ နိုင်ထူးက တဟားဟားနဲ့ အော်ရယ်ပါတော့သည်။





ကျွန်တော် နွေဦးတို့အိမ်ရှေ့ကို လှမ်းကြည့်တော့ ကားလှလှလေးတစ်စီး ထိုးရပ်ထားပါသည်။

မင်းယံ အိမ်ရှေ့ရောက်တော့ နွေဦးကို အလှအပတွေ ပြင်ဆင်ပံ့ပိုးပြီး အိမ်ပေါ်က ဆင်းလာပါသည်။

သူ့ကိုမြင်တော့..

"ဟယ်... မင်းယံ .. နင်နဲ့ မတွေ့ရတာတောင် အတော်ကြာနေပြီ နောက်မှပဲ တွေ့မယ်၊ ကားလာကြိုနေလို့ သွားပြီ"

သူ ဘာမှတောင် မပြောလိုက်ရပါ။

သူမက ကားပေါ်တက်သွားကာ မင်းယံကို လက်ပြပါသည်။ ကားထွက်သွားရာကို ကြည့်ပြီး မင်းယံ သက်ပြင်းရှည်ကြီး ချမိပါသည်။

"မောင်မင်းယံ အိမ်ပေါ်တက်ဦးလေ"



www.burmeseclassic.com1

www.burmeseclassic.com



"ဟုတ်သားပဲ ကိုကြီးမင်းယံကလည်း မမ မရှိဘူးဆိုတာနဲ့ အိမ်ပေါ်တက်ဖို့တောင် ဆန္ဒမရှိတော့ဘူး"

ဒေါ်လေးနဲ့ ဆောင်းဦးတို့ စကားကြောင့် ကျွန်တော် ရယ်ရင်း အိမ်ပေါ်တက်ခဲ့တော့ ဒေါ်လေးက ရေနွေးကြမ်းအိုးကို ယူ၍ နောက်ဖေးသို့ ဝင်သွားပါသည်။

"ညည်းရော စာတွေလိုက်နိုင်ရဲ့လား .."

ဆောင်းဦးက ခေါင်းညိတ်ပြပါသည်။

"ကိုကြီး သိလား .. မမ ကြော်ငြာက အရမ်းပေါက်တယ်လို့ ပြောတယ်၊ ကျောင်းမှာလည်း အခုမှ မညီမမှန်းသိတော့ ဆောင်းဦးကို အရမ်းခင်ချင်ကြတာ"

ဒီရက်များရဲ့ နောက်ပိုင်းမှာ သူနဲ့နှေဦး အချိန်တော်တော်ကြာ မတွေ့ဖြစ်ခဲ့တာ အမှန်ပါ..။

"အခုကြော်ငြာတွေ ဆက်တိုက် မမရိုက်နေတော့ မမမှာ အားတဲ့ရက်ကို မရှိဘူးတဲ့"

ဆောင်းဦးနဲ့ စကားပြောဆိုနေကြစဉ်မှာ ဒေါ်လေး ရေနွေးဗန်း လာချပေးရင်း ...

"အခုလည်း မင်းသူငယ်ချင်း နှေဦးက တိုက်ခန်းတစ်ခန်း ဝယ်ထားတယ်ဆိုလား ဒေါ်လေးကို ပြောတယ်လေ"

ကျွန်တော် တကယ်အံ့ဩရပါသည်။



အဖြစ်အပျက် ပြောင်းလဲမှုက ဒီလောက်မြန်ဆန်လိမ့်မယ်လို့ သူ မတွေးမိ...။

"ဟို .. ဦးရဲထက်ဆိုတဲ့သူက စာချုပ်ချုပ်ပြီး တိုက်ခန်းကို ဝယ်ပေးထားတာတဲ့၊ ဂုဏ်မငယ်အောင်လို့ ပြောတာပါပဲကွယ်"

ကျွန်တော့်ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ ဆူညံနေခဲ့ပါသည်။

ရင်ထဲကအပူက ဘာကိုရည်ရွယ်နေသလဲ သူ သိသည်။

"မင်းလည်း သမီးရှိတဲ့အချိန် အိမ်ကို လာလည်ပါဦးကွယ်၊ နှေဦး က တစ္စတ်ထိုးကွယ့်၊ မင်းစကားကလွဲပြီး ဘယ်သူ့စကားမှ နား ထောင်တာ မဟုတ်ဘူး မောင်မင်းယံ"

"ဟုတ်ကဲ့ပါ ဒေါ်လေး .. ကျွန်တော်လည်း ဆိုင်သွားလိုက်ဦး မယ်..၊ ဒီနေ့ သူငယ်ချင်းက မြို့ထဲသွားတော့ ကျွန်တော် ဆိုင်ဖွင့်တဲ့ အလှည့်လေ"

"ထမင်းစားသွားဦးလေ"

"နောက်မှပဲ ဒေါ်လေး"

ဒေါ်လေးနဲ့ ဆောင်းဦးကို နှုတ်ဆက်ပြီး ကျွန်တော် ဆိုင်ဘက်ကို ခြေဦးလှည့်ခဲ့ပါသည်။

ဆိုင်ရောက်တော့ အေးမြင့်ကျော်က ဆိုင်တောင် ဖွင့်ပြီးနေပြီ..။



www.burmeseclassic.com1

www.burmeseclassic.com



"မင်း မြို့ထဲ မသွားဘူးလား"

"မသွားတော့ဘူးကွာ .. ငါ့ညီပဲ ခိုင်းလိုက်တယ်"

ကျွန်တော်က ဘေးလက်ဖက်ရည်ဆိုင်ကို လက်ဖက်ရည် လှမ်းမှာတော့ အေးမြင့်ကျော်က စာအုပ်အသစ်တွေ အဖုံးချုပ်နေရာမှ -

"ငါ့အတွက် တစ်ခွက် ပို့မှာလိုက်ကွာ .. စီးကရက် မမှာနဲ့တော့ မနေ့က ခိုင်ထူး စီးကရက်တစ်ဘူး ထားသွားတယ်"

ကျွန်တော် အေးမြင့်ကျော်အတွက် တစ်ခွက် ထပ်မှာပေးပါသည်။

အေးမြင့်ကျော်က စာအုပ်အဖုံးချုပ်နေရင်း...

"နွေဦးတောင် အတော်အောင်မြင်နေတာပဲကွ .. ညကမှ တီဗွီက သူ့ကြော်ငြာတွေ တွေ့မှ ငါ သတိထားမိတယ် မင်းယံ"

"အင်း .."

ကျွန်တော့်ရဲ့ စိတ်မပါတပါ အသံကြောင့် အေးမြင့်ကျော်က မော့ကြည့်သည်။

"မင်းနဲ့ နွေဦး တွေ့ကြသေးလား"

"သူ့အလုပ်နဲ့သူ ငါ့အလုပ်နဲ့ငါ ရှုပ်နေတာနဲ့ တော်တော်ကြာပြီ မတွေ့ဖြစ်ဘူး"

အေးမြင့်ကျော်က အဖုံးဆက်မချုပ်သေးဘဲ သူ့ကို အကြာကြီး ငေးစိုက်ကြည့်နေမှန်း သူ သိပေမယ့် မသိချင်ယောင် ဆောင်နေ





လိုက်ပါသည်။

"ဩော် .. ညီလေး ထားခဲ့"

ဘေးဆိုင်က စားပွဲထိုးလေးက လက်ဖက်ရည်ခွက်တွေကို သူတို့ ရှေ့မှာ လာချပေးပါသည်။ ကျွန်တော် လက်ဖက်ရည်ကို တစ်ငုံ သောက်ရင်း ...

"ဒီကောင်တွေဆိုင်က လက်ဖက်ရည်က ဘယ်တော့မှ ပူတယ် ရှိဘူး။ အကျရေအိုးကို မီးသွေး အမြဲမထည့်ဘူးထင်တယ်"

အေးမြင့်ကျော်က ကျွန်တော့်စကားကြောင့် ပြုံးသည်။

"အဲဒါပဲလေ အမြဲတမ်း ဖြည့်ပေးနေမှ နွေးမှာ"

ကျွန်တော် အေးမြင့်ကျော်ရဲ့ စကားကို နားမလည်တာကြောင့် မော့ကြည့်သည်။

အေးမြင့်ကျော်က စာအုပ်သားကို စာအုပ်ချုပ်တဲ့အချွန်နှင့် တစ်ဆုံး ထိုးသွင်းလိုက်သည်။

"မင်း နွေဦးနဲ့ အဆက်အသွယ် မပြတ်စေနဲ့ မင်းယံ"

"ဘာဖြစ်လို့လဲ .."

"ဩော် .. မင်းသောက်တဲ့ လက်ဖက်ရည်လို ဖြစ်မှာစိုးလို့"

ကျွန်တော် ဆက်မမေးတော့.၊ ခွေဟာ့တဲ့တစ်ယောက် ရောက်လာပါတယ်။

နိုင်ထူးရဲ့ကောင်မလေး မြတ်မွန်..၊



www.burmeseclassic.com1

www.burmeseclassic.com



မြတ်မွန်က ကျွန်တော့်ကို ခွေပေးရင်း ဆိုင်ထဲသို့ တယ်ချက်ဇွေ ကြည့်ပါသည်။

"ဒီခွေက ကောင်းလည်းမကောင်းဘူး"

"နင့်ဘာသာ ရွေးယူသွားတာလေ"

မြတ်မွန်က ရယ်နေပါသည်။

"ဒီနေ့ ကျောင်းမတက်ဘူးလား"

ကျွန်တော့်စကားကြောင့် မြတ်မွန်က ရယ်ရင်း...

"ဒီနေ့ ကျောင်းပိတ်ရက်လေ ကိုမင်းယံကြီးကလည်း"

"ဩော် ... ဟုတ်တာပဲ"

ကျွန်တော်လည်း ဒီနေ့ စိတ်နဲ့လူနဲ့ မကပ်နိုင်ခဲ့ပါ။

"ကိုမင်းယံ ဟိုဒင်း မလာဘူးလား"

မြတ်မွန်ထွေးက ရှက်သလိုလိုနဲ့ မေးတော့...

"ဘယ်သူလဲ.. ငါ့အမေလား ? ထမင်းစားချိန် ထမင်းလာပို့မှာပေါ့"

"ဟာ .. အဲဒါပြောတာ မဟုတ်ဘူး"

"ဩော် ... အေးမြင့်ကျော်လား..? အေးမြင့်ကျော် မင်းကို မြတ်မွန် မေးနေတယ်"

အေးမြင့်ကျော်က ခပ်တည်တည်နှင့်...

"ဘာလဲ ညီမလေး .. ညည်းအစ်မ ငါ့ကို သတိရနေတယ် ပြောလို့လား"



"အောင်မာ .. ကျွန်မအစ်မကိုများ .."

မြတ်မွန်က နှုတ်ခမ်းစူပြတော့ အေးမြင့်ကျော်က...

"ကဲပါ .. ညည်း ဘာကိုမေးနေတယ်ဆိုတာ ငါသိတယ်၊ နိုင်ထူး မှာသွားတယ်၊ မြတ်မွန် လာခဲ့ရင် ညနေကျရင် ကြေးအိုးဆိုင်မှာ ဒီကောင် စောင့်မယ်တဲ့"

မြတ်မွန်က အေးမြင့်ကျော်စကားကြောင့် နှုတ်ခမ်းစူရင်း...

"အဲဒီလူကြီးကလေ ကတိလည်း မတည်ဘူး။ တစ်နေ့ကကျ တော့ ဒီအချိန် ခဏလေး ထွက်ခဲ့ပါလို့ ပြောပြီး .."

"ဟဲ့ .. သူ့အဖေ နိုင်းထားလို့ဟဲ့၊ ဒီကောင်က ညည်းအိမ်မှာ အိမ်ငှားပြီး ညည်းမျက်နှာကို ကြည့်နေချင်တဲ့ကောင်ဟဲ့ .."

"ဟာ .. ကိုအေးမြင့်ကြီးနော်"

ရှက်ကိုးရှက်ကန်းနဲ့ မြတ်မွန်က အော်တော့...

"အဲဒီ သောကအပူတွေကြားထဲမှာ နေရတာ စိတ်မောတယ်၊ ငါ့ဘာသာ တစ်ကိုယ်ရည်တကာယ နေတာပဲ ကောင်းတယ်"

"ဒါဆို ကိုအေးမြင့်ကြီး မမနဲ့ အောင်သွယ်နိုင်းတာ မလုပ်ပေး တော့ဘူး"

မြတ်မွန်စကားကြောင့် အေးမြင့်ကျော်က ရုတ်ချင်းပင်...

"လူဆိုတာ ဆေးပေးမီးယူလေးရှိမှ အသက်ကြီးရင် စိတ်ချရမှာ ပါ မြတ်မွန်ရယ်"

www.burmeseclassic.com



"အဲဒါဆို လဲသေလိုက် .. သွားပြီ .. ညနေကျမှ ကိုကိုနဲ့ အမွေ သစ်ပေးလိုက်တော့"

"ဘယ်က ကိုကိုလဲ .."

"ကိုအေးမြင့်ကြီးနော်"

"ပြောလိုက်ရင် ကိုအေးမြင့်ကြီးနော်နဲ့ ဟိုကောင်တွေ ရင်တော့ နှစ်ယောက်စလုံး တရော်နဲ့ကင်ပွန်း ရောထားသလိုပဲ ရှုံ့မှုစ်နေကြတာ"

"အဲဒါ မနာလိုမရှိနဲ့လေ"

ကျွန်တော်ကတော့ မြတ်မွန်ကိုကြည့်ပြီး နွေဦးကို သတိရမိပါသည်။ သူတို့ကိုကြည့်ပြီး ဘယ်လောက် စိတ်ချမ်းသာစရာ ကောင်းလိုက်သလဲ နွေဦးရယ်...။





"ကိုကြီး အလုပ်ကိစ္စရှိရင် ပြန်ချင်ပြန်လေ"

ရဲထက် အပြုံးနဲ့ ခေါင်းခါပြလိုက်မိရင်း...

"ရပါတယ်..၊ မင်း ကြော်ငြာရိုက်ပြီးတဲ့အထိ ကိုယ်စောင့်ပေးမယ် နွေဦး"

"အိုကေ .. ကျေးဇူး"

နွေဦးက ချစ်စနိုးနဲ့ လက်ကာပြပါသည်။ ရင်းနှီးနေပြီဖြစ်တဲ့ အိုက်တာ ကိုအောင်က...

"ကိုရဲထက် ဆင်းပါဦး .. အေးအေးဆေးဆေးကြည့်လို့ရအောင် ကျွန်တော် စီစဉ်ပေးမယ်"

"ကျွန်တော် လာတာနဲ့ ခင်ဗျား အလုပ်ရှုပ်ပြီ"

"ဟာ ... ဒါ ပြောရမယ့်သူတွေမှ မဟုတ်တာ"

ကိုအောင်က သူ့ကို အပူအအေးနှင့် သက်သောင့်သက်သာ ကြည့်ရှုနိုင်ရန် စီစဉ်ပေးပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



ရိုက်ကွင်းမစသေးခင်မို့ သူနဲ့ ကိုအောင် စကားပြောဆိုနေမိပါသည်။ ကိုအောင်က မိတ်ကပ်လူးနေတဲ့ နွေဦးကို ကြည့်ပြီး...

"အင်း .. နွေဦးရဲ့ စန်းက တော်တော်ကောင်းတာပဲဗျ။ ဒြော်.. ဒါနဲ့ ကျွန်တော် ပြောဖို့ မေ့နေတယ်၊ ကျွန်တော် ကုမ္ပဏီတစ်ခုနဲ့ ကားရိုက်ဖို့ စာချုပ်ချုပ်ထားတယ် ကိုရဲထက်..၊ အစကကတော့ ကျွန်တော်နဲ့ စရိုက်တော့ နွေဦးကြော်ငြာက ပေါက်သွားတယ်လေ၊ နွေဦးကို သူတို့တိုက်က မင်းသမီးအဖြစ် ရိုက်ချင် .. စင်တင်ချင်တယ် ပေါ့"

"ဟာ .. ကောင်းတာပေါ့ဗျ။ နွေဦးကို ပြောပြီးပြီလား"

"ပြောတော့ မပြောရသေးဘူး။ ကိုရဲထက်ရှိတုန်း တစ်ခါတည်း ပြောလိုက်ရင် ကောင်းမယ်"

ဦးရဲထက် ပြုံးမိပါသည်။

နွေဦးဆိုတဲ့ တက်သစ်စ မော်ဒယ် ကြော်ငြာမင်းသမီးလေးဟာ သူ့ရဲ့အရိပ်အောက်ကလူလို့ အားလုံး သံသယရှိနေကြပုံရသည်။

ကိုအောင်က မိတ်ကပ်လူးပြီးလို့ မိတ်ကပ်ဆရာမနဲ့ စကားပြောနေတဲ့ နွေဦးကို သူတို့ဆီ လှမ်းခေါ် လိုက်ပါတယ်။

နွေဦးက ဇင်ထိုင် ထိုင်ချင်း...

"ကဲ!... ကိုအောင် .. ကျွန်မကို ဘာများပြောစရာ ရှိပါသလဲရှင်"

ကိုအောင်က နွေဦးရဲ့ ခပ်ရွှတ်နှောက်နှောက် စကားကြောင့်





ချင်း...

"နွေဦးကို ကုမ္ပဏီတစ်ခုခုက ဗီဒီယိုဇာတ်ကား မင်းသမီးအဖြစ် တင်ချင်တယ်"

"တကယ် .."

နွေဦးမျက်ဝန်းလေးတွေက လင်းလက်သွားပြီး ပျော်ရွှင် ရမှာ သံက သံစဉ်တစ်ခုလိုပါပဲ..။

"ကိုကြီး .. နွေဦးကို မင်းသမီးတင်မယ်တဲ့ .. ဝမ်းမသာဘူးလား ..."

ကျွန်တော့်လက်မောင်းကို လှုပ်ပြီး ပြောနေပုံကြောင့် ကိုအောင် ရယ်ရင်း မျက်နှာလွှဲပါသည်။

"နွေဦးနဲ့ ထပ်တူနီးပါး ပျော်တာပေါ့ နွေဦးရယ်"

"တကယ် .."

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။

ကိုအောင်က ကြော်ငြာရိုက်ဖို့ပြောတော့ သူမက ခဏလို့ပြော ရိုက်ကွင်းတည်နေရာကို လျှောက်သွားပါသည်။

နေ့စဉ် သူမရဲ့ ဟန်ပန်လှုပ်ရှားမှုမှာ ကျွန်တော့်ဝိညာဉ်ကို အစိမ်း ရသလို ဒါမှမဟုတ်ရင် ရဲထက် အသစ်တဖန် မွေးဖွားလိုက် လို ဖြစ်မိတာတော့ အမှန်ပါ..။

သူမ ရိုက်ကွင်းပြီးတော့ နှစ်ယောက်သား ရှော်ပင်ထွက်ခဲ့ကြပါ



www.burmeseclassic.com1

www.burmeseclassic.com



သည်။ ပစ္စည်းတွေဝယ်ပြီးတော့ သူမအတွက် ဝယ်ပေးထားတဲ့ တိုက်ခန်းကို သူမကို ခေါ်သွားပါသည်။

အသင့်နေဖို့အဆဲက ဒက်ကရေးရှင်းကို ပြင်ဆင်ပြီးသားအခန်းကို မြင်ရတော့ ကလေးတစ်ယောက်လို ပျော်ရွှင်သွားပုံက ကျွန်တော် သူမရဲ့နောင်ကြီးမှ မလွတ်ကင်းနိုင်မှန်း သိခဲ့ရပါသည်။

ရင်ဘတ်လေးကိုဖိ ပျော်ရွှင်နေပုံနဲ့ သူမရဲ့လှုပ်ရှားမှု...

"ဘုရားရေ!... ဒါက နွေဦးနေဖို့အတွက် ဟုတ်လား ကိုကြီး"

ကျွန်တော် လက်ပိုက်ကာ ငေးမောရင်း ခေါင်းညိတ်ပြမိပါသည်။ သူမက သူမအတွက် အိပ်ရာပေါ်မှာ စိတ်လွတ်ကိုယ်လွတ် လှဲချရင်း...

"ဟာ!... မိုက်တယ်ကွာ"

"ကဲ .. လာ .. ဂရန်တဲ့ သွားရအောင်..၊ တစ်ခုခုသောက်ရင်း နွေဦးကို ပြောစရာရှိတယ်"

နွေဦးက ခေါင်းညိတ်ပြရင်း...

"ကိုကြီးသွားနှင့်လေ နွေဦး လိုက်လာခဲ့မယ်"

ဦးရဲထက် ခေါင်းညိတ်ပြကာ ဂရန်တာကို ကြိုတင်သွားနှင့်ပါသည်။ နွေဦးက သူမအတွက် မစ်ရှိတ်တစ်ခွက်ဖျော်ပြီး ဦးရဲထက်အတွက် ကပ်ပါချီနိုတစ်ခွက်ဖျော်ပြီး ထွက်လာခဲ့သည်။

ဂရန်တာက နောက်မှီကုလားထိုင်မှာ ဦးရဲထက်က ထိုင်ရင်း





တစ်ခုခု စဉ်းစားနေပုံ ရသည်။

သူမက ဦးရဲထက်အတွက် ကပ်ပါချီနိုကို ခုံပုလေးပေါ် ချရင်း...

"ဘာတွေစဉ်းစားနေတာလဲ ကိုကြီး"

ဦးရဲထက်က သူမကို မော့ကြည့်ပါသည်။ ပြီးတော့ ပြောသင့်မပြောသင့် စဉ်းစားနေဟန်ရှိပါသည်။

"နွေဦးကို ကိုကြီး စကားတစ်ခွန်းပြောမယ် .. ဒီစကားတစ်ခွန်းကြောင့် ကိုကြီး နွေဦးအပေါ်ထားတဲ့ စေတနာသန့်သန့်ကို တစ်မျိုးမတွေးစေချင်ဘူး။ နွေဦး ဆုံးဖြတ်ပါ ငြင်းပယ်နိုင်ပါတယ်"

သူ့ရဲ့ နိဒါန်းပျိုးမှုကြောင့် နွေဦးက ရယ်ရင်း...

"နွေဦးကို ရည်းစားစကားပြောဖို့ ဘာလို့ အဲဒီလောက် နိဒါန်းချီနေရတာလဲ ကိုကြီး"

နွေဦးက ပြုံးစေ့စေ့နဲ့ သူ့ကို မေးထောက်ကာကြည့်ပြီး ပြောတော့...

"ဟင်!.. နွေဦး သိတယ်"

နွေဦးက သူ့စကားကြောင့် သဘောကျစွာရယ်ပြီး...

"သြော် .. ကိုကြီးစကား စကတည်းက အသိသာကြီးကို ဟွန်း.."

နွေဦးက နှာခေါင်းရှုံ့ပြီး ပြောတော့..

"ကဲ .. ကိုယ်စပြောမယ်..၊ နွေဦးကို ကိုယ် ချစ်တယ် .. လက်ထပ်ချင်တယ်၊ ကဲ ... နွေဦးဘက်က ..."



www.burmeseclassic.com1

www.burmeseclassic.com



ဦးရဲထက်ကပြောတော့ နွေဦးက ပခုံးတွန့်ပြီး...

"ဟာ!... မြန်မြန်ဆန်ဆန်ကြီးပါလား .. ဒီမှာ ဦးရဲထက် ကျွ
က မိန်းမသားရှင့် စဉ်းစားခွင့်လေး ပေးပါဦး"

"စဉ်းစားထားတာတော့ စဉ်းစားပါ။ သိပ်တော့ကြာကြာ
စားစေချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က အသက်ကြီးပြီ

"ဟွန်း ... ဘာအသက်ကြီးလို့လဲ..၊ သုံးဆယ့်ခုနစ် သုံးဆယ့်
ဆိုတာ အသက်ကြီးတယ် ခေါ်လို့ရလား .. ပြီးတော့ ကိုကြီးဖုံး
ဝိုက်ဆံလည်းရှိတယ်၊ ရုပ်ရည်ကလည်း ရှိရင်းစွဲ အသက်ထက်
တာနော်..၊ နွေဦးတို့အရွယ် ကောင်မလေးတွေက ကိုကြီးဖုံစံကို
သဘောကျတာ"

"နွေဦးရော.."

"ဟာ ... လူလည်ကြီးတော် .. စဉ်းစားပါဦးမယ် ဦးရဲထက်ရ

ကျွန်တော် နွေဦး စကားကြောင့် သဘောကျစွာ ရယ်မိပါသည်

သူမနှင့်အတူ လက်တွဲရမယ့် အနာဂတ်အတွက် ကျွန်တေ
ကြို့တင်စဉ်းစားမိရင်း ဘယ်လောက်ပျော်ရွှင်မိသလဲ နွေဦး မသိပ

❖ ❖ ❖





"မေမြရေ လက်ဖွဲ့ကောင်းကောင်းတော့ ပြင်ဆင်ထားပေတော့"

နိုင်ထူးက သူ့ဒယ်ဒီစကားကြောင့် မမနဲ့ စကားပြောနေရာမှ လှည့်ကြည့်မိသည်။ မာမီခေါ် မင်းမင်းဝေက ဒယ်ဒီအတွက် သံပရာရည်ပန်းကန်ကို လာချပေးရင်း ဒယ်ဒီဘေးမှာ ဝင်ထိုင်ကာ...

"ဘယ်သူများလဲ ဒယ်ဒီကြီးရဲ့.."

ဒယ်ဒီက ရယ်ရင်း...

"ဘယ်သူရှိရမှာလဲကွ .. ဟိုကောင် ရဲထက်လေ"

ဒယ်ဒီစကားကြောင့် မာမီက အံ့ဩဟန် ရင်ဘတ်ဖိရင်း...

"ဘုရားရေ!... ဘယ်လိုက ဘယ်လို .. ကိုရဲထက်က ဒါတွေ စဉ်းစားတာလဲ"

"သူ့အကြိုက် တွေ့သွားလို့ပေါ့ကွာ"

"ဘယ်သူလေးလဲ ဒယ်ဒီကြီးရဲ့"

ဒယ်ဒီက မျက်မှောင်တွန့် စဉ်းစားဟန်ပြုရင်း...



www.burmeseclassic.com1

www.burmeseclassic.com



"အခုနာမည်ကြီးနေတဲ့ မော်ဒယ်ကောင်မလေးကွာ ဘယ်သူ.."

"ဩော် ... နွေဦးဇော်ဆိုတဲ့ ကောင်မလေးလား"

"အေး .. အေး ဟုတ်တယ်"

ကျွန်တော်နဲ့မမ အလန့်တကြား တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြပါသည်။ မမက တိုးတိုးလေး လှမ်းပြောပါသည်။

"မောင်နိုင် ဘယ်လိုတွေ ဖြစ်ကုန်တာလဲဟဲ့"

"ကျွန်တော်လည်း ဘယ်သိမလဲ မမ"

"ဟဲ့ နင် မသိမသာ ဒယ်ဒီ့ကိုမေးကြည့်စမ်း"

နိုင်ထူးက ခေါင်းညိတ်ပြရင်း ဒယ်ဒီကို လှမ်းပြောပါသည်။

"ဒယ်ဒီ .. ဒယ်ဒီ့သတင်းက ဟုတ်ရောဟုတ်ရဲ့လား"

"ဟာ .. ငါက လူကြီးဖြစ်ပြီး မဟုတ်မဟုတ် ပြောပါ့မလားကွ၊ မနေ့ညနေက ဒီကောင် ငါ့ကို ဘီယာတိုက်ပြီး ပြောတာ"

ကျွန်တော် မမကို ကြည့်မိပါသည်။ နိုင်ထူးနဲ့မမ မယောင်မလည်နှင့် ခြံထဲဆင်းထိုင်ရင်း...

"ဘယ်လိုတွေ ဖြစ်ကုန်တာလဲ မောင်လေးရယ်"

"ကျွန်တော်လည်း အဲဒါ စဉ်းစားနေတာ..၊ ဒီကောင့်ဆီသွားပြီး ကျွန်တော် မေးကြည့်ပါဦးမယ်"

"အေး .. မြန်မြန်သွား၊ ပြန်လာရင် ငါ့လည်း ပြောပြဦးဟဲ့"

နိုင်ထူး ခေါင်းညိတ်ပြပြီး...





"ဒီအကြောင်းတွေကို ဒယ်ဒီတို့ကို သွားမပြောနဲ့ဦး မမ"

"အေး .. အေး"

နိုင်ထူး အိမ်ထဲဝင်ပြီး ကားသော့ယူကာ ...

"မာမီ .. သား အေးမြင့်ကျော်တို့ဆိုင် ခဏသွားဦးမယ်နော်"

"အေး ... အေး အရမ်းညဉ့်မနက်နဲ့နော် သား"

"ဟုတ်ကဲ့"

မေမေ့ကို လှမ်းအော်ပြီး ကားစက်နှိုးကာ ကားကို မောင်းထွက်လာခဲ့ပါသည်။ ဆိုင်ရောက်တော့ နှစ်ဦးစလုံး အဆင်သင့်ရှိနေကြပါသည်။

"မင်းပြောတော့ ညနေစောင်းမှ လာမယ်ဆို"

"အေးကွာ .. ငါ မင်းယံနဲ့ တွေ့ချင်လို့"

"ငါနဲ့ တွေ့ချင်လို့ .."

နိုင်ထူးက ခေါင်းညိတ်ပြကာ ပြောဖို့စကားကို စဖို့ ခက်နေမိသည်။ မင်းယံက နိုင်ထူးရဲ့ပုံကိုကြည့်ပြီး...

"မင်း ငါ့ကို ဘာပြောစရာရှိလို့လဲ နိုင်ထူး..၊ မင်းနဲ့ငါတို့ကြားမှာ စကားပလ္လင်ခံစရာမလိုဘူး နိုင်ထူး ပြောပါ"

နိုင်ထူး သက်ပြင်းကိုတစ်ချက်ချရင်း မင်းယံကို မျက်ဝန်းပင့်ကြည့်ကာ...

"နွေဦး .. ဦးရဲထက်နဲ့ လက်ထပ်ဖြစ်ဖို့များတယ်လို့ ငါ သတင်း



www.burmeseclassic.com1

www.burmeseclassic.com



ကြားတယ် မင်းယံ"

"ဟာ!..."

"ဟင်!..."

အေးမြင့်ကျော်ရော မင်းယံပါ ပါးစပ်အဟောင်းသား မင်းယံ

မယုံကြည်နိုင်ဟန် အကြောင်သားနဲ့ နိုင်ထူးကို ငေးကြည့်နေမိပါသည်

နိုင်ထူး ပြောသာပြောချလိုက်ရတာ မင်းယံအတွက် စိတ်မကောင်း

"မင်း ဘယ်လို ဒီသတင်းကို ကြားခဲ့ရတာလဲ နိုင်ထူး"

"မင်း သတင်းက အမှန်ပဲလား နိုင်ထူး"

တစ်ယောက်တစ်ပေါက် လှမ်းမေးကြတဲ့ မေးခွန်းကြော

နိုင်ထူး စားပွဲပေါ်က ဖန်ခွက်ကိုသာ ငုံ့ကြည့်ရင်း ...

"ခုနမှ ငါ အဲဒီသတင်းကို ကြားတယ်၊ မမလည်း ဒီသတ

ကြောင့် ဝေဝေဝါဝါတွေ ဖြစ်တုန်တာနေပုံ မင်းယံ၊ ဒီသတင်းကို ကြား

သူက ငါ့ဒယ်ဒီပဲ မင်းယံ၊ မနေ့က ဒယ်ဒီနဲ့ ဦးရဲထက်တို့ သောက်

ကြရင်း ဦးရဲထက်က ဒယ်ဒီ့ကို ပြောတာတဲ့"

မင်းယံ ငိုင်တွေသွားပါသည်။ အေးမြင့်ကျော်က မင်းယံအတွေ

နွေဦးကို မခံချင်ဟန်ဖြစ်နေပါသည်။

"တောက် .. နွေဦးကွာ .. သူ့အပေါ် ဒီလောက်ကောင်း

မင်းယံကို အရှုံးလုပ်သွားတာပဲ၊ မင်းယံ .. မင်း ဘာလုပ်မလဲ၊ ဘာ

လုပ်ချင်သလဲ"





နိုင်ထူးက အေးမြင့်ကျော်ကို လက်ကာထားရပါသည်။

"အခြေအနေတွေက ဘာမှန်းမသိသေးဘူး အေးမြင့်ကျော်၊ အခြေအနေ အကျိုးအကြောင်းသိရအောင် မင်းယံနဲ့ နွေဦး တွေ့ဖို့ အရေးကြီးတယ်လေ"

မင်းယံ ကြမ်းပြင်ကို အကြာကြီး တွေတွေဝေဝေ ကြည့်ရင်း...

"ငါ သူနဲ့ တွေ့ကိုတွေ့မှာပါ"

နိုင်ထူး မင်းယံကို ကြည့်ကာ...

"မင်း အန်ကယ်ဦးရဲထက်နဲ့ စကားပြောမလား။ မင်းနဲ့ နွေဦးရဲ့ အကြောင်းကိုသိရင် အန်ကယ်ရဲထက် ကျိန်းသေ နောက်ဆုတ်ပေးမှာပါ"

မင်းယံ ခေါင်းခါပြမိသည်။

"ဘာလုပ်မှာလဲကွာ .. ဒီကိစ္စက ယောကျ်ားချင်းပြောရမယ့်ပွဲ မဟုတ်ဘူး နိုင်ထူး။ ကာယကံရှင်ဖြစ်တဲ့ နွေဦးကို မေးမှဖြစ်မယ့်ပွဲ"

"အင်း အဲဒါလည်း မှန်တာပဲ"

"သူငယ်ချင်း..."

နိုင်ထူး မင်းယံပခုံးကိုပုတ်ကာ နှစ်သိမ့်ဖို့ စကားရှာဖို့ အခက်တွေ့နေပါသည်။

"ငါ့ကို နှစ်သိမ့်ဖို့လား နိုင်ထူး"

မင်းယံက မချိပြုံးပြုံးရင်း နိုင်ထူးကို ကြည့်ကာပြောတော့



www.burmeseclassic.com1

www.burmeseclassic.com



နိုင်ထူး ဘာကို ပြောရမှန်းမသိ..။

"ဟိုတစ်နေ့က ငါ နွေဦး အိမ်သွားတော့ နွေဦး ရိုက်ကွင်းသွားမှာနဲ့ ကြုံတယ်လေ၊ အချိန်နီးနေလို့ ငါနဲ့စကား မပြောလိုက်ရပါဘူး။ ဒါပေမယ့် အဲဒီနေ့မှာ နွေဦးကို လာကြိုတဲ့ကားက အစ်ကိုကြီးရဲ့ ကားလေ"

"ဘယ်လို."

ဒီအကြောင်းတွေကို ဒီကောင်တွေ အခုမှ သိပုံရပါသည်။

"ဟုတ်တယ်..၊ အဲဒီနေ့က နွေဦးအမေ ဒေါ်လေးအေးသီက အိမ်ပေါ်ခေါ်လို့ ငါ သိရတာ..၊ အစ်ကိုကြီးက နွေဦး ဂုဏ်မငယ်စေဖို့ တိုက်ခန်းတစ်ခန်း ဝယ်ပေးထားတယ်လို့ ငါ ကြားခဲ့ရတယ်"

*စကားသံတွေ တိတ်သွားပါသည်။ အေးမြင့်ကျော်နဲ့ နိုင်ထူးက* မင်းယံကို ပါးစပ်အဟောင်းသားနဲ့ ငေးကြည့်နေပါသည်။ ရင်ထဲမှာ ပူလောင်နေတဲ့ အခံရခက်မှုတွေ၊ မျက်ဝန်းအိမ်မှာ ပူနွေးစိုစွတ်လာတဲ့ အရိပ်အရောင်တွေ မင်းယံ ခံစားမိပါသည်။ မင်းယံ မျက်ရည်မကျမိ။ သူတို့ဘက် မင်းယံ လှည့်ကြည့်သည်။ မျက်ဝန်းထဲက ရှုံးနိမ့်မှုကို အေးမြင့်ကျော်ရော နိုင်ထူးပါ မြင်ကြရပါသည်။

"အဲဒီကတည်းက သိပ်မကြာခင် ငါ ရှုံးနိမ့်တော့မယ်လို့ ငါ တွေးပြီးသားပါ..၊ ဒါပေမယ့် ငါ့ရှုံးနိမ့်မှုက သူပါးစပ်က ဖွင့်ပြောဖို့ အရေးကြီးတယ်လေ၊ ငါရှုံးနိမ့်မယ့်အချိန်ကို ငါ ကြားပါရစေ"





နိုင်ထူးနဲ့ အေးမြင့်ကျော် ဆက်မမေးချင်တော့..။

ရင်တွေပူ စိတ်တွေမောခြင်းကို အရျစ်လို့ ကမ္ဘည်းတွင်ခဲ့သလဲ နွေဦး ..၊ အပူရှိန်ပြင်းပြင်းနဲ့ ရေငွေ့အဖြစ် အသွင်ပြောင်းပြီး မိုးအဖြစ် ငါ့ အလွမ်းတွေကို ရွာချခွင့်ပြုပါ..။

ရေဆာငတ်လို့ ရေတံခွန်အောက် ရောက်နေပေမယ့် ရေသောက်ခွင့်မရတဲ့ ဥပဒေကို အခုတော့ မင်း စီရင်ခဲ့ပြီ..။

ငါ့ အတောင်တွေလည်းကျိုးကြေ.. ငါ ခရီးနှင်ရမယ့်လမ်းကို မှန်တိုင်းကကွယ်လို့ ငါ့အနာဂတ်က မျက်ရည်ဖြိုင်ဖြိုင်ကျရပြီ..။

ဒါပေမယ့် ငါ့အလွမ်းကို နင့်ရဲ့ သာယာတဲ့စကားတစ်ခွန်းနဲ့ အစွန်ရှည်ခွင့်ပြုပါလို့..။



www.burmeseclassic.com

www.burmeseclassic.com



သူ ဒုတိယအကြိမ်မြောက် အစ်ကိုကြီး ကုမ္ပဏီကို ခေါ်တာ ကြောင့် သူ ကုမ္ပဏီကို ထပ်ရောက်ခဲ့ပါသည်။

သူရောက်တော့ အစ်ကိုကြီး ရှိမနေ။ အစ်ကိုကြီးမှာထားတဲ့ အလုပ်တွေကို ဝိုင်းကူလုပ်ပေးရင်း စန္ဒီက...

"ကိုမင်း .. ရှင့်အစ်ကိုကြီးက ပျော်နေတာပဲနော်"

"ဘာကိုလဲ စန္ဒီ .."

"အောင်မယ် အချင်းချင်းကို လာလျှိုနေပြန်ပါပြီ.. ရှင့်အစ်ကို ကြီး နဲ့ မော်ဒယ်ရွှေဦးစော်တို့ရဲ့ ဘာညာဘာညာသတင်းလေ .. ဂျာနယ်တွေကတောင် ဖွနေကြပြီ"

စန္ဒီရဲ့ နောက်ရွှတ်ရွှတ်အပြောကြောင့် သူ တမင် လုပ်ရယ်မိပါ သည်။ ရင်ထဲမှာ ပေပ်စိပ်စိပ် အချက်ပေါင်းများစွာ ဓားချက်နဲ့ထိုးခံရ သလိုပါပဲ..။

"ရှင်ရော အိမ်ထောင်ပြုဖို့ မစဉ်းစားဘူးလား ကိုမင်းယံ"





သူမရဲ့ ပြုံးစေ့စေ့ မျက်နှာပင့်ပြောပုံက တော်ရုံလူ ခင်မှားနဲ့ဆို ရောလို့ ပြောထွက်ချင်စိတ်ပေါက်မှာ သေချာပါသည်။

အန်တီရီက တစ်ဖက်စားပွဲကနေ...

"မင်းယံက အိမ်ထောင်ပြုဖို့ လူရှာရခက်နေရင် စန္ဒီကို အကူ ညီတောင်းလေ၊ စန္ဒီက ကိုယ်သိဖိရင်ဖိ ကူညီပေးမှာပါ"

"ဟာ .. အန်တီ ရီဝင်းနော်"

စန္ဒီက အန်တီရီဝင်း စနောက်လိုက်တာကြောင့် ရှက်ရှက်နဲ့ တို့အနားက လစ်ပြေးသွားပါသည်။

အန်တီရီက စက်ကြောတစ်ချက် အညောင်းပြေချိုးရင်း...

"ဘယ်လိုလဲ မင်းယံ .. နင့်ကို ဒီကောင်မလေး ကြိတ်ကြိုက်နေ တာ ဒါတို့ ကုမ္ပဏီတစ်ရုံးလုံး သိတယ်နော်"

"ဟာဗျာ .. အန်တီရီကလည်း .."

"ဟာဗျာ .. အန်တီရီက လုပ်မနေနဲ့"

ကျွန်တော့်ရင်ထဲက ဒဏ်ရာတွေကို အန်တီရီ သိပုံမရပါ..။ တိတ်ဆိတ်သွားတဲ့ ကျွန်တော့်ပုံစံကြောင့် အန်တီရီက မျက် ခင်ကြုတ်ကြည့်ကာ ဘာမှဆက်မပြောပဲ ကိုယ့်အလုပ် ကိုယ်လုပ် ပါသည်။

ကျွန်တော့်အတွေးတွေ အကျဉ်းကျခံရသူတစ်ယောက်ရဲ့အတွေး တစ်ထပ်တည်းပါ။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီးရဲ့အလုပ်အောက်မှာ အလုပ်လုပ်နေရလို့ ဒီလို စိတ်ကျဉ်းကျပ်မှုက ရှိနေသည်လား မသိပါ..။

အစ်ကိုကြီး ပြန်ရောက်လာတော့ သူ့ကိုခေါ်ကာ တစ်ဆိုင်ဆိုင်မှာ ဝင်သောက်စားကြရင်း စကားပြောဖြစ်ကြပါတယ်။

"ငါ့အသက်အရွယ်နဲ့ အခုအချိန်မှာ အချစ်ဆိုတာကို ထိတွေ့လိုက်ရတော့ အံဝင်ခွင်ကျ မဖြစ်နေသလိုပဲ မောင်မင်းယံ..၊ ငါ့ပုံစံက ပေါတောတောများ ဖြစ်နေသလားကွ"

"မဖြစ်ပါဘူး ကိုကြီး"

ကျွန်တော် အားတင်းစွာ ပြောမိပါသည်။

"ငါ နွေဦးကို သိပ်ချစ်တယ် မောင်မင်းယံ..၊ အဲဒီအချစ်ကို လက်လွှတ်ဆုံးရှုံးသွားရမှာကို ငါ ကြောက်နေခဲ့တာလည်း အမှန်ပဲ"

ကျွန်တော် ကိုကြီးကို ငေးကြည့်မိပါသည်။

"မင်း ချစ်ဖူးလား မောင်မင်းယံ"

"ကျွန်တော် ..."

အစ်ကိုကြီးက သူ့ကို ကြည့်နေပါသည်။ သူ့ဖန်ခွက်မှာ အငွေ့ထနေတဲ့ ရေငွေ့တွေကို ကြည့်ပြီး...

"ချစ်ဖူးခဲ့တယ် ထင်တာပဲ"

"ဘယ်လို .."

အစ်ကိုကြီး နားမရှင်းဟန်နှင့် ကြည့်သည်။





"အိပ်မက်တစ်ခုလိုပေါ့၊ ပြီးတော့ ပျောက်ကွယ်သွားတဲ့ ရေနွေးငွေ့တစ်ခုလိုပါပဲ အစ်ကိုကြီး"

အစ်ကိုကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆက်မမေးဖြစ်တော့မှ ကျွန်တော် သက်ပြင်းချမိသည်။

အချစ်ဆိုတာ အခါခါသေခွင့်ပေးတဲ့ ဝေဒနာတစ်ခုဆိုတာ သူ့အစ်ကိုကြီးကို မပြောပြဖြစ်ခဲ့ပါ..။


အခုတော့ ဘာထူးတော့မှာလဲလေ..။



www.burmeseclassic.com1

www.burmeseclassic.com





"နွေဦး ဒီမှာ မနေတာ သား မသိဘူးလား..၊ နွေဦးက ထေ
ထားတဲ့တိုက်ခန်းကို ပြောင်းသွားပြီကွယ့်"

ဒေါ်လေးစကားကြောင့် ကျွန်တော် အံ့သြသွားရပါသည်။

ဒေါ်လေးက သူ့ကို မကြည့်၊ မျက်နှာလွှဲကာ မျက်နှာပူဟန်
ရှိပါသည်။

"မောင်မင်းယံ .. နွေဦး ဒေါ်လေးတို့ကို သူနဲ့လိုက်နေဖို့ ခေါ်
သေးတယ်ကွယ်၊ ဒါပေမယ့် ဒေါ်လေးကိုယ်တိုင်က ဒီအရပ် ဒီဝင
ဝန်းကျင်က မခွာနိုင်ဘူးလေ"

"ကျွန်တော့်ကို ဘာမှာသွားသေးလဲ ဒေါ်လေး"

ဒေါ်လေးက လေးပင်စွာ ခေါင်းခါပြပါသည်။ ဒါဆို သူ့ဇာတ်
လမ်းက ဆုံးပြီပေါ့..။

လမ်းခွဲဖို့အတွက်တော့ ခြေသံမပေးခဲ့တဲ့ ချစ်သူ .. နှုတ်ဆက်ဖို့
အတွက်တောင် သူမက ဆွဲအားမဲ့ပြီလား..၊





"ကျွန်တော် ပြန်ဦးမယ် ဒေါ်လေး..၊ တကယ်လို့ ဒေါ်လေးဆီ
ဦး ဖုန်းဆက်ရင်ပဲဖြစ်ဖြစ် .. လာတွေ့ရင်ပဲဖြစ်ဖြစ် ကျွန်တော်က
ချစ်ပါသေးတယ်လို့ ဒေါ်လေး ပြောပေးပါနော်"

ဒေါ်လေးက စိတ်မကောင်းဟန် ခေါင်းညိတ်ပြပါသည်။ ကျွန်တော်
ဒေါ်လေးဆီက ပြန်လာပြီး ဆိုင်ရောက်တော့ ကျွန်တော့်မျက်နှာ
အထားကြည့်ကာ အေးမြင့်ကျော်က လှမ်းမေးပါသည်။

"မင်း နွေဦးတို့အိမ်က ပြန်လာတာလား မင်းယံ..၊ ဘာထူးလဲ"

ကျွန်တော် ကုလားထိုင်ပေါ် စိတ်ပျက်လက်ပျက်မှီရင်း...

"နွေဦး .. ငါ ပြောတဲ့ တိုက်ခန်းကို ပြောင်းသွားပြီတဲ့"

"ဘယ်လို မင်းယံ .. နွေဦး အိမ်ပြောင်းသွားပြီ ဒါဆို ဒေါ်လေး
ရော .."

"ဒေါ်လေးတို့က ဒီမှာကျန်ခဲ့တယ်လေ"

"ဟာကွာ .. နွေဦး ပြောင်းမယ်ဆိုရင် မင်းကိုတော့ အကြောင်း
ကြားသင့်တယ်လေ"

အားမလို အားမရဟန်နှင့် အေးမြင့်ကျော်ပြောတော့ ကျွန်တော်
ဘာလို ပြောမိပါသည်။

"ရင်ခွင်ကို စုံကန်ဖို့ ကြိုးစားနေတဲ့သူတစ်ယောက်က တိုင်
ဆိတ် ထွက်ပြေးသွားတာ ဆန်းသလား အေးမြင့်ကျော်"

"ဟော .. ဟိုကောင်တောင် ရောက်လာပြီ"



www.burmeseclassic.com1

www.burmeseclassic.com



နိုင်ထူးက ဝင်ဝင်လာချင်း...

"ဘာသတင်းထူးလဲ မင်းယံ"

"နွေဦး ဟိုတိုက်ခန်းကို ပြောင်းသွားပြီ နိုင်ထူး"

ကျွန်တော့်အစား အေးမြင့်ကျော်က ဝင်ပြောပေးပါသည်။

"ဒါ မင်းကို မျက်နှာချင်းမဆိုင်ရဲလို့ဖြစ်မယ် မင်းယံ"

နိုင်ထူးမျက်နှာက ကျွန်တော့်အတွက် မကျေနပ်ဟန်ရှိပုံရပါသည်

"ဒါက သူ့အတွက်ဆို ပေးနိုင်သမျှတွေ အဆုံးစွန်အထိ ပေးထား

ခဲ့တာသူလည်း သိပါတယ်၊ ဒါကို သူ နားလည်သင့်တယ်ကွ"

"မင်း သူနဲ့ တွေ့ချင်လား မင်းယံ"

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။

"စိတ်ချ သူငယ်ချင်း..၊ ငါ အနီးကယ်ပိုင်တဲ့ တိုက်ခန်းတွေထဲ

ဘယ်တိုက်ခန်းလဲဆိုတာ ဒယ်ဒီ့ဆီက နည်းနည်းလိုက်မယ် သူငယ်ချ

နာကျင်စရာတွေလည်း ရင်ထဲမှာ များလို့ ထားရ ခက်ခဲ

နွေဦး ...

ဒီနေ့ဝင်လို့ နောက်တစ်နေ့ နေထွက်တဲ့အထိ ငါ့အချစ်တွေ

နေ့စဉ်ရက်ဆက် မင်းအတွက် ရှင်သန်ခွင့်ပြုနေမှာပါဆိုတာ မင်း

လည်သင့်ပါတယ်..။





"ကိုကြီး မင်းကို လက်ထပ်ချင်ပြီ ယယ်လေး"

ကိုကြီးစကားကြောင့် နွေဦး ဆတ်ခနဲ တုန်ရီသွားဟာ ကိုကြီးရဲ့

ျင်မှာ မိန်းမောနေရာမှ ရုန်းထွက်မိပါသည်။

"ဘာဖြစ်လို့လဲ ယယ်လေး"

ကိုကြီးကို အဖြေပေးပြီကတည်းက ကိုကြီးက သူမကို 'ယယ်လေး'

ဟာ ခေါ်ပါသည်။

"ဘာမှမဖြစ်ပါဘူး ကိုကြီး။ ယယ်လေး လက်မထပ်ချင်သေးဘူး

ကြီး အခုမှ နွေဦးက နာမည်ရစပဲ ရှိသေးတယ်"

ကိုကြီးက သူမကို ပြုံးကြည့်နေရင်း...

"အခုခေတ် ပရိသတ်က အပျိုအအို မခွဲပါဘူး ယယ်လေးရယ်၊

ပညာစစ်ဖို့က အရေးကြီးဆုံးပါ"

သူမ ပြုံးရင်း...

"ကိုကြီး ထင်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးရဲ့ထက်က ခေါင်းညိတ်ပြပါသည်။ နွေဦး အမှတ်တမဲ့ အ
လေးတွေတင်ထားတဲ့ စင်ပေါ်က ယုန်ရုပ်လေးကို ငေးကြည့်မိသ

ဒီအရုပ်လေးကို ကိုကြီးနှင့် ရှော့ပင်ထွက်ရင်း ချစ်စရာကော
လို့ ဝယ်လာခဲ့ပေမယ့် အိမ်ရောက်တော့ ဒီအရုပ်လေးကို ပွေ့ပိုက်
ကတည်းက ဒီအရုပ်လေးကို မျက်နှာချင်းဆိုင် မကြည့်ရဲ..၊ အ
သဖြင့် အပြစ်ကင်းတဲ့ ယုန်ရုပ်လေးရဲ့ မျက်ဝန်းတွေကိုပေါ့..။

ဒီယုန်ရုပ်လေးရဲ့ မျက်ဝန်းကိုမြင်တိုင်း သူမ ရင်ထဲကို ကြေ
ရှိုက်မှုတွေ၊ လေးလံမှုတွေ ဝင်လာခဲ့ပါသည်။ ဘာဖြစ်လို့လဲဆိုသော
မင်းယံရဲ့ပုံရိပ်ကို ဖျတ်ခနဲ မြင်လိုက်သလိုလို ဖြစ်နေမိပါသည်။

" "ငယ်လေး ကိုကြီး ပြောတာကြားလား"

"ရှင် .. တခုလဲဟင်"

ကျွန်မရဲ့ ဝိုင်တွေတွေနဲ့မေးမိတာကြောင့် ကိုကြီးက ရယ်ရင်း
တတ်ထရုပ်ကာ အဝတ်အစားတွေ သေသေသပ်သပ် ပြင်ဆင်ရင်း

"နွေဦးလည်း ဒီနေ့ ဘာတွေဖြစ်နေလဲ မသိဘူး .. တဲ .. ကိုကြီ
လည်း ကုမ္ပဏီသွားလိုက်ဦးမယ်၊ ဪ .. ရော့ .. နွေဦးအတွ
အသုံးလိုမယ်ထင်ပြီး ကိုကြီး စီစဉ်ပေးထားတာ၊ နွေဦးနာမည်နဲ့
ဟမ်းဖုန်း"

ကိုကြီးက စားပွဲပေါ်ကအိတ်ကို ပုတ်ပြရင်း သူမနဖူးကို နမ်း
ထွက်သွားပါသည်။





သူမနဲ့ကိုကြီး တွေ့ကြသည်ဆိုပေမယ့် သူမ ကိုကြီးကို အခဲ့စွန်
အလိုမလိုက်ခဲ့ပါ..။ ဒါဟာ ဘာကြောင့်လဲဆိုတော့ သူမရဲ့ ဆုံး
ဖြတ်ချက် တွေဝေမှုကြောင့် ဖြစ်ကောင်းဖြစ်မည် ထင်ပါသည်။

ကိုကြီးထွက်သွားတော့ သူမတစ်ယောက်ထဲ ကျန်နေခဲ့ပါသည်။
သူမ မှန်ရှေ့မှာရပ်ရင်း မှန်ထဲကပုံရိပ်ကို ကြည့်ကာ မျက်ရည်တွေ
ကျမိခဲ့ပါသည်။

ငါ့ရဲ့ လိုချင်တပ်မက်မှုအတ္တတွေက မီးစာကောင်းနေခဲ့ပြီ မင်းယံ၊
ငါ့ရဲ့ မရောင့်ရဲနိုင်တဲ့စိတ်က နင့်ရဲ့စိတ်ကို သတ်သလိုဖြစ်နေပြီလား
မင်းယံ..၊

ငါ မှန်တယ်လို့ ထင်ခဲ့သလားလို့ နင့်ကို မွတ်မေးရင် နင့်ရဲ့ ငါ့
အပေါ် အလိုလိုက်မှုနဲ့ ခေါင်းညိတ်မှာ ငါ သိနေခဲ့တယ်ဟာ..။

မေမေပြောသလို နင် ငါနဲ့တွေ့ချင်တယ် ဘယ်လိုပြောနေပေ
မယ့် နင့်ကို ငါ မတွေ့ရဲဘူး မင်းယံ..။

ငါ့ရဲ့ အပြစ်တွေက များနေပြီ..၊ မှားမှန်းသိရက်နဲ့ ငါ ဒီလမ်းကို
ရွေးချယ်ခဲ့မိပြီလေ..။

ငါ့ထိုက်နဲ့ ငါ့ကံပေါ့ဟာ..။



www.burmeseclassic.com1

www.burmeseclassic.com



စိတ်လေလွင့်တယ်ဆိုတဲ့စကားရဲ့ အဓိပ္ပာယ် အတိမ်အနက်ကို ကျွန်တော် ခုမှ သိလာခဲ့ရသည်။

ဘယ်သူနဲ့မှလည်း မတွေ့ချင်၊ ဘယ်သူနဲ့မှလည်း စကားမပြော ချင်သည့် ခံစားချက်က ရင်ထဲမှာ..။ တစ်ယောက်တည်း နေ သည်။ အတွေးတွေနှင့်ဖေ့ါ..။

သာယာတဲ့ရှုခင်းတွေလည်း ဝမ်းနည်းရိပ်နဲ့ တအုံ့မှိုင်းမှိုင်း ကြေးနေသယောင်..။

သစ်ရွက်ခြောက်တွေရဲ့ လွင့်ကြွေမှုဟာ ကျွန်တော့်အိပ်မက် တွေနဲ့ ထပ်တူညီမျှနေသလား..၊

"ဟဲ့ .. ဟိုဘက်မှာ မော်ဒယ်နွေဦးဇော် ကြော်ငြာရိုက်နေတယ် ဟဲ့"

သူမရဲ့နာမည်ကို ကြားမိတိုင်း နှလုံးသား တဆွေ့အခြောက် လိုက်ရသလို ဖြစ်မိတာတော့ အမှန်..။





ခုနကောင်မလေးနှစ်ယောက် ပြောသွားတဲ့စကားက ကျွန်တော့် ခြေထောက်တွေကို အမိန့်ပေးလိုက်သလိုပါပဲ..။

လူတွေစုဝေးနေတဲ့ ကန်ပတ်လမ်းဘက်ကို သူ လျှောက်လာခဲ့ပါ သည်။ လူအုပ်ကြားရဲ့ဆန့်ကျင်ဘက် ကုန်းမြင့်တစ်ခုပေါ်ကနေ ကြော်ငြာ ရိုက်ကွင်းကို ငေးကြည့်နေသည်။

စက်အဖွဲ့သားတွေ၊ ရောင်ပြန်ပြား ကိုင်ဆောင်ထားသူတွေ၊ ထရော်လီ၊ ကရိန်းတွေနှင့် အလုပ်ရှုပ်နေတဲ့ လူတစ်စု၊ ကြော်ငြာ သီချင်းသံက ပျံ့လွင့်နေသည်။

စည်းချက်ကျစွာ လှုပ်ရှားနေတဲ့ အပြာရောင် ငှက်ကလေးတစ် ကောင်ရဲ့ လှုပ်ရှားမှုတွေက သူ့ရင်ကို စိုကန်ခဲ့သော ငှက်ကလေး တစ်ကောင်လို့ ဘယ်သူ ထင်ကြမှာလဲ..၊

"ဟာ ... နွေဦး နင့်ပုံစံကို ပြန်ကြည့်ဦး၊ ဟဲ့ .. နွေဦးရဲ့စိတ်ကပ် ဆရာမ ဘယ်သူ .. အခင် နင့်မင်းသမီးလည်း ကြည့်ဦး၊ ဆံပင်ပုံပျက် နေတယ်လေ"

ကန့်ကလျှံနဲ့ အခြောက်တစ်ယောက်က ရှုပ်ပြာရှုပ်ပြာနဲ့ နွေဦး ရဲ့ဆံပင်ကို ပြင်ပေးပါသည်။ ဒါရိုက်တာဖြစ်ဟန်တူသူက ကင်မရာ ဆရာ နှစ်ယောက်ထဲက တစ်ယောက်ကို လှမ်းအော်ပြောပါသည်။

"ကိုစိုး .. ခင်ဗျား ဒီဘက်ကို ချိန်"

ကင်မရာတွေသယ်ပြီး ဒါရိုက်တာညွှန်ပြရာနေရာမှာ ချိန်ရွယ်

www.burmeseclassic.com



ကြပြန်သည်။ ဒါရိုက်တာက ကင်မရာဆရာကို အချက်ပြပြီး မော်နီတာကို ကြည့်သည်။

"ရိုက်မယ် .. ဖိုက် ဖိုး ဟိုး ဟာ .. ဟိုနောက်ကလူ ကျေးဇူးပြုပြီး ခဏဖယ်ပေးပါ။ ခင်ဗျားရုပ်က ကင်မရာထဲ ပါနေတယ်"

ဒါရိုက်တာက ကျွန်တော် တစ်ယောက်တည်း ရပ်နေရာကို လှမ်းအော်ပြောတော့ လူအုပ်ရဲ့အာရုံက ကျွန်တော့်ဆီ ရောက်လာပါသည်။ နွေဦးလည်း အများနည်းတူ လိုက်ကြည့်သည်။

သူမ ကျွန်တော့်ကိုမြင်တော့ အံ့သြသွားဟန်ထက် ပိုပါတယ်။ ဝိုင်းစက်သွားတဲ့ နှုတ်ခမ်းက ပြန်ပိတ်ခွင့်မရ..။ သူမရဲ့အကြည့်တွေက သေဆုံးခြင်းတစ်ခုကို ကပ်ငြိနေသလိုပါပဲ။

သူနဲ့ ကျွန်တော့်ရဲ့အကြည့်က ခဏလေးပါ..။ ဒါပေမယ့် အဲဒီအကြည့်နှစ်ခုထဲမှာ ပြောပြစရာအချက်အလက်တွေပါ ပါတယ်။

နာကျင်ခြင်းနဲ့ အပြစ်တစ်ခုရဲ့ စကားသံ..၊ တစ်ယောက်က တောင်းပန်ခြင်းနှင့် ရင်မဆိုင်ရဲသူ..၊ ဒီလောက်ဆို လုံလောက်ပါပြီ..။

ကျွန်တော် သူမကိုကျောခိုင်းကာ ကုန်းမြင့်လေးပေါ်မှ ဆင်းလာခဲ့ပါသည်။

ဘာတွေဆက်ပြီး လွမ်းချင်သေးလို့လဲ မောင်မင်းယံရယ်လို့ ကောင်းကင်က တရားချနေသယောင်ယောင်..။

နွေဦး ထွက်ခွာသွားတဲ့ကျောဖြင့်ကို ငေးကြည့်မိသည်။



ရိုက်ကွင်းထဲကို ရောက်လာပြီး သွေးရူးသွေးတန်းနဲ့ သူမကို ပက်ပက်စက်စက်ပြောသွားမယ်လို့ ထင်ထားမိပေမယ့် မင်းယံက အထိရာပိုသည်းစေမည့် အကြည့်တစ်ချက်ပေးသွားရုံကလွဲပြီး ဘာမှ မပြောခဲ့..။

"နွေဦး .. ညည်း ဘာဖြစ်နေတာလဲ..၊ သြော် ဒီကလေးမ စိတ်နဲ့ လူနဲ့ မကပ်ပါလား။ ကဲ .. စမယ်"

အဲဒီနေ့က သူမ ခဏခဏပြန်ရိုက်ခဲ့ပါသည်။

အမှားတွေ တစ်ခုပြီးတစ်ခု ပြုလုပ်ခဲ့တဲ့ နွေဦး ဆက်မှားနေပါသေးသည်။



www.burmeseclassic.com1

www.burmeseclassic.com



"မင်း အရမ်းခံစားနေရလား မင်းယံ"

မနွယ်နီက စာနာဟန်နှင့် ကျွန်တော့်ကိုမေးတော့ ကျွန်တော့်ရဲ့ ရယ်သံက အသက်မပါခဲ့ပါ..။

"ဟာ ... ဘာလို့ခံစားရမှာလဲ၊ ပျော်နေတယ်လေ မနွယ်နီ"

ကျွန်တော့်ရဲ့ ဟာသကို မနွယ်နီက လိုက်မရယ်ခဲ့..။

"ခံထားရတဲ့ဟာတွေက များတော့ ဒီကောင့်နှလုံးသားက သွက်ချာပါဒ ဖြစ်သွားပြီ မမ"

ဒီတစ်ခါတော့ အားလုံး ရယ်မိကြပါသည်။

"အေးဟယ် .. နွေဦး ဒီလိုလုပ်လိမ့်မယ်လို့ ငါ မထင်ထားမိတာ အမှန်ပဲ"

"ဪ မမရယ် ဆံပင်ကောက်တာကို ဖြောင့်လို့ရတယ်..၊ စိတ်ကောက်တာကို ဖြောင့်လို့မရဘူး..၊ စကားပုံ ရှိတယ်လေ"





"နင်ပြောမှ စကားပုံ အသစ်အဆန်းတွေ ပေါ်လာတော့တယ်၊ အင်း .. ဒီကောင်မလေး ဒီနောက်ပိုင်း ငါ့ဆီမှာမအပ်တာ ဘာကြောင့်ပါလိမ့်လို့ ငါ တွေးနေတာ"

မနွယ်နီစကားကြောင့် ကျွန်တော်က..

"ဖောက်သည်တစ်ယောက် လျော့သွားလို့လား မမ"

"ဒီကောင်လေးနယ် အရေးထဲဟယ် .. နင် တကယ် မခံစားရတာလား မင်းယံ"

မနွယ်နီစကားကြောင့် နိုင်ထူးက အခုလိုပြောပါသည်။

"ဒါပေမယ့် မမရယ် .. ဒီကောင်နဲ့ နွေဦး တွဲလာတာ သက်တမ်းက အရှည်ကြီးလေ၊ ဆန်ရင်းက ဒီကောင်ကို နာနာဖွတ်သွားတော့ ဒီကောင် ရုတ်တရက်ခံလိုက်ရတာ၊ အနာရှိန် ပိုများသွားတာတော့ အမှန်ပဲ"

မနွယ်နီက နိုင်ထူး စကားကြောင့် ခေါင်းညိတ်ပြီး...

"ဒီကိစ္စတွေ အန်ကယ်ရဲထက် သိလား"

မင်းယံက နှုတ်ခမ်းတင်းတင်းစေ့ရင်း...

"မပြောတတ်ဘူး မနွယ်နီ"

"ငါ့အထင်တော့ သိပုံမရဘူး မင်းယံ"

"ဟဲ့ .. အဲဒါဆို ပြောလိုက်ပါလား"

"ဒီကောင်က မပြောနဲ့တဲ့..၊ အန်ကယ်ရဲထက်က ကာယကံရှင်



www.burmeseclassic.com1

www.burmeseclassic.com



မဟုတ်ဘူးတဲ့လေ၊ ထိပ်တိုက်ဖြေရှင်းရမှာ နွေဦးတဲ့"

"ဟဲ့ .. အဲဒါဆိုလည်း သွားရှင်းလိုက်ပါလား"

"ကျွန်တော်မှ သူ့လိပ်စာကို မသိတာ မနွယ်နီရယ်"

"ဒယ်ဒီ့ကို မေးကြည့်ပါလား"

ကျွန်တော်က နိုင်ထူးကို ကြည့်ပြီး...

"ဒီကိစ္စတွေကို လူကြီးတွေ မသိစေချင်ဘူးလေ..၊ မမနွယ်နီရော နိုင်ထူးပါ ဒီကိစ္စကို အန်ကယ်နဲ့အန်တီ မသိအောင် ဖုံးဖိထားပေးပါ"

"ဘာဖြစ်လို့လဲ .."

နိုင်ထူးအမေးကြောင့် ကျွန်တော်က...

"အန်ကယ်တို့ အန်တီတို့သိရင် ကျိန်းသေ အစ်ကိုကြီး သိပြီလေ..၊ ကျွန်တော် အစ်ကိုကြီးကို ပေးမသိစေချင်ဘူးလေ၊ အစ်ကိုကြီး အနေနဲ့က ကျွန်တော်နှင့်နွေဦး ရည်းစားဖြစ်မှန်းမသိလို့ ပရိုပို့စ်လုပ်ခဲ့တာလေ"

ကျွန်တော့်စကားကြောင့် နိုင်ထူးက မျက်စောင်းထိုးရင်း...

"မင်းကို အစကတည်းက ငါ ပြောသားပဲ..၊ အစကတည်းက နွေဦး ကြော်ငြာရိုက်ဖို့ လုပ်ကတည်းက မင်းရည်းစားပါလို့ ပြောလိုက်ရင် ဒီပြဿနာက ဒီလောက်အထိ ပါမလာဘူး"

"ဒါတော့ကွာ .."

ကျွန်တော်ရဲ့ ပိုးတိုးပါးတားစကားကြောင့် နိုင်ထူးက...





"မင်း ပြောလိုက်ရင် ပျော့စိပျော့စိနဲ့ ဒါကတော့ကွာ..ကတော့ ပြောမှာပဲ၊ ဟိုဟာမက .."

"ဟဲ့ .."

မနွယ်နီက လှမ်းဟန့်ပေမယ့် ကျွန်တော် နိုင်ထူး အကြောင်းသိနေတော့ ရယ်မိသည်။

"ပြောရမှာပဲ မမ..၊ အဲဒီဟာမက ဒီကောင့်ရင်ဘတ်ကို လှေကားထစ်လို အသုံးပြုပြီး အပေါ် တစ်ဆင့်ကို တက်သွားတာ"

"အဲလောက်ကြီး မပြောစမ်းပါနဲ့ဟယ်"

"ကျွန်တော်မို့လို့ တော်သေးတယ် မမ..၊ ဟိုကောင် အေးမြင့် ကျော်ဆို ခုဝိုကတည်းက ဟိုဟာမအတွက် အစစအရာရာ ကျွန်လို ငြိမ်ခံပေးနေတဲ့ ဒီကောင်ကို အမြင်ကပ်လို့ပြောတာ ကျွန်တော့်ထက် ဆိုးတယ်"

"ဒါကတော့ ဒီလိုဖြစ်မှန်းမှ မသိလို့ဖြစ်မှာပေါ့ .. ဟုတ်တယ်နော် မင်းယံ .."

မောင်နှမနှစ်ယောက်ကို ကြည့်မိပြီး ကျွန်တော်ပြုံးမိပါသည်။ အခုချိန်တော့ ဒဏ်ရာက နည်းနည်းထူပေတာပေ ခံနိုင်ရည်ရှိသွားပါပြီ။



www.burmeseclassic.com1

www.burmeseclassic.com



"ပဟော သားပြန်လာပြီ"

ကျွန်တော် အိမ်ပေါ်တက်တော့ ဦးရဲထက် ရောက်နေပါသည်။

"မင်းကွာ စောင့်လိုက်ရတာ"

ကျွန်တော် မျက်နှာမပျက်အောင် ဟန်ဆောင်နေရပါသည်။

"အစ်ကိုကြီး ရောက်နေတာ ကြာပြီလား"

"မင်းအစ်ကိုကြီး ရောက်နေတာ ကြာပြီသားရဲ့၊ ဒီမှာလေ လက်ဆောင်တွေ ပါလာသေးတယ်"

"ဟာ!... အားနာစရာဗျာ"

ပစ္စည်းတွေက အတော်များပါသည်။ ပြီးတော့ ဒီလိုလက်ဆောင်ပစ္စည်းတွေက သူတို့ပတ်ဝန်းကျင်အသိုင်းအဝိုင်းနဲ့ မနီးစပ်..။

"အားနာစရာ မလိုပါဘူးကွာ..၊ ငါ့ညီနဲ့ အစ်ကိုကြီးကြားမှာ အားနာစရာစကား လိုသေးလို့လား..၊ ကဲ .. မင်း အားလား"

"အားပါတယ် အစ်ကိုကြီး"





"ခဏလိုက်ခဲ့ပါကွာ..၊ ပြီးရင် အစ်ကိုကြီး အိမ်တိုင်ရာရောက် ပြန်လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့"

"ဒေါ်လေး ကျွန်တော် သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့"

မေမေ့ကို ဦးရဲထက် နှုတ်ဆက်ပြီး ကျွန်တော်နဲ့ ဦးရဲထက် ကားဆီသို့ လျှောက်လာခဲ့မိပါသည်။ ကားပေါ်ရောက်တော့ ဦးရဲထက်က စီးကရက်ဘူးကို လှမ်းပေးပါသည်။ ကျွန်တော် စီးကရက်ကို ပါးစပ်မှာတေ့တော့ ဦးရဲထက်က အလိုက်သင့် မီးညှိပေးပါသည်။

ဦးရဲထက်က ကားကို ကန်စောင်းတစ်ခုကို မောင်းသွားပြီး အရိပ်ကောင်းတဲ့ သစ်ပင်ရိပ်အောက်မှာ ကားကို ထိုးရပ်ပါသည်။ ကားပေါ်မှ နှစ်ယောက်သား ချက်ချင်းမဆင်းကြပေ။

"အစ်ကိုကြီး မင်းကို အရေးကြီးတဲ့စကား ပြောစရာရှိလို့ ခေါ်လာ ခဲ့တာ မောင်မင်းယံ၊ ပြီးတော့ မင်းဆီက အကူအညီတစ်ခုလည်း လိုတယ်လေ"

အစ်ကိုကြီးက ကားတံခါးဖွင့်ကာ အရင်ဆင်းသွားပါသည်။ ကျွန်တော်လည်း အလိုက်တသိ လိုက်ဆင်းပေးရင်း နှစ်ယောက်အတူ ကန်အစပ်ကို လျှောက်မိကြသည်။ ငြိမ်သက်အေးဆေးတဲ့ ရှုခင်းနဲ့ လေပြည်သည် ငြိမ်းချမ်းအေးမြစရာ..။



www.burmeseclassic.com

www.burmeseclassic.com



"နားနဲ့မနာ ဖဝါးနဲ့နာကွာ မောင်မင်းယံက နှေဦးအစ်ကိုဝမ်းကွဲ ဆိုတော့ မင်းကို အစ်ကိုကြီး အကူအညီတောင်းချင်လို့."

"ဗျာ!..."

အစ်ကိုကြီးက သူ့ကို လှည့်ကြည့်ပါသည်။ ပြောရခက်နေဟန်ရှိသည်။ လက်နှစ်ဖက်ကို ဆုပ်နယ်ရင်း...

"အစ်ကိုကြီး ပြောချင်တာက အခု အစ်ကိုကြီး နှေဦးနဲ့ လက်ထပ်ဖို့စီစဉ်ထားတာ နှေဦးက အချိန်ဆွဲနေတယ် မောင်မင်းယံ"

"ဟုတ်ကဲ့"

"မင်းအပေါ် နှေဦး သံယောဇဉ်ကြီးတာ အစ်ကိုကြီး သတိထားမိတယ်လေ၊ အခုကိစ္စလာတာတောင် နှေဦး မသိဘူး မောင်မင်းယံ၊ သူသိရင် အစ်ကိုကြီးကို စိတ်ကောက်မှာ သေချာတယ်"

ကျွန်တော် သက်ပြင်းရှိုက်မိပါသည်။

"မင်း အစ်ကိုကြီးအတွက် နှေဦးကို လက်ထပ်ပွဲကို အမြန်ဆုံး လက်ခံဖို့ ဝိုင်းကူပြောပေးပါလို့"

"ဗျာ!..."

ရင်ဘတ်ထဲမှာ နာကျင်စရာကောင်းလောက်အောင် နိုင်းစေမှု...

"ဟို .. အစ်ကိုကြီး ပြောတာ အမှားပါလို့လား မောင်မင်းယံ"

အစကတည်းက မှားခဲ့တာပါလို့ မပြောထွက်ရက်ပါ..။

"ဟုတ်ကဲ့ပါ အစ်ကိုကြီး .. ကျွန်တော် ပြောပေးပါ့မယ်"





အစ်ကိုကြီးက ဝမ်းသာအားရနှင့်...

"သိပ်ကို ကျေးဇူးတင်ပါတယ် ငါ့ညီ"

"သူ အခု ဘယ်မှာနေတာလဲ အစ်ကိုကြီး"

အစ်ကိုကြီးက လိပ်စာတစ်ခုကို ရွတ်ပြပါသည်။

"စိတ်ချပါ အစ်ကိုကြီး"

"ဟိုလေ .. လောတာတော့ မဟုတ်ဘူးကွာ၊ မနက်ဖြန် သူ ရှိုက်ကွင်းမရှိဘူး၊ သူ့အိမ်မှာပဲ ရှိလိမ့်မယ် ငါ့ညီ"

"ဟုတ်ကဲ့ ကျွန်တော် မနက်ဖြန်ပဲ သွားလိုက်ပါ့မယ် အစ်ကိုကြီး"

အစ်ကိုကြီး ကျွန်တော့်စကားကြောင့် ပျာပျာသလဲနှင့်...

"ဟာ .. အစ်ကိုကြီး လိုက်ပို့ပေးမှာပေါ့"

"ရပါတယ် အစ်ကိုကြီးရယ် .. ဒီနေရာလေးက ငြိမ်းချမ်းတော့ ခဏနေလိုက်ဦးမယ်"

"ဩော် .. ဒါဆိုလည်း ပြီးရော၊ အစ်ကိုကြီး သွားမယ်နော်"

ကျွန်တော် ခေါင်းညိတ်ပြမိပါသည်။ အစ်ကိုကြီးက နှုတ်ဆက်ပြီး ကားပေါ်တက်ကာ မောင်းထွက်သွားပါသည်။

ကျွန်တော်၌ ကန်ရေပြင်ကို ငေးကြည့်ရင်း စိတ်မောစွာ သက်ပြင်းချမိပါသည်။ အနီးနားကိုကြည့်တော့ အများသုံး တယ်လီဖုန်းဆိုင်လေးကို တွေ့မိပါ သည်။



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော် တစ်ယောက်တည်း စဉ်းစားနေစဉ်မှာပဲ နိုင်ထူးရဲ့ ကားရလေး ရောက်လာပါသည်။ နိုင်ထူးနှင့်အတူ အေးမြင့်ကျော်ပါ ကားပေါ်က ဆင်းလာရင်း...

"ဟ!.. အလွမ်းသမားလေးက ကန်ရေပြင်ကို ကြည့်ပြီး ဘာတွေ ဗီစီဒီရိုက်နေတာလဲ"

ကျွန်တော် ဒီမှာ ရှိသည်လို့ ဖုန်းဆက်ခေါ် လိုက်တော့ ဒီကောင် တွေရောက်လာကြခြင်း ဖြစ်ပါသည်။ အေးမြင့်ကျော်နဲ့ နိုင်ထူးက ကျွန်တော့်ဘေးမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ရင်း...

"ဟာ .. ကောင်းလိုက်တဲ့လေကွာ"

မျက်နှာကိုမော့ကာ လေပြည်ကို ရှူရှိုက်ရင်း နိုင်ထူးက ပြောပါ သည်။ ဒီကောင်တွေ ဘာမှသိပုံမရသေး..။

"ဘာကိစ္စနဲ့ ငါတို့ကို ခေါ်လာရတာလဲဟ..၊ ဘာလဲ ကောင် မလေးတစ်ယောက်က မင်းကို တွေ့ချင်တယ်ပြောလို့ ချိန်းလို့လား"

အေးမြင့်ကျော်က နောက်ရွှတ်ရွှတ်နဲ့ ပြောသည်။





ကျွန်တော် ကန်ရေပြင်ကို ငေးကြည့်ရင်း...

"သိပ်မကြာခင်က ငါ့အိမ်ကို ဦးရဲထက် လာသွားတယ်"

"ဟမ်!.."

"ဟေ!.."

နှစ်ယောက်စလုံး အထိတ်တလန့်နဲ့ သူ့ကို လှည့်ကြည့်ကြပါသည်။

"ဟုတ်တယ်..၊ ငါ့ကို ပြောစရာရှိလို့ဆိုပြီး ဒီကိုခေါ် လာခဲ့တယ်"

"သူက ဘာပြောလဲ"

"နေပါဦးဟ..၊ ဒီကောင့်စကားအဆုံးကိုလည်း စောင့်ကြည့်ပါ ဦးဟ"

"အစ်ကိုကြီးက ငါ့ကိုပြောတယ်လေ..၊ သူနဲ့ နွေဦး လက်ထပ်ဖို့ အတွက် နွေဦးကို ငါက ဝိုင်းတွန်းအားပေးဖို့.."

"ဟာကွာ.. ဒါက ဒုက္ခရာရနေတဲ့သူကို ထပ်ပြီး နာကျင်အောင် နှိပ်စက်တာပဲ"

နိုင်ထူးက လက်မခံနိုင်ဟန် အပြောကြောင့်...

"ငါ လုပ်ပေးမယ်လို့ ကတိပေးခဲ့တယ် နိုင်ထူး"

"မင်း ကြောင်နေပြီ မင်းယံ"

"အခုလာပြောတဲ့ကိစ္စကို နွေဦး သိလား"

ကျွန်တော် ခေါင်းခါကာ...

"နွေဦး မသိဘူးတဲ့..၊ နွေဦးနဲ့ ငါ့ကို အစ်ကိုဝမ်းကွဲလို့ အစ်ကိုကြီး



www.burmeseclassic.com1

www.burmeseclassic.com



သိထားခဲ့တာကို ငါ ဘာလို့ ကတိပေးလိုက်သလဲ သိလား"

နှစ်ယောက်စလုံး ခေါင်းခါပါသည်။

"ငါ နွေဦးနဲ့ တွေ့ချင်လို့ပဲလေ"

ကျွန်တော့်စကားကြောင့် နိုင်ထူးတို့ ငြိမ်သက်သွားကြပါသည်။

"ရင်ထဲမှာ ဒီပုစ္ဆာကြီးကို ငါ ကြာကြာ ရင်ဝယ်မပိုက်ထားချင်တော့ဘူး သူငယ်ချင်း.၊ နွေဦးနဲ့ ထိပ်တိုက် ပြဿနာရှင်းပြီးသွားရင် ငါ့ရဲ့ဘဝက ငြိမ်းချမ်းသွားပါပြီ"

"ဘယ်နေ့လဲ.."

"မနက်ဖြန်.."

အေးမြင့်ကျော်က ကျွန်တော့်ကိုကြည့်ကာ သက်ပြင်းချပါသည်။

"မင်းအဖြစ်ကလည်းကွာ ခြေထောက်မှာ ခလုတ်တိုက်လို့ဒဏ်ရာရပါတယ်ဆိုမှ အဲဒီဒဏ်ရာပေါ်ကို အလေးထပ်ကျသလို ဖြစ်နေပြီ"

"မိအေး နှစ်ခါနာ မဟုတ်ဘူး .. မင်းယံ နှစ်ခါနာလေ"

ကျွန်တော် ကန်ထဲကို ခဲတစ်လုံး လှမ်းပစ်မိပါသည်။

"မင်းတွေ့ရင်တော့ စိတ်လိုက်မာန်ပါ မဖြစ်စေချင်ဘူး မင်းယံ"

ကျွန်တော် ပြုံးမိလိုက်ပါသည်။

"ငါ့ဘဝမှာ မိန်းမတစ်ယောက်ကြောင့် ဘဝနှစ်မွန်းရမယ့်ကိစ္စကို ဘယ်တော့မှ မလုပ်ဘူး နိုင်ထူး"

နိုင်ထူးက ကျေနပ်ဟန်ပြုံးနေပါသည်။





"သူ့ကို ငါ မေးမှာပါ .. ငါ့ကို ဘာကြောင့် ရက်ရက်စက်စက် ထားခဲ့ရတာလဲလို့"

"အဲဒါ မေးပြီးရင် .."

"ငါ အဖြေသိရင် ကျေနပ်ပါပြီ နိုင်ထူး"

"အေးလေ အခုပြဿနာက ဖြေရှင်းလိုက်မှဖြစ်မယ့်ဟာကို၊ ငါတို့ပါ လိုက်ပေးရမလား"

"ရပါတယ်ကွာ .. ငါ့ကိစ္စ ငါ ရှင်းလိုက်မယ်"

ကျွန်တော့်စကားကြောင့် အေးမြင့်ကျော်က ခေါင်းခါရင်း...

"ငါတို့ အပေါ်ထပ် မလိုက်လာပါဘူး။ အောက်မှာ ကားထဲက စောင့်နေတာပေါ့လေ"

ပြောမရတော့လည်း ကျွန်တော် ခေါင်းညိတ်လိုက်ရပါသည်။ နေလုံးက ကန်ရေပြင်ရဲ့ အရောင်ဟပ်မှုနဲ့ သွေးခဲသလိုလို..။

သူ့ရင်ထဲက နွေဦးကြောင့် စွန်းထင်းခဲ့တဲ့ သွေးစက်တွေ တစိမ့်စိမ့်နှင့် ဘယ်လောက်တောင် ယိုစိမ့်နေပြီလဲ..။ ဗရမ်းဗတာ ပြန့်ကြဲနေတဲ့ အလွမ်းတွေ ဒီတစ်နေ့ တစ်စစီ ကောက်ပြီး အနာဂတ်ကို မသယ်ဆောင်ဖို့ မနက်ဖြန် ဖြေရှင်းချက် ထုတ်ပါတော့မယ်..။

မနက်ဖြန်ပေါ့ နွေဦးရယ်..၊



www.burmeseclassic.com

www.burmeseclassic.com



"လိပ်စာအရတော့ ဒီကွန်ဒိုပဲ"

ကားထဲကနေ နိုင်ထူးက အပေါ်ကို မော့ကြည့်ကာ ပြောပါသည်။ ကျွန်တော် ကားပေါ်က ဆင်းတော့ အေးမြင့်ကျော်က...

"မင်းယံ စိတ်အေးအေးထားပြီး ဖြေရှင်းနော်"

"စိတ်ချပါကွာ"

"သွားတော့ သူငယ်ချင်း"

နိုင်ထူးကို လက်ပြကာ ကျွန်တော် တက်လာခဲ့ပါသည်။ လက်ကနာရီကိုကြည့်တော့ မနက်ရှစ်နာရီကျော်သာသာပဲ ရှိပါသေးသည်။ တတိယထပ်ရောက်တော့ မျက်နှာချင်းဆိုင်က လျှောက်လာတဲ့ ကောင်မလေးကို...

"ဟိုလေ .. မော်ဒယ် နွေဦးဇော်ရဲ့ အခန်းကို သိလားမသိဘူး"

ကောင်မလေးက ပြုံး၍ လက်ညှိုးပြပါသည်။ ကျွန်တော် ကောင်မလေး ညွှန်ပြတဲ့ အခန်းတံခါးရှေ့ကိုရောက်တော့ အခန်းတံခါးကို





မခေါက်မိသေး..၊ အခန်းနံပါတ်ကို အကြာကြီး ငေးကြည့်နေမိပါသည်။ မော်ဒယ် နွေဦးဇော်နဲ့ မင်းယံကြားမှာ ခြားနားမှုတွေ ဘယ်လောက် များနေပြီလဲ..၊ မီးတစ်တန် ရေတစ်တန် စည်းခြားသလို စည်းတွေခြားနေခဲ့ပြီလဲ..။

လက်က လူခေါ်ဘဲလ်ခလုတ်ကိုနှိပ်မိတော့ သာယာတဲ့ အသံလေးက သဲ့သဲ့ကြားရပြီး "လာပြီ လာပြီ"လို့ ပြောသံနဲ့အတူ အခန်းတံခါးဖွင့်သံနှင့်အတူ...

"ကိုကြီးတို့များ တစ်ရက်လေး အနားရ .."

စကားတစ်ခွန်းအဆုံးသတ်နဲ့ ရယ်မောပျော်ရွှင်ဖွယ် မျက်နှာလေးက သွေးဆုတ်သွားတဲ့လူနာလိုပဲ အံ့သြ မျက်နှာ အပျက်ကြီးပျက်ကာ နွေဦးဇော် အံ့ဒီနေရာမှာ ကျောက်ရုပ်တစ်ရုပ်လို..။

အိပ်ရာကနိုးလာစ ကပိုကရိုမျက်နှာလေးနှင့် ကျွန်တော့်ရဲ့ ချစ်သူ .. ဘယ်အချိန်ကြည့်ကြည့် လှနိုင်တယ်ဆိုတာ ကျွန်တော် အံ့ခုမှ ပို၍ သိလာပါသည်။ ပြီးတော့ ကျွန်တော့်နှုတ်ခမ်းက စကားက ကျွန်တော် မစေခိုင်းရဘဲ အက်ကွဲခြောက်သွေ့ကာ...

"ငါ့ကို တံခါးဖွင့်မပေးတော့ဘူးလား နွေဦးဇော်"

သူမ ဆတ်ခနဲ ဖြစ်သွားကာ...

"ငါ ..."

လမ်းဖယ်ပေးတဲ့ သူမကို ကျော်လွန်၍ ကျွန်တော် အခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့မိပါသည်..။ အခန်းရဲ့အပြင်အဆင်ကိုကြည့်ပြီး ကျွန်တော်နှင့် နွေဦး ပိုပြီး ဝေးကွာသွားသလို ခံစားရတာတော့ အမှန်ပါ..။

ကျွန်တော် သူမကိုလှည့်ကြည့်တော့ ကျွန်တော့်ကို ညှော်ဝတ်ပြုတဲ့ သူမရဲ့အပြုံးတွေက မပီပြင်..။

"ငါလည်း နှင့်ဆီကို ဒီတစ်ရက်နှစ်ရက် လာမလားလို့"

"လာမလို့..."

ကျွန်တော်က သံယောင်ပြုရင်း ရယ်သည်။

"အိမ်ပြန်ချိန်လွန်ခဲ့တဲ့ လူတစ်ယောက်ကို စောင့်နေရတဲ့ လူတစ်ယောက်အဖို့ ဘယ်လောက်ခံစားနေရမလဲ နှင် သိလား နွေဦး"

သူမ မျက်လုံးတွေ ဝိုင်းစက်သွားပါသည်။ အထိအနာခံထားရသူရဲ့ မျက်ဝန်းတွေကို သူမ သတိမထားမိတာလား..။

"အခု ငါလာရတဲ့ကိစ္စက အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို လက်ထပ်ဖို့ ပြောပြခိုင်းတဲ့ သံတမန်ဆက်ဆံရေးနဲ့ နှင့်ဆီကို လာခဲ့ခိုင်းတာ နွေဦး"

သူမက အကြောင်သား ငေးကြည့်နေမိပါသည်။

"ခိုင်းစေသူက .. နှင် ကိုကြီးလို့ခေါ်တတ်တဲ့ ဦးရဲထက်ပဲ နွေဦး"

သူမမျက်နှာမှာ ကြောက်မက်ဖွယ် ကြေကွဲမှုတွေနဲ့ .. ဟော.. တစ်စတစ်စ ရှိုက်သံက စတင်ပြီ..။

"ငါ့မှာ နှင့်ကို ပံ့ပိုးပေးနိုင်မယ့် ဂုဏ်သိက္ခာစည်းစိမ် အသိုင်းအဝိုင်းမရှိပေမယ့် နှင့်ကို အပေါ်ရောက်အောင် တွန်းတင်နိုင်တဲ့ ပခုံး ကောင်းကောင်း ရှိပါတယ် နွေဦး"



သူမ နှုတ်ခမ်းတင်းတင်းစေ့ပြီး ငိုကြွေးသံကို ကျွန်တော် မျက်ကွယ်ပြုချင်ပါသည်။

"နှင် ပွဲလမ်းတက်ဖို့ လုံခြုံလှပတဲ့ အဝတ်အစား ငါ မဆင်နိုင်ပေမယ့် နှင် လက်ညှိုးညွှန်ရာ လုပ်ပေးတတ်တဲ့ ခပ်ညံ့ညံ့နှလုံးသား တစ်ခု ရှိခဲ့တာ နှင် မေ့နေခဲ့ပြီလား နွေဦး"

ကျွန်တော် သူမ ပခုံးနှစ်ဖက်ကို လှုပ်ရမ်းပြီး...

"ပြောပါဟာ ... ငါ့မှာ ဘာအပြစ်ရှိလို့ ငါ့ကို ထားခဲ့ရတာလဲ နွေဦး..၊ နှင် စိတ်ညစ်နေရင် အားပေးတတ်တဲ့၊ နှင် ပျော်ရွှင်အောင် ဖြေရှင်းတတ်တဲ့ နှင့်ရဲ့အရိုးလူတစ်ယောက်မှာ ဘာအပြစ်တွေများ ရှိနေလဲ..၊ နှင် ငြီးငွေ့သွားလို့လား.."

"နှင် အမြင့်ရောက်အောင် ငါ့ပခုံးကို စုံကန်တက်ခဲ့ပြီးလို့ အလိုမရှိလို့ ကန်ထုတ်လိုက်တာလား နွေဦး .. ပြောပါဟာ .."

"မဟုတ်ဘူး .."

ငိုကြွေးရင်း ဗလုံးဗထွေးနှင့် ငြင်းဆန်ဟစ်အော်လိုက်တဲ့ သူမကို ကျွန်တော် ကြည့်မိသည်။

ကျွန်တော့်ကို ရိုကျိုးတောင်းပန်နေတဲ့ မျက်ဝန်းအစုံ...။

"ငါ နှင့်ကိုချစ်တာ ငါပဲ သိတယ် မင်းယံ"



www.burmeseclassic.com1

www.burmeseclassic.com



ကျွန်တော် သူမစကားကြောင့် ရယ်မောမိခဲ့ပါသည်။

"အဲဒီအသိတွေကြောင့် နင်ပဲ ငါ့ကို ထားသွားခဲ့တာပေါ့ ဟုတ် လား နွေဦး..၊ တော်ပါတော့ဟာ .. အခု နင့်ဆီ ငါလာတာ နင် လတ် မထပ်ပါနဲ့လို့ တောင်းဆိုဖို့ မဟုတ်ဘူး။ ငါ့ကို ပြန်ချစ်ပါ .. ငါ့ရင်ခွင်ဆီ ကို ပြန်လာပါလို့ တောင်းခံဖို့လည်း မဟုတ်ဘူး။ အရှုံးလုပ်ခံရတဲ့ ငါ့ရဲ့အဖြစ်တွေကို ရပ်တန်းကရပ်ဖို့၊ နောက်ဆုံး လမ်းခွဲတစ်ခု အကြောင်းကို နင့်ကို လာပြောတာ ဒါပါပဲ"

ကျွန်တော် လှည့်ထွက်ဖို့ပြင်တော့ ကျွန်တော့်နောက်ကျောတို သိုင်းဖက်ပြီး...

"မင်းယံ .. ငါ့ကို မထားခဲ့ပါနဲ့"

ကျွန်တော့်လက်က တံခါးသော့ကို လှည့်မိပြီး...

"နင့်ဘဝကို နင် တည်ဆောက်ခဲ့ပြီးပြီပဲ နွေဦး..၊ နင့်အဆောက် အအုံ ခိုင်မာအောင်လို့ ငါ့ဘဝက ကတုတ်ကျင်းသာသာ အတူးခံခဲ့ရ ပြီးပြီပဲဟာ.."

ကျွန်တော် ရုန်းထွက်ပြီး လှေကားအတိုင်း ဆင်းလာခဲ့ပါသည်။

နွေဦးဖော် ကြမ်းပြင်ပေါ် ကို အရုပ်ကြိုးပြတ်ထိုင်ချရင်း တံခါးကို မျက်နှာအပ်ကာ ရှိုက်ကြီးတငင် ငိုမိပါသည်။

မင်းယံ တိုက်အောက်ကိုရောက်တော့ ကားတံခါးဖွင့်ကာ ဝင် ထိုင်ပါသည်။





မင်းယံ ကားထဲရောက်တော့ နိုင်ထူးက ကားမောင်းထွက် သည်။ နိုင်ထူး နောက်ကြည့်မှန်မှတစ်ဆင့် မင်းယံကို လှမ်းကြည့် တော့ တိုက်ပွဲရဲ့အရှိန်အဟုန်က ခန့်မှန်းရလွယ်သည်။

ဘာကြောင့်လဲဆိုတော့ မင်းယံရဲ့မျက်ဝန်းတွေထဲမှာ နာကျင် ကြေကွဲမှု လမ်းခွဲတစ်ခုရဲ့အဖြေကို တွေ့နေရပါသည်။

"မင်း ပြီးပြတ်ခဲ့ပြီလား မင်းယံ"

မင်းယံ ခေါင်းညိတ်ပြပါသည်။

"အားလုံး ပြီးပြတ်ခဲ့ပြီပေါ့"

အေးမြင့်ကျော် စကားကြောင့် မင်းယံ ကြိုးစားပြုံးမိသည်။

"အားလုံး ပြီးပြတ်ခဲ့ပါတယ်..၊ တကယ်လို့ တစ်ခါတလေ တိုက် ဆိုင်လို့ သတိရခဲ့မိရင်တော့ ကိုယ့်ကိုယ်ကို သတိမရဖို့ အသိတစ်ခု တော့ ကြိုးစား မွေးရမှာပေါ့"

ဒီကောင်တွေဆီမှ စကားသံ ဆက်မကြားရတော့ပါ..။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်"

နွေဦး ခေါင်းညိတ်မိပါသည်။ ဦးရဲထက် ကလေးတစ်ယောက်လို ပျော်ရွှင်စွာ ဟစ်အော်မိပါသည်။

"ဟား .. ကိုယ့်စိတ်ကူး မှန်သွားတယ် နွေဦး"

နွေဦး ကိုကြီးကို ငေးကြည့်နေမိပါသည်။

အိပ်မက်တစ်ခုကို အကောင်အထည်ဖော်ခွင့်ရတဲ့ ယုံကြည်ချက်တွေနှင့် ဦးရဲထက် ပျော်ရွှင်မှုက အတိုင်းမဲ့သိ..။

"နွေဦးရဲ့ အစ်ကို မင်းယံကို ကိုယ် အကူအညီတောင်းမိတာ မှန်သွားပြီ"

နွေဦး အားတင်းကာ ပြုံးမိသည်။ နွေဦးရဲ့ မပီပြင်တဲ့ အပြုံးကို ဦးရဲထက် သတိထားမိကာ...

"ဟင် .. နွေဦး နေမျာမကောင်းလို့လား .. မျက်နှာလည်း မကောင်းဘူး"

"နွေဦး ခေါင်းကိုက်နေလို့ပါ ကိုကြီး"





နွေဦးရဲ့စကားကြောင့် ရဲထက် ပျာပျာသလဲဖြစ်သွားပါသည်။

"ဟာ!... အစောကြီးကတည်းက ပြောပေါ့ နွေဦးရယ် .. ကဲ့ ထဲ .. ဆေးခန်းသွားရအောင်"

နွေဦးက ခေါင်းခါပြကာ...

"အိပ်ရေးပျက်လို့ပါ ကိုကြီးရယ် .. ခဏအနားယူလိုက်ရင် ကောင်းသွားမှာပါ"

"ဟာ .. သွားလိုက်ပါ နွေဦးရယ်.. ရောဂါဆိုတာ မွေးထားတာ မကောင်းဘူး ရှာတိုက်ရ"

"နွေဦး ဘာမှမဖြစ်တာ နွေဦး သိပါတယ်"

"ဒါဆို ကားရိုက်ဖျက်လိုက်ပြီး အနားယူမလား"

နွေဦး သူမကို အရမ်းအလိုလိုက် ဂရုစိုက်တတ်တဲ့ ဦးရဲထက် ကြောင့် ကြည်နူးမိတာ အမှန်ပါ..။

"မဖျက်ပါဘူး ကိုကြီးရယ် .. အိပ်ရေးဝဝ အိပ်လိုက်ရင် နွေဦး ကောင်းသွားမှာပါ။ တကယ် .."

"ကဲ ဒါဆို ဖိတ်စာတွေကြည့်ဖို့-ခန်းဝင်ပစ္စည်းတွေ သွားကြည့်ဖို့ ကိုကြီးပဲ သွားလိုက်မယ်"

"ရပါတယ် နွေဦး လိုက်ခဲ့မယ် ခဏနော်"

ဦးရဲထက် ခေါင်းညိတ်ပြလိုက်မိပါသည်။ နွေဦး သူမအခန်းထဲ သွားတော့ ဦးရဲထက် ပျင်းပျင်းနဲ့ နွေဦးစာကြည့်စားပွဲကို သွားပြီ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်တွေ လှန်လှော ဖတ်ရှုနေမိသည်။ ဂျာနယ်တစ်အုပ်ကိုဖွင့်ရင်း စာမျက်နှာတစ်ရွက်ကိုအလှန်မှာ ဓာတ်ပုံတစ်ပုံက ပြုတ်ကျသွားပါတယ်။

မှောက်လျက်ကျနေတဲ့ ဓာတ်ပုံလေးကို လှမ်းကောက်ယူရင်း ကြည့်လိုက်တော့ ပြုံးရယ်နေတဲ့ နွေဦးနဲ့မင်းယံတို့ရဲ့ တွဲရိုက်ထားတဲ့ ဓာတ်ပုံလေး ဖြစ်နေပါတယ်။ ရဲထက် ပြုံးမိရင်း "တော်တော်ချစ်တဲ့ မောင်နှမနှစ်ယောက်" ပဲလို့ ခပ်တိုးတိုး ရေရွတ်မိပါသည်။

ဒါပေမယ့် ဓာတ်ပုံကိုကြည့်ရင်း လွတ်လွတ်လပ်လပ် ရယ်မောနေကြတဲ့ သူမတို့ရဲ့ဓာတ်ပုံကို စိုက်ကြည့်နေရင်း ရင်ထဲမှာ တစ်ခုခု ခံစားနေရသလို ဖြစ်လာတာတော့ အမှန်ပါ..။ ဓာတ်ပုံရဲ့ နောက်ကျောမှာ ခုနှစ်သက္ကရာဇ်တစ်ခုနှင့် သချာမကျ နောက်ဆုံးနှစ်အမှတ်တရလို့ ရေးထိုးထားတာကို တွေ့မိပါသည်။

ဓာတ်ပုံရဲ့ နောက်ကျောကို ကြည့်နေရင်း အခန်းတံခါးကို ဖွင့်သံကြားလိုက်မိတာကြောင့် ကပျာကယာ ဘောင်းဘီအိတ်ထဲကို ဓာတ်ပုံကို ထိုးထည့်လိုက်လိုက်ကာ ဂျာနယ်ကို စားပွဲပေါ် ပြန်တင်ထားလိုက်ပါသည်။

"သွားမယ်လေ .. ကိုကြီး"

နွေဦးက ပြင်ဆင်ပြီး အဆင်သင့် ထွက်လာတာကြောင့် ခေါင်းညိတ်ပြပြီး အတူတံခါးပိတ်ကာ ထွက်လာခဲ့မိပါသည်။





"ဟော .. အန်ကယ်ရဲထက် လက်ထဲမှာ ဖိတ်စာနဲ့ပါလား။ ဘာလဲ အန်ကယ်ရဲထက် မွေးနေ့လား"

နိုင်ထူး စကားကြောင့် အန်ကယ်ရဲထက်က ကားတံခါးကို ဆောင့်ပိတ်ကာ..

"ဘယ်က မွေးနေ့ရမှာလဲ မောင်နိုင်ရာ .. ဟဲ .. ဟဲ.. အန်ကယ့် မင်္ဂလာပွဲဖိတ်စာ လာပို့တာ"

"ဗျာ!..."

ရုတ်တရက်ဆိုတော့ နိုင်ထူး အံ့ဩသွားတာအမှန်ပါ။ ဒီလောက်ကြီး မြန်မြန်ဆန်ဆန် မင်္ဂလာပွဲကို ကျင်းပလိမ့်မယ်လို့လည်း နိုင်ထူး မထင်ခဲ့ပါ..။

"ဘာမင်္ဂလာပွဲတွေလဲ အန်ကယ်ရဲ"

မမက သူတို့ဆီလျှောက်လာရင်းပြောတော့ အန်ကယ်ရဲက ဖိတ်စာကို လှမ်းပေးသည်။ မမက ဖိတ်စာကို ဖွင့်တော့..



www.burmeseclassic.com1

www.burmeseclassic.com



"ဟင်!..."

မမ အံ့ဩပုံကြောင့် အန်ကယ်ရဲထက်က ရယ်သည်။

"ဘာလဲ .. ငါ့မင်္ဂလာပွဲဆိုလို့ အံ့ဩသွားလို့လား၊ ကဲ .. ညည်း အဖေရော့ရှိလား နှယ်နီ"

"ရှိတယ် အန်ကယ်ရဲ"

အန်ကယ်ရဲက သူတို့ကို လက်ပြကာ ထွက်သွားမယ်ပြင်ပြီးမှ..

"ဪ အန်ကယ်ကို ဖိတ်စာတစ်စောင် ပို့ပေးပါကွာ"

"ဘယ်သူလဲ အန်ကယ်"

"မောင်မင်းယံဆီကိုပေါ့ .. အန်ကယ်ကိုယ်တိုင် သွားပေးသင့်တာပါ၊ ဒါပေမယ့် အန်ကယ့် အလုပ်ကိစ္စတွေများလို့ ကိုယ်တိုင်မလာနိုင်တာ ခွင့်လွှတ်ပါလို့ မောင်နိုင် ပြောပေးပါကွာ"

"စိတ်ချပါ .. အန်ကယ်"

"ကျေးဇူးပဲကွာ .. အန်ကယ် မင်းအဖေနဲ့ တွေ့လိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်ကယ်"

အန်ကယ်ထွက်သွားတော့ နိုင်ထူး ဖိတ်စာကို ငေးကြည့်မိပါသည်။ မမက စိတ်မကောင်းဟန်နဲ့ သက်ပြင်းချရင်း...

"မင်းယံကတော့ ဒီသတင်းကိုကြားရင် ဘယ်လောက် စိတ်ထိခိုက်မလဲ မသိဘူးနော်"

နိုင်ထူး ခေါင်းခါပြကာ..





"ဒီကောင့်နှလုံးသားက ထုံသွားပါပြီ မမ..၊ ဒီထက်ပိုပြီး ကြေကွဲဖို့လည်း ဖြစ်နိုင်မယ် မထင်တော့ပါဘူး မမ"

"အေးလေ .. ဒီကောင်လေး ခံနိုင်ရည်ရှိမယ်ဆိုတာ မမ ယုံပါတယ်၊ ကြည့်တော့ .. လူပုံက ပျော့နဲ့နဲ့နဲ့ ခံနိုင်ရည်တော့ အရှိသား"

"မင်းယံ သနားဖို့တော့ အကောင်းသားနော် မမ..၊ နွေဦးအတွက် သူ အစွန်ဆုံးအထိ ကိုယ်ကျိုးစွန့်ခဲ့တာ မမ..၊ ကျွန်တော် အသိဆုံးပါပဲ မမရယ်..၊ ဒါပေမယ့် ဒီကောင် ရလိုက်တာက အဆစ်တာန်ပဲ"

"နင်တို့လည်း မင်းယံကို ကြည့်ကျက်ပြီး ထိန်းပေါ့ဟယ်"

"စိတ်ချပါ မမ..၊ ဒီကောင် ဘဝပျက်လောက်တဲ့အထိ မိုက်မဲမယ့်ကောင်တော့ မဟုတ်ပါဘူး"

နိုင်ထူး ဖိတ်စာလေးကို ထပ်ကြည့်မိပါသည်။ အမွှေးနံ့သာ ဖိတ်စိတ်လက် ကြွေသားရောင် .. ဒီအရာဟာ မင်းယံအတွက်တော့ အဆိပ်အတောက် ဖြစ်နေမှာပါ..။



www.burmeseclassic.com1

www.burmeseclassic.com



လှပခန့်ညားတဲ့ အရောင်တလက်လက် ဖိတ်စာကို နိုင်ထူး စားပွဲပေါ် ပစ်ချပြီး ဝင်ထိုင်သည်။

"အန်ကယ်ဒ်ရဲ့ထက် သူကိုယ်တိုင် ဖိတ်မလို့ပဲ..၊ ဒါပေမယ့် ဒီ ရက်ပိုင်း အလုပ်တွေသိပ်ရှုပ်နေလို့ ကိုယ်တိုင်မလာနိုင်တာ ခွင့်လွှတ်ပါတဲ့၊ ပြီးတော့၊ ဒီပွဲကို မတက်မဖြစ်တက်ဖို့ အထူးဧည့်သည်တော် အနေနဲ့ ကြွရောက်ပါတဲ့၊ ကောင်းကွာ .."

နိုင်ထူးရဲ့ ဒကာင်မလေးက ဖိတ်စာကို ယူကြည့်ကာ သူကို ပြောပါသည်။

"ဘယ်လိုနှလုံးသားနဲ့ ဒီပွဲကို တက်ဖြစ်ဖို့ ကြိုးစားရမလဲဆိုတာ မခွေဦး နားလည်သင့်ပါတယ်"

မြတ်မွန်စကားက ကျွန်တော့်နှလုံးသားကို ကျင်စက်နှင့် တို့ လိုက်သလိုပါပဲ..၊ အေးမြင့်ကျော်က ကျွန်တော့်ကို ငေးကြည့်ရင်း—

"မင်း ဒီမင်္ဂလာပွဲကို တက်မှာလား မင်းယံ"





"တက်ဖြစ်အောင် တက်ရမှာပေါ့ကွာ..၊ တန်ကြေးကြီးတဲ့ ငွေ နှလုံးသားကို လက်ဖွဲ့ထားတာပဲ သူငယ်ချင်း"

"အသည်းကောင်းတယ် ဆိုပါတော့"

"ဒါပေါ့ .."

ကျွန်တော် ခံနိုင်ရည်ရှိအောင် ကြိုးစားပြီး တက်ရောက်ရမည့် ပွဲ..၊ နိုင်ထူးက မြတ်မွန် လက်ဖဝါးကို အုပ်မိုးဆုပ်ကိုင်ပြီး...

"မင်း လူတစ်ယောက်ရဲ့အသက်ကို ကယ်တင်လိုက်တာဟာ မင်းနှလုံးသားကို ကျရှုံးဖို့ဆိုတာ မင်း ဘယ်တုန်းကမှ တွေးမိမှာ မဟုတ်ဘူး ထင်တယ် မင်းယံ"

ကျွန်တော် ခပ်ယဲ့ယဲ့ ရယ်မိပါသည်။

"သူတည်းတစ်ယောက် ကောင်းဖို့ရောက်မှ သူတစ်ယောက်မှာ ဖျက်လင့်ကစား မမှုသာတည်း တဲ့..၊ နိုင်ထူး သူတို့ အဆင်ပြေရင် ငါ ကျေနပ်ပေးရမှာပေါ့"

"အဲဒီပွဲကို မြတ်မွန်လည်း လိုက်ချင်တယ် ကိုကို"

မြတ်မွန်ရဲ့ စကားကြောင့်...

"လိုက်ခဲ့ရမှာပေါ့ .. ဒီပွဲက လူစုံမှာပဲ၊ ပြီးတော့ မေမေ ဖေဖေတို့ ရော လာမှာဆိုတော့ ဧည့်ခံပွဲရောက်ရင် မိတ်ဆက်ပေးမယ်လေ"

မြတ်မွန်က ကျေနပ်သွားဟန် ခေါင်းညိတ်ပြပါသည်။

မင်းယံ ဒီအကြော်ဆိုင်လေးထဲကနေ အဝေးတို့ [illegible]



www.burmeseclassic.com1

www.burmeseclassic.com



သည်။ ဟိုး .. လွန်ခဲ့တဲ့ကာလက အခုလို ညနေခင်းတိုင်း သူနဲ့နွေဦး ညနေခင်း လမ်းလျှောက်ထွက်တိုင်း ဒီဆိုင်လေးမှာ အမြဲထိုင်နေကျ အခုတော့..။

"အစက ကိုမင်းယံကြီးနဲ့ မနွေဦးကိုကြည့်ပြီး ကြည်နူးစရာကောင်းတဲ့စုံတွဲပဲလို့ မြတ်မွန်တို့သူငယ်ချင်းတွေ ပြောမိကြသေးတယ်"

"အခုတော့ ဟက်တက်ကွဲတဲ့ ဒဏ်ရာနဲ့ လူပြောစရာပဲ ကျန်ခဲ့တာပေါ့ မြတ်မွန်"

ကျွန်တော့်ရဲ့ နာနာကြည်းကြည်း ပြောလိုက်တဲ့ စကားကြောင့် ကျန်တဲ့သူတွေ စိတ်မကောင်း..။

"ကဲ .. ဒါတွေထားလိုက်စမ်းပါကွာ၊ မင်း ဘာဖြစ်ချင်တာလဲ..၊ ဘီယာသောက်ချင်လား"

နိုင်ထူးရဲ့စကားကြောင့် မြတ်မွန်က...

"ကိုကိုနော် ကိုမင်းယံ အသည်းကွဲတာနဲ့ ဘီယာသောက်တာနဲ့ မဆိုင်ဘူး"

မြတ်မွန်စကားကြောင့် နိုင်ထူးက ပျာပျာသလဲနှင့်...

"မဟုတ်ဘူးလေ .. ကိုကိုက ကိုကို့သူငယ်ချင်းအတွက် ဟို .. ဘယ်လိုပြောရမလဲ"

"ပါးစပ်နဲ့ပဲပြောပြော ဖင်နဲ့ပဲပြောပြော ကိုမင်းယံ သောက်ချင်ရင် သောက် .. ကိုကို မသောက်ရဘူး ဒါပဲ"





နိုင်ထူးက စပ်ဖြဲဖြဲနှင့်...

"ဟဲ .. ဟဲ .. ကိုကို ပြောတာလည်း ဆုံးအောင်နားထောင်ပါဦး။ ကိုကိုနဲ့ အေးမြင့်ကျော်က သူ့ရင်ထဲ ပွင့်သွားအောင် ဘေးက နားထောင်ရုံသက်သက်ပါ .. နော်.အေးမြင့်ကျော် .."

"ဟုတ်တယ်ဟ .. ပုလင်းကို လက်ဖျားနဲ့တောင် မထိဘူး"

"တကယ်နော် .. တကယ်"

ဒီကောင်တွေစကားကြောင့် ကျွန်တော် ရယ်ချင်မိပါသည်။

လက်ဖျားနဲ့တောင် မထိပေမယ့် ဝိတ်တာလေးငှဲ့ပေးတဲ့ ပုလင်းထဲက အရည်တွေကို ဖန်ခွက်လေးနဲ့ခံပြီး ပါးစပ်ထဲ မှောက်သောက်မယ့်ကောင်တွေ..၊ အေးမြင့်ကျော်က တိုးတိုးလေး လှမ်းပြောပါတယ်။

"သူငယ်ချင်း မင်းအပူ ငါတို့အပူပေါ့ကွာ .. ဟဲ .. ဟဲ .."

"ကိုအေးမြင့်ကျော် .."

မြတ်မွန်က မယုံသင်္ကာစွာ လှမ်းအော်တော့ အေးမြင့်ကျော်က လူအများကြားအောင်...

"တကယ်တော့ အသည်းကွဲတာနဲ့ အရက်သောက်တာ တခြားစီပါကွာ"



www.burmeseclassic.com1

www.burmeseclassic.com



ဦးရဲထက် ကုမ္ပဏီရုံးခန်းထဲမှာ တစ်ယောက်တည်းရှိနေစဉ် ဓာတ်ပုံကို ထုတ်ကြည့်မိပါသည်။ လွတ်လပ်ကြည်နူးခြင်းနှင့် ရယ်မောခြင်း ပေါင်းစပ်ထားတဲ့ ဓာတ်ပုံထဲက ကောင်လေးနှင့် ကောင်မလေးပုံရိပ်က သူ့စိတ်ကို သံသယတစ်ခုပေးနေတာ အမှန်ပါ။

သူ လူခေါ်ဘဲလ်ကို နှိပ်လိုက်တော့ တစ်ဖက်ခန်းက သူ့ရဲ့ အတွင်းရေးမှူးမလေး စန္ဒီက...

"ကျွန်မရောက်ပါပြီ ဆရာ"

"စာရင်းအင်းဌာနက အော်ပရေတာ စုစုမျိုးမြင့်ကို ဒီကိုလွှတ်လိုက် စန္ဒီ၊ ဒီကောင်မလေးနဲ့ ဦးရဲ စကားအေးအေးဆေးဆေး ပြောချင်တယ်၊ အပြင်ကကိစ္စမှန်သမျှ စန္ဒီပဲ ဒိုင်ခံဖြေရှင်းလိုက်တော့ .."

"ဟုတ်ကဲ့ ဆရာ"

စန္ဒီထွက်သွားပြီး သိပ်မကြာမီမှာ စုစုမျိုးမြင့် ရောက်လာပါတယ်။





"ထိုင် .. စုစု .."

စုစု သူ့ရှေ့မှာ ရိုရိုကျိုးကျိုး ဝင်ထိုင်ပါသည်။

"စုစုက သချ်ာနဲ့ ကျောင်းပြီးတာနော်"

"ဟုတ်ကဲ့ ဦးရဲ"

"ဘယ်နှစ်ခုနှစ်လဲ .. ဘယ်တက္ကသိုလ်က ကျောင်းပြီးတာလဲ စုစု"

စုစုက ကျောင်းပြီးတဲ့ ခုနှစ်နဲ့ တက္ကသိုလ်ရဲ့နာမည်ကို ပြောပြတော့ ကျွန်တော် ကျေနပ်သွားပါသည်။

ကျွန်တော့်အံဆွဲထဲက ဓာတ်ပုံကိုယူပြီး စုစုရှေ့ ချပြကာ...

"သူတို့နှစ်ယောက်ကို သိလား .. သူတို့အကြောင်းကို စုစု သိသလောက် ဦးရဲ သိချင်တယ်"

စုစုက ဓာတ်ပုံကို ယူကြည့်ကာ တဖြည်းဖြည်း ပြုံးလာရင်း...

"ဒါ မင်းယံနဲ့ နွေဦးရဲ့ပုံ မဟုတ်လား"

ကျွန်တော် အားတက်သွားမိပါသည်။

"စုစု သူတို့ကို သိတယ်"

"သိတာပေါ့ ဦးရဲရဲ့ .. နွေဦးနဲ့ စုစုနဲ့က အရမ်းကြီး မရင်းနှီးပေမယ့် ခင်တာတော့ ခင်တယ်၊ နွေဦးက ကုမ္ပဏီကကြော်ငြာကို တောင် ရိုက်ပေးသွားသေးတယ်လေ"

ရဲထက် ခေါင်းညိတ်ပြမိပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"မင်းယံနဲ့ နွေဦးက ကျောင်းမှာ ဒုတိယနှစ်ကတည်းက ချစ်သူတွေဖြစ်လာခဲ့ကြတာ၊ သိပ်လည်း သိပ်ချစ်ကြတယ်"

"ဟင်!..."

သူမျှော်လင့်ထားပေမယ့် ရုတ်တရက်ဆိုတော့ အံ့ဩမိတာ အမှန်ပါ..။

"ဟုတ်တယ် ဦးရဲ.. နွေဦးက မင်းယံဆိုရင် သိပ်နိုင်တာ၊ နွေဦး စကားတစ်ခွန်းဆိုတစ်ခွန်း မင်းယံက အရိပ်တကြည့်ကြည့်နဲ့နေတာ၊ နွေဦး ဒီမှာ ကြော်ငြာမရိုက်ခင်က သူတို့နှစ်ယောက်ကို မြို့ထဲမှာ စုစုနဲ့တွေ့လို့ နင်တို့တွဲလာတာကြာပြီ လက်မထပ်ကြသေးဘူးလား လို့ ရခဲ့သေးတယ်"

"စုစု သိတာတော့ အဲဒီလောက်ပါပဲ"

"ဒီလောက်ဆို လုံလောက်ပါပြီ၊ ကဲ.. စုစုလည်း ကိုယ့်အလုပ်ကိုယ်သွားလုပ်လို့ ရပါပြီ"

စုစုက ခေါင်းညိတ်ကာ အခန်းထဲမှ ထွက်သွားပါသည်။ စုစု ထွက်သွားတော့ သူ ဆုံလည်ကုလားထိုင်မှာ သက်ပြင်းမှုတ်ထုတ်ကာ မှီလျော့ထိုင်နေမိပါသည်။

ပြီးတော့ မင်းယံအတွက် သူ့ကိုယ်သူ နောင်တရလို့ မဆုံး..၊ သူဟာ အတ္တကြီးတဲ့လူတစ်ယောက် ဖြစ်ခဲ့ပြီလား..၊ ကိုယ့်အသက်ကို ကယ်တင်ခဲ့တဲ့ လူတစ်ယောက်ရဲ့ နှလုံးသားကိုမှ သူ လုယူခဲ့





သည့်အဖြစ်မျိုးလား..။ ပြီးတော့.. နောက်ဆုတ်ဖို့အချိန် မနက်ဖြန်ဆို ညစ်ခံပွဲက စဖို့ ရာသူနေပါပြီ..၊ ဘာတွေလုပ်သင့်သလဲ..။

နိုင်ထူး.. ဟုတ်ပြီ !.. ကိုကြီးနိုင်ရဲ့ သား..။

သူ့လက်တွေက သူရဲ့ဟန်းဖုန်းနံပါတ်တွေပေါ် ရောက်ရှိခဲ့ပါသည်။

"ကိုကြီးနိုင်လား.. ကျွန်တော် ရဲထက်ပါ၊ ဗြော်... ကိုကြီးနိုင်ရဲ့သား နိုင်ထူးရဲ့ဖုန်းနံပါတ်ကို သိချင်လို့၊ ဟုတ်ကဲ့.. ကျေးဇူးပဲ ကိုကြီးနိုင်၊ နောက်မှ ပြန်ဆက်တော့မယ်"

ကိုကြီးနိုင်ဆီ ဖုန်းဆက်ပြီးတော့ နိုင်ထူးဆီ ဖုန်းထပ်ဆက်ရပြန်သည်။

"မောင်နိုင်လား.. အန်ကယ်ရဲထက်ပါ၊ မင်း အားလား.. အားရင် အန်ကယ်နဲ့ မင်းအဖေထိုင်နေတဲ့ လီမွှော်ရောင်ဥယျာဉ်ဆိုတဲ့ဆိုင် မင်း သိတယ်နော်၊ အေး.. မင်းနဲ့ အန်ကယ်ရဲ စကားပြောစရာရှိလို့ မြန်မြန်လေးနော်"

ဖုန်းဆက်ပြီးတော့ သူ့အိတ်ကိုဆွဲကာ စန္ဒီကို စပီကာမှတစ်ဆင့် မှာစရာရှိတာ မှာပြီး ထွက်လာခဲ့ပါသည်။

ဆိုင်ရောက်တော့ နိုင်ထူး မရောက်သေး၊ သူ ဝီစကီ ခပ်ပြင်းပြင်း တစ်တောင့်မှာပြီး ဖန်ခွက်ထဲ အရက်ချည်းထည့်ကာ ရေမရောဘဲ မော့ချ်မော့သောက်လိုက်မိသည်။



www.burmeseclassic.com1

www.burmeseclassic.com



အခုအချိန် သူ့ခေါင်းထဲမှာ ရှိနေတာက စက်ဆုပ်မှု .. အတိုအကျပြောရရင် ကိုယ့်ကိုယ်ကို စက်ဆုပ်မှုတစ်ခုပါပဲ..။

သူ မင်းယံအပေါ်မှာ ကျေးဇူးပြန်ဆပ်ပုံက နိုင်လိုမင်းထက်ဆန်သည်။ သူ့အပေါ်ကောင်းခဲ့တဲ့ လူတစ်ယောက်ပေါ် အခွင့်အရေးတွေ ပေးပေမယ့် မယူတတ်တဲ့ ရိုးသားအေးဆေးတဲ့ လူငယ်တစ်ယောက်အပေါ် သူနဲ့ နွေဦး ရက်စက်ခဲ့သည်။

"အန်ကယ်ရဲ..."

အတွေးတွေကို လှုပ်နှိုးလိုက်တဲ့အသံကြောင့် မော့ကြည့်တော့ နိုင်ထူး ဖြစ်နေပါသည်။

"ဩော် ... မောင်နိုင် ထိုင်ကွာ"

နိုင်ထူးက တစ်ဝက်လောက်ကျိုးနေတဲ့ အရက်ပုလင်းကို ကြည့်ပြီး...

"ဟင် .. ဆော်လှချည်လား အန်ကယ်ရဲ .. အန်ကယ်ရဲက ပရက်ရှာ ရှိတယ်နော်"

သူ ပြုံးနေလိုက်ပါသည်။

"မင်း သောက်လေ"

နိုင်ထူးက ခေါင်းညိတ်ပြတော့ အနားက ဝိတ်တာလေးက အသင့်စပ်ပေးပါသည်။ ရဲထက်က ဝိတ်တာလေးကို...

"ကဲ .. ရှာတိတ် မင်း ဝေယျာဝစ္စတွေ မလုပ်ပေးနဲ့တော့၊ ရပြီ"





ဝိတ်တာလေးက အရိုအသေပေးကာ အလိုက်တသိ ထွက်သွားပါသည်။ ဦးရဲထက် နိုင်ထူးကို ကြည့်ပြီး...

"အန်ကယ် အရမ်းမှားသွားတယ် မောင်နိုင် .."

"ဘာကိုလဲ အန်ကယ်"

သူ့ရဲ့ ကြေကွဲတဲ့အသံကြောင့် နိုင်ထူးက နားမလည်ဟန်ပုံ ရှိသည်။

"ခု .. အန်ကယ့်အပေါ် ကျေးဇူးပြုဖူးတဲ့လူတစ်ယောက်ရဲ့ နှလုံးသားကိုမှ အန်ကယ် သေအောင်နှိပ်စက်လိုက်သလို ဖြစ်မိတယ်"

"ဗျာ!..."

နိုင်ထူး ပါးစပ်အဟောင်းသားနဲ့ သူ့ကို မျက်လုံးပြူးကာ ကြည့်နေတော့ ရဲထက် နာနာကျင်ကျင် ပြုံးမိပါသည်။

"မောင်မင်းယံအပေါ် အန်ကယ် လူမဆန်သလို ဖြစ်မိတယ်"

"ဟိုလေ .. အန်ကယ့်"

နိုင်ထူးက ဖုံးကွယ်ဖို့ ကြိုးစားချင်ဟန်ရှိတာကြောင့် ရဲထက် လက်ကာပြကာ...

"မင်း ဖုံးကွယ်ဖို့ မကြိုးစားပါနဲ့တော့၊ မင်းယံနဲ့နွေဦး ဒုတိယနှစ်ထဲက သမီးရည်းစားတွေ ဖြစ်ခဲ့ကြတာ အန်ကယ် သိတယ်ဆိုရင် .."

နိုင်ထူး မျက်နှာပျက်သွားရပါသည်။

"အန်ကယ် ဒီကိစ္စတွေ အခုမှသိလို့ မင်းကို ခေါ်ပိုက်ရတာပဲ



www.burmeseclassic.com

www.burmeseclassic.com



နိုင်ထူး”

နိုင်ထူး သက်ပြင်းချရင်း…

“အခုမှတော့ ဘာတတ်နိုင်မလဲ အန်ကယ် .. ပြီးတော့ ဒီကိစ္စက အန်ကယ်ရဲ့ကိုယ်တိုင် တမင်ရည်ရွယ်ပြီး လုပ်ခဲ့တာမှမဟုတ်တာ မတော်တဆ…”

“ဘယ်လို .. မတော်တဆ .. ဟား .. ဟား”

ဦးရဲထက် နာကျင်စွာ ရယ်ပစ်လိုက်ပါသည်။

“မောင်မင်းယံရဲ့ စိတ်ပိုင်းဆိုင်ရာကို ပျက်စီးသွားအောင် ဇာတ်လမ်းရှည်ကြီးနဲ့ နှိပ်စက်မိတာဟာ မတော်တဆဖြစ်မလား မောင်နိုင်”

နိုင်ထူး ဦးရဲထက်ကို ငေးကြည့်မိပါသည်။ ဆောက်တည်ရာမရတဲ့ နောင်တတရားတွေနဲ့ ပူလောင်နေပုံကို ကိုယ်ချင်းစာမိပါသည်။

“ငါ ဘာဆက်လုပ်သင့်သလဲ မောင်နိုင်၊ ငါ့နေရာမှာ မင်း ဆိုရင်ရော မင်း ဘာဆက်လုပ်မလဲ”

နိုင်ထူး ဦးရဲထက်ကို ဘယ်လို နှစ်သိမ့်ရမလဲ မသိခဲ့ပါ..။

“အခုအချိန်မှာတော့ ဘာမှဆက်လုပ်လို့ မရတော့ဘူး အန်ကယ်၊ အန်ကယ့်အနေအထားနဲ့ မကြံကောင်း မစည်ကောင်း မင်္ဂလာပွဲကို ဖျက်သိမ်းဖို့ မကြိုးစားပါနဲ့လို့ ကျွန်တော် ကြားထဲက တောင်းပန်ချင်တာပါ”

“ဟာကွာ..”





‘ဟုတ်တယ် အန်ကယ်၊ ဒီလိုမျိုးဇာတ်သိမ်းဖို့ မင်းယံကလည်း ခွင့်ပြုမှာမဟုတ်ဘူး အန်ကယ်”

ဦးရဲထက် ငိုင်တွေသွားပါသည်။ နိုင်ထူး အရက် တစ်ခွက်ပြီး တစ်ခွက် ရွှတ်သောက်နေတဲ့ ဦးရဲထက်ကို ကြည့်ပြီး…

“တစ်ခါ တစ်ခါ ကံကြမ္မာချပေးတဲ့ ပုံစံခွက်အတိုင်း မနေချင်ဘဲ နေလိုက်ရတဲ့အဖြစ်တွေ လောကမှာ အများကြီးပဲ။ ဥပမာ အန်ကယ်ရဲထက် .. နောက်ပြီး မင်းယံ ..”

“ဒါဆို ရွှေဦးကရော ..”

နိုင်ထူး မေးကြောကြီးတွေ တင်းမာသည်အထိ အံကြိတ်မိသည်။

“သူကတော့ ကံကြမ္မာလို့ ပြောလို့ရတယ်လေ”

ဦးရဲထက် ဘာမှဆက်မပြောနိုင်တော့၊ နိုင်ထူးကိုယ်တိုင်လည်း ပြောဖို့စကား မရှိတော့ပါ..၊ ဦးရဲထက်နဲ့အတူ တစ်ခွက်ပြီးတစ်ခွက် လိုက်သောက်နေမိပါသည်။

နောက်ဆုံး ဦးရဲထက် ခေါင်းမထောင်နိုင်လောက်အောင်ဖြစ်တဲ့ အထိ သောက်နေတာကြောင့် နိုင်ထူး မတားတော့ဘဲ လွှတ်ပေးလိုက်ပါသည်။

ဦးရဲထက် မှောက်သွားပြီဆိုတော့မှ ဒယ်ဒီ့ကို အကြောင်းကြားကာ အိမ်ကဒရိုင်ဘာနဲ့ပဲ အန်ကယ်ရဲထက်ကို ပြန်ပို့ပေးလိုက်ရပါသည်။ ကားကိုတော့ နောက်မှလာယူမည်လို့ ဆိုင်မန်နေဂျာကို



www.burmeseclassic.com1

မှာခဲ့ပါ သည်။

သူကတော့ မင်းယံဆီ ခရီးဆက်ခဲ့ပါသည်။

ဆိုင်ရှေ့ရောက်တော့ သူ ကားပေါ်မှဆင်းပြီး ဆိုင်ထဲဝင်တော့ အေးမြင့်ကျော်က နှာခေါင်းရှုံ့ရင်း..

"မင်း သောက်ထားတာလား နိုင်ထူး"

"အင်း ..."

မင်းယံက စက္ကူအိတ်ထဲက ငွေတွေကို ထုတ်ရင်း ဆိုင်တံဆိပ်ရိုက်နေရာမှ တစ်ချက်မော့ကြည့်သည်။ သူ မင်းယံဘေးက ခုံမှာ ဝင်ထိုင်ရင်း...

"ဒါ့ကို အန်ကယ်ရဲထက်ခေါ်လို့ ဆိုင်တစ်ဆိုင်မှာ သောက်ဖြစ်တယ် မင်းယံ"

မင်းယံ သူ့ကို သာမန်ပုံစံနဲ့ လှည့်ကြည့်သည်။ သူ မင်းယံကို မကြည့်.. ခေါင်းမော့ကာ အမူးကို ဖြေဖျောက်ဟန်ပြုနေတာကြောင့် မင်းယံက...

"မင်း အမူးပြေသွားအောင် သံပရာရည်သောက်မလား နိုင်ထူး ငါ ဘေးဆိုင်က မှာလိုက်မယ်လေ".

သူ ခေါင်းခါပြမိပါသည်။

"အန်ကယ်ရဲထက် မင်းနဲ့ နွေဦး ချစ်သူတွေမှန်း သိသွားပြီ မင်းယံ"





"ဘာ!..."

မင်းယံ အလန့်တကြား ပြောမိသလို ကောင်တာမှ အေးမြင့်ကျော်ကလည်း မင်းယံ နည်းတူ...

"မင်း ဘာပြောတယ်"

"ဟုတ်တယ် မင်းယံ .. သူ ငါ့ကိုခေါ်ပြီး ပြောပြတယ်လေ။ ပြီးတော့ မင်းအပေါ် လည်း သူ စိတ်မသန့်ဘူးဖြစ်နေတာပေါ့"

မင်းယံ ခေါင်းငိုက်စိုက်ကျကာ ဆံပင်တွေထဲ လက်ထိုးထည့်မိသည်။

"ဟာကွာ .."

အေးမြင့်ကျော်က ကောင်တာကနေ သူတို့အနားမှာ ဝင်ထိုင်ရင်း...

"ဘယ်လိုသိသွားတာလဲ နိုင်ထူး"

"အဲဒါတော့ ငါ မသိဘူးကွ..၊ ဒါပေမယ့် သူ တော်တော် စိတ်ထိခိုက်သွားပုံပဲ၊ မင်းလို သူ့အပေါ် မှာကောင်းတဲ့ လူတစ်ယောက်အပေါ် သူ စည်းမစောင့်မိခဲ့ဘူး။ သူက တစ်ကိုယ်ကောင်းသမားလို့ သူ့ကိုယ်သူ ထင်သွားတဲ့ပုံပဲ မင်းယံ"

"ဟာ .. ဘာဆိုင်လို့လဲကွ၊ အစ်ကိုကြီး မသိမိလို့ဖြစ်တဲ့ကိစ္စပဲ"

နိုင်ထူး မင်းယံကိုကြည့်ပြီး သနားလည်း သနားမိပါသည်။

"ဒါပေမယ့် သူ့စိတ်ထဲမှာက အဲဒီလို ဖြစ်နေတာလေ၊ သူ ငါ့ကို



www.burmeseclassic.com
www.burmeseclassic.com1

www.burmeseclassic.com



မေးပါတယ် သူ့နေရာမှာ ငါဆိုရင် မနက်ဖြန်ကို ဘယ်လို စဉ်းစား မလဲတဲ့”

မင်းယံ ကြောက်လန့်တကြား မော့ကြည့်မိတော့ နိုင်ထူး ပြုံးပြ မိကာ...

“ငါလည်း ပြောလိုက်ပါတယ်၊ အန်ကယ့်နေရာမှာ ကျွန်တော် ဆိုလည်း မင်္ဂလာပွဲကို ဘယ်လိုနည်းနဲ့မှ ဖျက်မှာမဟုတ်ဘူးလို့ ဘာ လို့လည်းဆိုရင် ဂုဏ်သိက္ခာ .. အရှက်တရား .. နောက်ပြီး ..”

မင်းယံ နိုင်ထူးစကားအဆုံးကို မျှော်လင့်တကြီး နားထောင်နေမိ သည်။

“မင်းယံကိုယ်တိုင်ကလည်း ဒီဆုံးဖြတ်ချက်အပေါ် ခွင့်ပြုစရာ မဟုတ်ဘူးလို့”

မင်းယံ စိတ်ကျေနပ်သွားဟန် ပြုံးမိရင်း နိုင်ထူး ပခုံးကို ဆုပ် ကာ...

“ကျေးဇူးပါပဲ သူငယ်ချင်း”

“ရပါတယ်ကွာ”

သုံးယောက်သား ကိုယ့်အတွေးနှင့်ကိုယ် ငြိမ်နေမိပါသည်။

“ငါ သိဖူးတွေ့ဖူးသလောက် အန်ကယ်ရဲ့ ဒီလောက် ခံစားနေ ရတဲ့ပုံစံကို ငါ တစ်ခါမှ မမြင်ဖူးဘူး မင်းယံ၊ အန်တီထား နာရေးကိစ္စ တောင် တည်တည်ငြိမ်ငြိမ်နဲ့ နေနိုင်ခဲ့သေးတယ်လေ”



နိုင်ထူး စကားကြောင့် အေးမြင့်ကျော်က မင်းယံကိုကြည့်ကာ..

“မနက်ဖြန် မင်္ဂလာပွဲကို မင်း သွားမှာလား မင်းယံ”

မင်းယံ သက်ပြင်းရှိုက်ရင်း ခေါင်းညိတ်ပြပါသည်။

“သွားရမှာပေါ့ကွာ၊ ငါ သွားမှ အပူရှပ်ကို ဟန်လုပ်ပြီး တည် ငြိမ်ပြမှ အစ်ကိုကြီး ရင်ထဲကဝေဒနာ သက်သာလိမ့်မယ်”

“မင်း စိတ်ဓာတ်ကိုတော့ ချီးကျူးတယ် သူငယ်ချင်း၊ ကဲ .. ငါ ပြန်ဦးမယ်၊ မနက်ဖြန် မင်းနဲ့ အေးမြင့်ကျော်ကို ငါ လာခေါ်မယ်”

နိုင်ထူး ထွက်သွားတော့ မင်းယံ အဲဒီနေရာမှပဲ အသက်မဲ့သူတစ် ယောက်လို ငြိမ်သက်စွာ ထိုင်နေမိပါသည်။

www.burmeseclassic.com1

www.burmeseclassic.com



"ဟော ... သတို့သားလောင်းက အခုထိ မပြင်မဆင်ဘဲနဲ့ အရက်သောက်နေရတာတုန်း"

သက်ဟန်က အိမ်ထဲဝင်လာရင်း ဘာမှမပြင်ဆင်ဘဲနဲ့ အရက်သောက်ကာ ငိုင်တွေတွေနဲ့ ရဲထက်ကို တွေ့တော့ ပြောမိသည်။

"ဟေ့ကောင် ပြင်ဆင်တော့လေ၊ ဘာလဲ မင်္ဂလာမဆောင်ဘူးလို့ ရင်တုန်ပန်းတုန်ဖြစ်နေတာလား"

သက်ဟန်က နောက်ရွှတ်ရွှတ် ပြောနေပေမယ့် ဦးရဲထက်က မတုန်မလှုပ် ..။

"မင်း ဘာဖြစ်နေတာလဲ ရဲထက်..၊ ဒါနဲ့ သတို့သမီးရော .."

ရဲထက် အရက်တစ်ခွက်ကို ငုံ့သောက်ရင်း...

သူတို့ စကားမဆုံးလိုက်ရပါ..၊ အိမ်ရှေ့ဆင်ဝင်အောက်ကို ကားရပ်သံ ကြားလိုက်ရပါသည်။

"ဟော .. လာပြီထင်တယ်"



သက်ဟန် စကားအဆုံးမှာပဲ နွေဦးနဲ့ အိမ်ဖော်ကောင်မလေးက အထုပ်အပိုးတွေနဲ့ ရောက်လာပါသည်။

ပြီးတော့ မိတ်ကပ်ဆရာမ၊ နွေဦးက ဦးရဲထက်ပုံစံကြောင့် မျက်ခုံးအတွန့်ချိုးရင်း အနားရောက်လာကာ..

"ဟင် .. ကိုကြီး ဘာလုပ်နေတာလဲ၊ ပြင်တော့ဆင်တော့လေ"

"သြော် ... အင်း .."

ရဲထက် အသိမဲ့နေသူတစ်ယောက်လိုပြောရင်း နွေဦးကို ကြောင်တောင်တောင်နဲ့ မော့ကြည့်ပါသည်။ ပြီးတော့ ထထွက်သွားပါသည်။

"ကဲ .. ညည်းလည်း အခန်းထဲသွားပြီး ပြင်တော့"

"ဟုတ်ကဲ့ ဦးသက်"

သက်ဟန် နွေဦးကို ပြောနေရင်း အရက်ပုလင်းဘေးက စာအုပ်ကို အလှန်မှာ မာခေါက်ခေါက်အရာတစ်ခုက ဘေးကိုကျသွားပါသည်။ အဲဒီကျသွားတဲ့ နေရာက နွေဦးခြေဖဝါးနဲ့ အနီးဆုံးမှာပါ..၊ နွေဦးက ကောက်ယူပြီး လှန်ကြည့်တော့..

"ဟင်!..."

နွေဦးရဲ့ မျက်နှာက တစ္ဆေအခြောက်ခံလိုက်ရသလို သွေးဆုတ်ဖြူရော်သွားပြီး လက်ထဲမှဓာတ်ပုံ လွှတ်ကျကာ တောင့်တောင့်ကြီးဖြစ်သွားပါတယ်။ သက်ဟန်လည်း ဘာမှန်းမသိတာကြောင့် ကျသွားတဲ့အရာကို ယူကြည့်တော့..



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

ခေတ်ပုံတစ်ပုံ .. ခေတ်ပုံထဲမှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် ကင်မရာကိုကြည့်ပြီး စိတ်လွတ်ကိုယ်လွတ် ရယ်မောနေကြပါသည်..။ ကောင်လေးကတော့ မသိပေမယ့် ကောင်မလေးက သူ့ရှေ့မှာ..၊

သက်ဟန် နွေဦးကို မော့ကြည့်ရင်း ဘာကြောင့် နွေဦးမျက်နှာ ပျက်ရသလဲ..၊ အဓိပ္ပာယ်ရှာတော့ နွေဦး မျက်နှာပျက်စွာ ထွက်သွားပါသည်။ နွေဦး ထွက်သွားရာကိုကြည့်ပြီး ခေတ်ပုံကို ပြန်ကြည့်မိသည်။ ပြီးတော့ စိတ်ထဲမှာ တစ်ခုခု ဝင်လာပါတယ်..။

နွေဦး၊ အခန်းထဲရောက်တော့ မိတ်ကပ်ဆရာမ ပြင်ပေးတဲ့ အတိုင်း ငြိမ်ငြိမ်လေး ထိုင်နေပေးရင်း မှန်ထဲက သူ့ပုံရိပ်ကို သူ ပြန်ကြည့်ကာ အသက်မဲ့ကျောက်ရုပ်လို..၊ စိတ်ထဲမှာလည်း ဘာဖြစ်လို့ ဒီခေတ်ပုံက ကိုကြီးဆီမှာ ရှိနေရတာလဲ..။

"သတို့သမီးကလည်း မင်္ဂလာပဲဆောင်တော့မယ် ငူငူငိုင်ငိုင်နဲ့ ပြုံးပြုံးလေးနေမှပေါ့"

မိတ်ကပ်ဆရာမ အသံကြောင့် အသိဝင်လာပြီး ဟန်ဆောင်ကာ ပြုံးကြည့်ပေမယ့် အပြုံးက မထင်ရှား အသက်မဝင်..။

"နွေဦးတို့ကတော့လေ ဘယ်လိုဝတ်ဝတ် သိပ်လှတာပဲ..၊ ကဲ.. ကဲ သတို့သမီးဝတ်စုံ လဲရအောင်"





မိတ်ကပ်ဆရာမ အကူအညီနဲ့ သတို့သမီးဝတ်စုံကို လဲဝတ်ပါသည်။ ဝတ်စုံလဲပြီး မှန်ရှေ့မှာကြည့်ကာ ပျော်ရွှင်ကျေနပ်ရမယ့် အစား သူမ မပျော်ရွှင်ခဲ့..။ သူမ ရွေးချယ်ခဲ့သည့်အရာတစ်ခုအတွက် သူမ ကျေနပ်ရမှာပေါ့။ ဒါပေမယ့် ရင်ထဲမှာ...

တံခါးခေါက်သံ ကြားရတော့...

"ဟော .. သတို့သား .. သတို့သမီးကို မြင်ချင်ပြီထင်တယ် လာပြီ"

မိတ်ကပ်ဆရာမက တံခါးကိုဖွင့်ပေးတော့ သတို့သားဝတ်စုံနဲ့ လူတစ်ယောက် မျက်လုံးက နီရဲနေပြီး အရူးတစ်ယောက်လိုပုံစံနဲ့ ရဲထက်က သူမကို ကြောင်တောင်တောင်နဲ့ ကြည့်နေပါသည်။

"ကဲ .. ပြောကြဆိုကြဦး..၊ အောက်ထပ်မှာ ကိုသက်နဲ့ စကား သွားပြောလိုက်ဦးမယ်"

မိတ်ကပ်ဆရာမက နှစ်ဦးနှစ်ဖက်သိနေကြသူမို့ အောက်ထပ်သို့ ဆင်းသွားပါသည်။ ရဲထက် သူမကို မမြင်ဖူးသလိုကြည့်ကာ လျှောက်လာပါသည်။ သူမတိုယ်တိုင်လည်း ဦးရဲထက်ကို မျက်နှာချင်း မဆိုင်ရဲခဲ့ပါ..၊ ကြမ်းပြင်ကိုသာ ငုံ့ကြည့်နေမိသည်။

"ကိုယ်တို့အချိန်မီ မင်္ဂလာပွဲကို ဖျက်သိမ်းလိုက်ရအောင် နွေဦး"

"ရှင်!..."

မိုးခြိမ်းသံလို ကြောက်မက်ဖွယ်စကား .. မျက်ရည်စတော်က



www.burmeseclassic.com

www.burmeseclassic.com



အလိုမတူဘဲ သူမပါးပေါ် စီးကျလာခဲ့ပါသည်။ ရဲထက်က ငွေငိုင်ငိုင်နဲ့ သူမကို ငေးကြည့်နေဆဲ...

"ဒါမှ မင်းယံအပေါ် ကိုယ်တရားမှာ နွေဦး"

"ရှင် .."

ဒီတစ်ကြိမ်တော့ သွေးပျက်စေရသူက နွေဦး..။

"ကိုယ် မင်းယံနဲ့ မင်းတို့အခြေအနေကို သိခဲ့ရပြီ နွေဦး။ အဲဒီစိတ်နဲ့ အချိန်တိုင်း ကိုယ့်ကိုယ်ကို ခြောက်လှန့်နေတဲ့စိတ်ကို ကိုယ် မခံစားနိုင်တော့ဘူး။ ကိုယ့်ကို ခွင့်လွှတ်ပါ"

နွေဦး အရုပ်ကျိုးပြတ်ထိုင်ချရင်း ငိုကြွေးမိပါသည်။ ရဲထက် နွေဦးကို ငေးကြည့်မိကာ အခန်းထဲမှ တရွေ့ရွေ့ ထွက်ခွာသွားပါသည်။ သူ့ခေါင်းထဲမှာ တဆစ်ဆစ် ကိုက်ခဲနေပါသည်။ ပြီးတော့ ရှုပ် ထွေးတဲ့ကြိုးလုံးလို အတွေးစတွေ..။ အဲဒီအကျိုးဆက်ကြောင့် လှေကားထစ်အစပ်နား အရောက်...

"အ.."

ခေါင်းထဲမှ ထိုးတက်လာတဲ့ အရှိန်တစ်ခုကြောင့်...

"ဝုန်း"

ဒလိမ့်ခေါက်ကွေး လဲကျသွားခြင်းနဲ့အတူ အသံတွေ ဆူညံသွားပါသည်။ လှေကားထစ်အတိုင်း ဒလိမ့်ခေါက်ကွေး ပြုတ်ကျလာတဲ့ ရဲထက်ကိုကြည့်ပြီး သက်ဟန်နဲ့ မိတ်ကပ်ဆရာမ အလန့်တကြား





အော်ရင်း ပြေးပွေ့မိပါသည်။

"ဟာ!... ရဲထက် .."

"ကိုသက် လုပ်ကြပါဦး..၊ ကိုရဲ လှေကားပေါ်က ပြုတ်ကျလို့"

အော်သံ ဆူညံသံတွေကြောင့် နွေဦးမျက်ရည်သုတ်ကာ အပြင်ကိုထွက်တော့ အိမ်ဖော်ကောင်မလေးက အမောတကောနဲ့...

"မမလေး .. အန်ကယ် လှေကားပေါ်က ပြုတ်ကျလို့"

"ဟင်!..."

သူမ လှေကားအတိုင်း ပြေးလာခဲ့မိသည်။ လှေကားအစပ်အောက်မှာတော့..။ သတို့သားဝတ်စုံပေါ်မှာ သွေးတွေပေကျံနေတဲ့ ဦးရဲထက် သတိက ရှိနေပါသေးသည်။ နွေဦးကတော့ ရဲထက်ဘေးမှာ တရှုံ့ရှုံ့ ငိုနေဆဲ...

"နွေဦး .. အစုမှ .."

"ရဲထက် .. မင်း မောမယ်"

အိမ်ကကားပေါ် ရဲထက်ကို ပွေ့တင်ရင်း သက်ဟန်က ပြောမိသည်။ ရဲထက် အားတင်ပြီး ဆက်ပြောမိသည်။

" အခု .. မှ စတင်သိမ်း .. ခန်း .. က .. ကောင်း ..သွားတာ"

"သူငယ်ချင်း မင်း ဘာမှမဖြစ်ဘူး၊ စိတ်ချ ဆေးရုံရောက်တော့မယ်"

"ကိုကြီး စကားမပြောနဲ့လေ"

www.burmeseclassic.com1

www.burmeseclassic.com



ဘယ်သူတွေ ဘယ်လိုတားတား ရဲထက်က အားတင်းကာ ခေါင်းကိုခါရင်း...

"ငါ ... မင်းယံကို တွေ့ချင်တယ်၊ ပြီးတော့ ... ရှေ့နေ .."

"စိတ်ချ .. မင်း ဖြစ်စေချင်တာ ဖြစ်စေရမယ်"

သက်ဟာန်က နှုတ်ခမ်းကို ကိုက်ကာ ခေါင်းညိတ်ပြမိပါသည်။

ရဲထက် ခဏမှိန်းနေလိုက်ပါသည်။

သက်ဟာန် ဖုန်းဆက်ပြီး ကိုကြီးနိုင်ဆီ အကြောင်းကြားပါသည်။

"ဟယ်လို .. ကိုကြီးနိုင်လား .. ကျွန်တော် သက်ဟာန်ပါ .. ရဲထက် လေ့ကားပေါ်က ပြုတ်ကျလို့"

သက်ဟာန် တစ်ခုပြီးတစ်ခု ပြောပြမိပါသည်။

မင်းယံဆိုတဲ့ ကောင်လေးကို ခေါ်ဖို့ မင်္ဂလာပွဲကို ဖျက်သိမ်းဖို့ ကိုကြီးနိုင်က ရဲထက် အခြေအနေကို မေးပါသည်။

အခြေအနေက မကောင်းမှန်း သက်ဟာန် သိသည်။ ဒါပေမယ့် ဘာမှမပြော၊ နောက်ပြီး ရဲထက်မှာသည် ရှေ့နေ..။





ကားက အရှိန်ပြင်းပြင်းနဲ့ ဘရိတ်အုပ်လိုက်သံကြောင့် လန့်သွားမတတ်..။ မင်းယံနဲ့ အေးမြင့်ကျော် ကျယ်လောင်လှသော ကားဘရိတ်အုပ်သံကြောင့် လှမ်းကြည့်တော့ နိုင်ထူးတား ဖြစ်နေပါသည်။

နိုင်ထူးက ကားပေါ်မှ မဆင်းဘဲ...

"မင်းယံ .. အမြန်လာ .."

"ဒီကောင် ဘာတွေအရေးကြီးနေလဲ မသိဘူး၊ ငါ လိုက်သွားဦးမယ်"

"အေး .."

မင်းယံ ကမန်းကတမ်းပြေးလာပြီး အသင့်ဖွင့်ထားတဲ့ ကားတံခါးမှာ ဝင်ထိုင်တော့ နိုင်ထူး ချက်ချင်းဆိုသလို ကားကို မောင်းထွက်သွားပါသည်။

"ဘာဖြစ်လို့လဲ နိုင်ထူး"

နိုင်ထူးရှေ့ကို အာရုံစိုက်ကြည့်နေရင်း...



www.burmeseclassic.com1

www.burmeseclassic.com



"အန်ကယ်ရဲ့ လှေကားအပေါ် ဆုံးကနေ ပြုတ်ကျလို့"

"ဘာ!..."

"ဟုတ်တယ် မင်းယံ .. အခုချက်ချင်း မင်းကို အရမ်းတွေ့ချင်တယ်လို့ ဖုန်းဆက်ခေါ် လို့ ငါ လာခေါ်တာ"

မင်းယံ အစ်ကိုကြီးအတွက် စိတ်မကောင်းမိ..။

အစ်ကိုကြီးအပေါ် မှာလည်း သံယောဇဉ်ရှိတာကြောင့် ဘာမှမဖြစ်ဖို့ ဆုတောင်းပေးနေပေမယ့်...

"အခြေအနေကရော..."

"ငါလည်း မသိရသေးဘူး မင်းယံ"

ကားကို ဆေးရုံထဲချိုးကွေ့ဝင်လိုက်တော့ အပေါက်ဝမှာ အန်ကယ်ရဲ့ထက်တို့အိမ်က ဒရိုင်ဘာ သူတို့ကို စောင့်မျှော်နေပုံရပါသည်။

"ဟိုမှာ လက်လှမ်းပြနေတယ် နိုင်ထူး"

နိုင်ထူး ကားကိုရပ်ပြီး နှစ်ယောက်သားဆင်းတော့...

"အခန်းနံပါတ် (...) ဒုတိယထပ် ကိုနိုင်ထူး"

"ဟုတ်ကဲ့ .. လား .. မင်းယံ"

သူတို့နှစ်ယောက်သား ဆေးရုံထဲဝင်ကာ ဓာတ်လှေကားအတိုင်း တက်လိုက်လာခဲ့ပါသည်။ ဓာတ်လှေကားရပ်တော့ နိုင်ထူးက မျက်နှာချင်းဆိုင်နဲ့ ဘေးခန်းက နံပါတ်တွေ ကြည့်ပြီး...

"ညာဘက်မှာ မင်းယံ"





သူနဲ့ နိုင်ထူး ညာဘက်ခြမ်းအတိုင်း မပြေးရုံတမယ် ဆက်လျှောက်ရင်း ကားဒရိုင်ဘာ ပြောတဲ့ အခန်းနံပါတ်ကို တွေ့ရပါသည်။

အခန်းကိုတွန်းဖွင့်ပြီးတော့ ဝင်တော့...

"ဟော .. မင်းယံ ရောက်လာပြီ"

"မောင်မင်းယံ ရောက်လာပြီ ရဲထက်"

အခန်းထဲမှာ လူအစုံအလင် ရှိနေပါသည်။

သတို့သမီးဝတ်စုံနဲ့ နွေဦးက သူ့ကို အားကိုးတကြီး ကြည့်ပါသည်။ မျက်ရည်တွေ စွန်းပေနေတဲ့ ကောင်မလေးတစ်ယောက်ရဲ့ မျက်ဝန်းကို သူ ဥပေက္ခာပြုမိသည်။

ဦးရဲထက်က ခုတင်ပေါ် မှာ .. ခေါင်းမှာ ပတ်တီးတွေစည်းနှောင်ထားပြီး အသက်ရှူပိုက်တွေ ချိတ်ဆက်သွယ်တန်းထားတဲ့ ဆေးဝါးအကူအညီတွေက ကျွန်တော့်ရင်ကို မွန်းကျပ်စေခဲ့သည်။

သူ ဦးရဲထက်အနားရောက်တော့ ဦးရဲထက်က လက်ကို မသိမသာ မြှောက်ပြတော့ ကျွန်တော် ဦးရဲထက် လက်ဖဝါးကို ညင်သာစွာ ဆုပ်ကိုင်ရင်း...

"အစ်ကိုကြီး ကျွန်တော် ရောက်ပါပြီ"

ဦးရဲထက် မျက်လုံးပွင့်မလာ၊ ဆုပ်ကိုင်ထားတဲ့ လက်အစုံက ပျော့ကျသွားပါသည်။

www.burmeseclassic.com1

www.burmeseclassic.com



"အစ်ကိုကြီး .."

"ရဲထက် .."

တတီတီမြည်နေတဲ့ အသံတွေနဲ့ နာစ်နဲ့ ဒေါက်တာတို့ရဲ့ လှုပ်ရှားမှု၊ ခေါင်းခါငြင်းဆန်မှု .. ငိုသံများစွာ..။

ကျွန်တော် မျက်ဝန်းကိုမှိတ်မိတော့ ပါးပြင်ပေါ်မှာ ကျွန်တော် မဖိတ်ခေါ်တဲ့ မျက်ရည်တွေ သူ့အလိုလို ကျလာခဲ့ပါသည်။

အန်ကယ်ဦးသက်ဟန် ပြောပြတဲ့ ရဲထက် နောက်ဆုံးစာတ် သိမ်းခန်းတစ်ခုလို့ သူ့ကို ပြောပြတော့..။

အဲဒီစာတ်သိမ်းခန်းမှာ ကံမကောင်း အကြောင်းမလှသူက သူနဲ့ အစ်ကိုကြီးရဲထက်တို့ ဖြစ်နေခဲ့ပါသည်။



ဈာပနတစ်ခု အပြီးသတ်ဖို့အတွက် ကျွန်တော်ကိုယ်တိုင် ဦးရဲထက်ရဲ့ ဆွေမျိုးရင်းချာတစ်ယောက်လို နေ့ရောညပါ ကူညီပေးခဲ့ပါသည်။

နွေဦး အိပ်ရာပေါ် လဲသွားသည်လို့ ကြားပေမယ့် ကျွန်တော့် အဲဒီအခန်းကို မသွားဖြစ်ခဲ့ပါ။ ထိပ်တိုက်လည်း တွေ့ဆုံဖို့ မကြိုးစားခဲ့။

အသုဘချမယ့် မတိုင်မီ ညက ကျွန်တော် နိုင်ထူးနဲ့ အန်ကယ်ဦးသက်ဟန်တို့ ခြံထဲမှာ စကားပြောဖြစ်ကြပါသည်။

လရောင်က အုံ့မှိုင်းမှိုင်းနှင့် အလင်းကို လွတ်လပ်စွာ မဖွင့်ပြနိုင်ခဲ့..။ အန်ကယ်ဦးသက်ဟန်က ကောင်းကင်ကို ကြည့်ပြီး...

"မင်းကိုတော့ ရဲထက်က တော်တော် သံယောဇဉ်ကြီးတယ်နော်..၊ အေးလေ သူကိုယ်တိုင်က ဆွေမျိုးမရှိ တစ်ကောင်ကြွက်ဆိုတော့လည်း မင်းအပေါ် ညီရင်းအစ်ကိုလို သဘောထားတာ မဆန်းပါဘူး"

www.burmeseclassic.com1

www.burmeseclassic.com



"အစ်ကိုကြီး ဘာကြောင့် အခုလို ဆုံးသွားတာလဲလို့ အန်ကယ် ထင်လဲ"

ကျွန်တော်မေးတဲ့ မေးခွန်းရဲ့အဖြေကို နိုင်ထူးလည်း သိချင်ပုံ ပေါ်ပါသည်။ အန်ကယ်ဦးသက်ဟန်က သက်ပြင်းကို အားယူချရင်း ကောင်းကင်ကို မော့ကြည့်သည်။

"သူ့စိတ်ထဲမှာ မင်းအပေါ် အပြစ်တစ်ခုခုလုပ်မိခဲ့တယ်လို့ ယူဆ ပုံပဲ..၊ မောင်မင်းယံ .."

"ကျွန်တော့်အပေါ်ရော အန်ကယ် ဘယ်လိုထင်လဲ"

ဦးသက်ဟန်က သူ့ကို လှည့်ကြည့်သည်။

"ဒီပွဲမှာ ခင်းနဲ့ ရဲထက်က အတူတူပါပဲ..၊ တစ်ယောက်ကို တစ်ယောက် ငဲ့ညှာတတ်ကြတဲ့ ဇာတ်ကောင်တွေပဲလို့ အန်ကယ် ယူဆ မိတယ်"

ကျွန်တော် တိမ်ညိုတွေကို မော့ကြည့်မိခဲ့ပါတယ်။ လမင်းကို တိမ်ညိုတွေက ဖုံးဖိထိန်းချုပ်ထားချင်ဟန် တူပါသည်။

"အပြစ်လို့ ယူဆထားခံရတဲ့အရာက တခြားတစ်ယောက် ပြုမူ ခံထားရတဲ့ ကျွန်တော်က အသာတကြည် အပြစ်မယူ ခွင့်လွှတ်ပါ တယ်လို့ လက်ခံထားရင် အပြစ်လို့ မည်မြောက်လား အန်ကယ်"

အန်ကယ်သက်ဟန်က ပြုံးငွေ့ငွေ့နဲ့ လက်မြှောက်ပြကာ ပခုံး တွန့်သည်။



မဖြေနိုင်သည့် သဘောပါ..။

"ဆေးရုံမှာ အသက်မထွက်ခင်၊ မင်း မလာခင်လေး ဆိုပါတော့ ကွာ .. မင်းအစ်ကိုကြီးက မင်းနဲ့နွေဦးကို လက်ထပ်ပေးချင်တဲ့ဆန္ဒ ရှိခဲ့တယ် မင်းယံ"

ကျွန်တော် အလန့်တကြား မော့ကြည့်ကာ ငေးငိုင်သွားပါသည်။

"သေသူရဲ့ဆန္ဒ ပြည့်စုံသွားအောင်တော့ မင်း လုပ်သင့်တယ်လို့ အားလုံးက ယူဆတယ် မင်းယံ"

ကျွန်တော် နှုတ်ခမ်းကို ကိုက်မိပါသည်။

"ကျွန်တော် ထပ်မေးချင်တယ် အန်ကယ်..၊ အန်ကယ့်အနေနဲ့ အရိုးသားဆုံး ဖြေပေးပါ"

အန်ကယ် သက်ဟန်က ကျွန်တော်ကို ဂရုဏာသက်စွာ ငေးကြည့် နေပြီး ခေါင်းညိတ်ပြပါသည်။

"အန်ကယ် ဘာကြောင့် ဆုံးသွားတာလဲ"

"မင်း .. ယံ .."

နိုင်ထူးက အလန့်တကြား ခေါ်လိုက်တော့ အန်ကယ်က နိုင်ထူး ကို လက်ကာပြပါသည်။ ပြီးတော့ အိတ်ကပ်ထဲက ဓာတ်ပုံကို သူ့ကို ထုတ်ပေးသည်။

"အဲဒီမနက်က လက်ထပ်ပွဲအတွက် မပြင်မဆင်ခင်မှာ သူ့ စာအုပ်ထဲကနေ တွေ့ခဲ့တာပဲ မောင်မင်းယံ"

မွှေသမင်တာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဓာတ်ပုံကို ယူကြည့်မိပါသည်။ ဓာတ်ပုံထဲက အရယ်အမောတွေက ကျွန်တော့်ကို ဝမ်းနည်းစေခဲ့သည်။

"ကဲ .. အန်ကယ် အိမ်ပေါ်တက်တော့မယ်"

အန်ကယ်က ကျွန်တော့်ပခုံးကိုပုတ်ကာ အိမ်ဘက် လျှောက်သွားပါသည်။ နိုင်ထူး လက်ထဲကို ကျွန်တော် ဓာတ်ပုံလွှဲပေးလိုက်ပါသည်။

နိုင်ထူးက ဓာတ်ပုံကို ယူကြည့်သည်..။

ပြီးတော့...

"အဖြစ်အပျက်တွေအားလုံးဟာ သေသေသပ်သပ် ပိပိရိရိလုပ်ထားသလိုပဲနော် မင်းယံ"

မင်းယံ နာနာကျင်ကျင် ပြောမိပါသည်။

"ငါတို့ ငယ်ငယ်တုန်းက ဒါမှမဟုတ်ရင် အဘိုးအဘွားတွေ ပြောဘူးတဲ့စကား ရှိတယ်လေ..၊ ခလုတ်တိုက်မိတာတို့၊ ခွေးကိုက်ခံရတာတို့ဆိုရင် ပြောတတ်တဲ့စကားက 'ကံနိမ့်'နေလို့ပဲလို့"

"ကံနိမ့်နေလို့ .."

နိုင်ထူးရဲ့စကားကို ခေါင်းညိတ်ပြပြီး ကျွန်တော် ခပ်တိုးတိုးလေး ပြောမိပါသည်။

"အစ်ကိုကြီး နလုံးသား ကံနိမ့်သွားရှာတယ် နိုင်ထူး"

ကျွန်တော့်အသံတွေ တိမ်ဝင်သွားပါသည်။





နိုင်ထူး စိတ်မကောင်းဟန်နဲ့ ကျွန်တော့်ကို နှုတ်ဆက်ကာ အိမ်ထဲပြန်ဝင်သွားခဲ့သည်။ ခြံဝင်းထဲမှာ ကျွန်တော်တစ်ယောက်တည်း တိမ်ညိုမြုပ်နေတဲ့ လမင်းနဲ့ ကျွန်တော်..

အိပ်မက်အားလုံးသည် အကျဉ်းချခံထားရတဲ့ အကျဉ်းသားတစ်ဦးလို မျှော်လင့်ချက်တွေသည် ဘဝတစ်ပါးသို့ ကူးပြောင်းသွားခဲ့ပြီလား..၊

အလွမ်းလို့ မသိခဲ့ခင်ကတည်းက အလွမ်းရဲ့ဒဏ်ရာကို သူ့ကို နှိပ်စက်နေခဲ့ပြီ ထင်သည်။

မနက်ဖြန် နောက်တစ်နေ့မှာ ဘာတွေဆက်ဖြစ်နေဦးမလဲ..။



www.burmeseclassic.com1

www.burmeseclassic.com



ကြေးစည်သံ၊ ရေအိုးခွဲသံ၊ မီးသဂြိုဟ်စက်ရဲ့ တံခါးပိတ်သံတွေက တစ်ခုပြီးတစ်ခု ဆက်စပ်နေပါတယ်။

ငိုသံတွေ၊ အနက်ရောင်ဝတ်စုံနဲ့ မိန်းကလေးတစ်ယောက် မူးလဲသွားတယ်။

"နွေဦး သတိထားလေ"

"မော်ဒယ်နွေဦးရဲ့ ခင်ပွန်းလောင်းလေး"

"ကောင်မလေး သနားပါတယ်"

"ဟဲ့ .. ကားပေါ်တင်"

အရာအားလုံးကို ကျွန်တော် မြင်နေကြားနေရပါတယ်။

မီးသဂြိုဟ်စက်ကထွက်ရှိလာတဲ့ မီးခိုးငွေ့တွေကို ကြည့်ရင်း အစ်ကိုကြီး လွှတ်လပ်သွားပါပြီလို့ တိုးတိုးလေး ပြောနေမိပါသည်။

တစ်စတစ်စနဲ့ နာရေးတစ်ခုရဲ့ ပြီးဆုံးခြင်းမှာ လူတွေကျဲပါးသွားပါသည်။





ကျွန်တော်၊ အန်ကယ်ဦးသက်ဟန်၊ နိုင်ထူး၊ အေးမြင့်ကျော်၊ နိုင်ထူးဒယ်ဒီ ဦးနိုင်ဓင်းဦးတို့ အရိုးပြာကိုကောက်ဖို့ စောင့်ဆိုင်းနေခဲ့ကြပါသည်။

အရိုးအိုးမြှုပ်ဖို့အတွက် သူတို့ စီစဉ်ပြီးပါပြီ..။

အရိုးအိုးမြှုပ်ဖို့အတွက်၊ အုတ်ဂူပြုလုပ်ဖို့အတွက် စီစဉ်နေတော့..။

"ကဲ .. မောင်မင်းယံ .. မင်းလည်း ပင်ပန်းနေပြီ၊ အန်ကယ်တို့နောက်ဆက်တွဲ လုပ်စရာလေးတွေရှိလို့ အိမ်ပြန်ကြရအောင်"

"ကျွန်တော် အုတ်ဂူအတွက် အုတ်စီ၊ ဘိလပ်မြေဖျော်စပ်နေတဲ့ ပန်းရန်အလုပ်သမားတွေကို ကြည့်နေရင်း ..."

"အုတ်ဂူ အကြမ်းထည်ပြီးရင် ကျွန်တော် လာခဲ့ပါမယ်"

ဦးသက်ဟန် သက်ပြင်းချရုံမှလွဲပြီး ဘာမှမတတ်နိုင်၊ နိုင်ထူးနဲ့ အေးမြင့်ကျော်က ကျွန်တော်နဲ့ နေခဲ့ပေးပါသည်။

အန်ကယ် ဦးသက်ဟန်နဲ့ နိုင်ထူး ဒယ်ဒီထွက်သွားပြီးတော့ အုတ်ဂူအကြမ်းထည်ပြီးအောင် သူတို့ စောင့်ကြည့်နေခဲ့ကြပါသည်။ မိုးချုပ်ပြီဆိုလောက်မှ သူတို့ပြန်လာခဲ့ပါတယ်။

အန်ကယ် ဦးရဲ့ထက်တို့ အိမ်ရောက်တော့ ညနေခင်းထဲမှာ လူအစုံအလင် သူတို့ကို စောင့်နေကြဟန်တူသည်..။

နွေဦးက ထိုင်ခုံတစ်ခုံမှာ တရှုံ့ရှုံ့ငိုနေဆဲ...

အနက်ရောင်တိုက်ပုံနှင့် ရှေ့နေဖြစ်ဟန်တူသူက...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ … လူလည်းစုံပြီ စကြရအောင်"

"လာ … မောင်မင်းယံ"

အန်ကယ်ဦးသက်ဟန်က သူ့ဘေးကိုခေါ်တော့ ကျွန်တော် အန်ကယ့်ဘေးမှာ ဝင်ထိုင်ပါသည်။ အန်ကယ်က မိတ်ဆက်ပေး သည်။

"ဒီကရှေ့နေကြီးက မင်းအစ်ကိုကြီး မိသားစုရှေ့နေပဲ၊ ရှေ့နေ ကြီး နာမည်က ဦးဝဏ္ဏလို့ ခေါ်တယ်၊ ကဲ … ကိုဝဏ္ဏ …"

ရှေ့နေကြီး ဦးဝဏ္ဏက အသိအမှတ်ပြု ပြုံးပြပြီး…

"ကိစ္စကတော့ ဦးရဲထက်ဆေးရုံမှာ မကွယ်လွန်မီ ကျွန်တော်တို့ မှာကြား အသိပေးထား၊ ဆောင်ရွက်နိုင်းထားတဲ့ ကိစ္စပါပဲ၊ တချို့ လူတွေကတော့ ကြားပြီး သိပြီးလောက်ပါပြီ"

အားလုံးက ငြိမ်သက် နားထောင်နေကြပါသည်။ အန်ကယ် ဦးဝဏ္ဏက ကျွန်တော့်ကို ကြည့်ပြီး…

"ကိုရဲထက်က မကွယ်လွန်မီ ကျွန်တော့်ကို ဆေးရုံကိုခေါ်ပြီး ဆောင်ရွက်နိုင်းထားတဲ့ကိစ္စက အခုလက်ရှိ ဦးရဲထက်ပိုင်ဆိုင်တဲ့ ကုမ္ပဏီ ရှိသမျှပိုင်ဆိုင်မှု အားလုံးကို တန်ဖိုးဖြတ်ပြီး အညီအမျှ ခွဲဝေစေဖို့ပါပဲ၊ တစ်ဝက်က ဒီက…"

ဦးဝဏ္ဏက နွေဦးကို ကြည့်ပြီး…

"မနွေဦးဇော်အတွက် ခွဲဝေပြီး ကျန်တစ်ဝက်က မောင်မင်းယံ





အတွက်လို့ မှာကြားခဲ့ပါတယ်"

"ဗျာ!…"

ကျွန်တော် ရုတ်တရက် ထရပ်မိပါသည်။ အန်ကယ်ဦးသက်ဟန် က ကျွန်တော့်ကို ပြန်ထိုင်ခိုင်းပြီး…

"ဟုတ်တယ် … မောင်မင်းယံ ဆေးရုံကိုမရောက်ခင် ကားပေါ် မှာကတည်းက ရှေ့နေကို အတင်းခေါ်ပြီး ဒီကိစ္စကို စီစဉ်ခိုင်းတာ၊ မင်းအစ်ကိုကြီးရဲ့ ဆန္ဒအရ မင်း ဒါကို လက်ခံပါ"

အန်ကယ် နိုင်မင်းဦးကလည်း ကျွန်တော့်ကို ပြောသည်။

"ဟုတ်တယ် သား … ရဲထက်ရဲ့ဆန္ဒကိုတော့ လိုက်လျောပေး လိုက်ပါ"

ကျွန်တော် နှုတ်ခမ်းပြတ်မတတ် ကိုက်မိပါသည်။ အန်ကယ် ဦးဝဏ္ဏရဲ့အသံကို ဆက်ကြားရပါသည်။

"နောက်တစ်ခု ကျန်ပါသေးတယ်၊ အဲဒါက မောင်မင်းယံနဲ့ မနွေဦးဇော်ကို လူကြီးစုံရာရှေ့မှာ လက်ထပ်ပေးဖို့"

ကျွန်တော် နွေဦးကို လှမ်းကြည့်တော့ နွေဦးက မရဲတရဲနဲ့ ကျွန်တော့်ကို လှမ်းကြည့်သည်။

ကျွန်တော်မတ်တတ်ရပ်လိုက်ပါတယ်၊ ပြီးတော့…

"ကျွန်တော့်ကို ခွင့်လွှတ်ပေးပါလို့ တောင်းပန်ပါတယ်"

အားလုံးက ကျွန်တော့်စကားကို နားမလည်ကြယောင်နဲ့တူပါသည်။



www.burmeseclassic.com1

www.burmeseclassic.com



"အစ်ကိုကြီးရဲ့စေတနာကို နားလည်ပါတယ်၊ ဒါပေမယ့် ကျွန်တော်နဲ့ အစ်ကိုကြီးကြားမှာ သံယောဇဉ် အဖြူရောင်သက်သက်ပဲ ရှိပါတယ်၊ အဲဒီကြားထဲကို ဘယ်အရာနဲ့မှ အစားထိုးအသုံးပြုဖို့ ကျွန်တော်လက်မခံပါရစေနဲ့ ခင်ဗျာ၊ ကျွန်တော်ပိုင်ဆိုင်တဲ့ တစ်ဝက်ကို နှေဦးတို့ လွှဲပြောင်းပေးပါရစေ..၊ ကျွန်တော့်ကို ပြန်ခွင့်ပြုပါ"

ကျွန်တော် ပြောပြီးပြီးချင်း ထွက်သွားခဲ့ပါသည်။

"မင်းယံ .."

"မောင်မင်းယံ .."

ခေါ်သံတွေကို ကျွန်တော် ထားခဲ့မိပါသည်။ ကျွန်တော့်နောက်ကို အေးမြင့်ကျော်နဲ့ နိုင်ထူး အပြေးလိုက်လာခဲ့ပါသည်။

နိုင်ထူးက ကားပေါ်အတင်းတက်စေတော့ ကျွန်တော် ကားပေါ်တက်ကာ...

"တစ်နေရာရာကို မောင်းကွာ"

နိုင်ထူးက ခေါင်းညိတ်ကာ အလိုက်တသိနှင့် ကားကို မောင်းထွက်လာခဲ့သည်။ ကားပေါ်မှာ တစ်ဦးနဲ့တစ်ဦး စကားမဆိုမိကြ..။ ကားရပ်သွားမှ ကျွန်တော် ပတ်ဝန်းကျင်ကို သတိပြုမိတော့၊ တစ်ခါက ကျွန်တော်နဲ့အစ်ကိုကြီး စကားပြောဖြစ်ခဲ့သည့်နေရာ၊ နှေဦးကို လက်ထပ်ဖို့ တိုက်တွန်းနိုင်းသည့် နေရာ..။ ကျွန်တော် ကားပေါ်မှ ဆင်းပြီး ကန်စပ်ကို လျှောက်လာခဲ့ပါသည်။





"မင်းဘာကြောင့် ငြင်းလိုက်တာလဲ မင်းယံ"

သူ့နောက်ကျောကနေ နိုင်ထူးက လှမ်းမေးသည်။

"သံယောဇဉ်ဆိုတာ သံယောဇဉ်ချင်းသက်သက်ပဲ ပိုကောင်းတယ်လို့ ငါ ခံစားမိလို့"

နိုင်ထူး အသံတိတ်သွားပါသည်။

"မင်း ဘာလို့ နှေဦးကို ငြင်းလိုက်ရတာလဲ မင်းယံ"

အေးမြင့်ကျော်က လှမ်းမေးသည်။

"တစ်နေ့ မင်းတို့ သိလာမှာပါ"

အချိန်ကာလက စကားပြောလာလိမ့်မည်လို့ သူ ယုံကြည်သည်။ အဲဒီနေ့တစ်နေ့ဟာ မဝေးတော့မှန်းလည်း ကျွန်တော် သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"နွေဦးက မင်းနဲ့နှစ်ယောက်တည်း စကားပြောချင်တယ်တဲ့ မင်းယံ၊ ငါ့ဆီကို အန်ကယ်သက် ဖုန်းဆက်ပြောလို့"

သူ ပြုံးမိပါသည်။ မနက်ဖြန်ဆို အန်ကယ်ဆုံးတာ နှစ်လပြည့်ခဲ့ပါပြီ။

"ငါ မျှော်လင့်တဲ့နေ့ ရောက်လာခဲ့ပြီလေ"

အေးမြင့်ကျော်က ကျွန်တော့်စကားကြောင့်သတိရသွားဟန်တူသည်။

"တစ်နေ့ မင်းတို့ သိလာမှာပါ ဆိုတာလား မင်းယံ"

ကျွန်တော် ခေါင်းညိတ်ပြလိုက်မိပါသည်။

"မင်း မနက်ဖြန်ဆို ငါနဲ့အစ်ကိုကြီး စကားပြောဖြစ်ခဲ့တဲ့နေရာကို သူ့ကိုချိန်းလိုက်လေ"

"ဘယ်အချိန်လောက်လဲ"

"ညနေ လေးနာရီ"

နိုင်ထူးက ခေါင်းညိတ်ပြပါသည်။

"နွေဦးက ကားပြန်ရိုက်နေတယ်လို့ ကြားတယ်"





"အေး .. အစုမှ သူ့စန်းက ပိုကြောက်ဖို့ကောင်းလာတာနော်..၊ ဂျာနယ်တွေထဲမှာလည်း သူ့အကြောင်းကို သနားကရုဏာဖြစ်အောင် ရေးထားလိုက်ကြတယ်ကွာ"

"အေးကွာ .. မြတ်မွန်တောင် ပြောခဲ့သေးတယ်၊ ဒီလိုကျတော့လည်း မမနွေဦးကို သနားဖို့တော့ကောင်းသားပဲတဲ့"

ကျွန်တော် နိုင်ထူးတို့ ပြောထဲ့စကားကြောင့် ပြုံးခဲ့မိပါသည်။

"မင်း ဖုန်း ခဏလောက် နိုင်ထူး"

နိုင်ထူးက သူ့ရဲ့ဟန်းဖုန်းကို လှမ်းပေးပါသည်။ ကျွန်တော် အန်ကယ့်ဖုန်းကို လှမ်းဆက်ပြီး...

"ဩော် အန်ကယ် သက်ဟန်လား .. ကျွန်တော် မင်းယံပါ..၊ ဟုတ်ကဲ့ .. အန်ကယ် ကျွန်တော် ဦးဝဏ္ဏဆီ ရောက်ပြီးပါပြီ တော်ပါပြီ အန်ကယ်ရယ် .. ကျွန်တော်ဆုံးဖြတ်ပြီးရင် မပြင်တတ်ပါဘူး။ ဟုတ်ကဲ့ .. ဒါပဲနော်၊ ဟုတ်ကဲ့ .. ကျွန်တော် အန်ကယ့်ဆီ လာခဲ့ပါမယ်"

ကျွန်တော့်ဖုန်းကို နိုင်ထူးဆီ ပြန်ပေးလိုက်ပါသည်။

"ဘာကိစ္စလဲ မင်းယံ"

"ဩော် ငါ နွေဦးကို လွှဲပေးတဲ့ စာချုပ်ကိစ္စ"

နိုင်ထူး ပခုံးတွန့်ပြပါသည်။ ကျွန်တော်စိတ်တွေ လွတ်လပ်နေပါသည်။ မနက်ဖြန် ကျွန်တော် ကြိုတင် စီစဉ်ထားရှိခြင်း မရှိပါ။



www.burmeseclassic.com1

www.burmeseclassic.com



"ကျေးဇူးပဲ နိုင်ထူး.. မင်းတို့ ဟိုဘက်နားဆိုင်က စောင့်နေလေ"

နိုင်ထူးနဲ့ အေးမြင့်ကျော်က ခေါင်းညိတ်ပြပါသည်။

ကျွန်တော် ကားပေါ်က ဆင်းပြီး ကျွန်တော့်ကို စောင့်ကြိုနေတဲ့ နွေဦးဆီကို လျှောက်လာခဲ့ပါသည်။

အပြုံးရောင်ဝမ်းဆက်၊ အနက်ရောင်ကားကို မှီရပ်နေတဲ့ သူမ ဆံပင်တွေဟာ ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့ လေထုကြောင့် တလွင့်လွင့်..။

သူမရဲ့ ကြိုဆိုနေတဲ့မျက်ဝန်းဟာ သံယောဇဉ်တစ်ခု ဖန်တီးထားပါသည်။ အတုလား၊ အစစ်လား ကျွန်တော် မခွဲခြားချင်တော့..။

"မင်းယံ.."

သူ တိုးတိုးလေးခေါ်လိုက်တဲ့အသံကို ကျွန်တော် လှည့်ကြည့်သည်။





ကျွန်တော် အခုချိန်မှာတော့ နွေဦးဆိုတဲ့ မိန်းကလေးကို ပြကွဒိန်တစ်ခုပေါ်က ကျွန်တော် မရင်းနှီးတဲ့ မင်းသမီးတစ်လက်လို သဘောထားမိသည်။

"နင် ငါ့ကို မုန်းနေပြီလား မင်းယံ"

ကျွန်တော့်မျက်နှာက တည်တည်ငြိမ်ငြိမ်ပါပဲ..။

"အခု ငါ့ရင်ထဲက ချစ်ခြင်း မုန်းခြင်းဆိုတဲ့အရာ ဘာမှမရှိတော့ဘူး နွေဦး"

"ငါလေ နင့်ကို အခုထိချစ်နေခဲ့ပါတယ် မင်းယံ"

သူမ ကျွန်တော့်ရင်ခွင်ထဲ ပြေးဝင်မှီလှုံပါသည်။ ကျွန်တော် ပြန်လည် ဖက်တွယ်မထားမိ..။

"နင့်အတွက် ငါ အန်ကယ်ဝဏ္ဏဆီမှာ ပိုင်ဆိုင်မှု လွှဲပြောင်းပေးထားတဲ့ စာချုပ်မှာ လက်မှတ်ရေးထိုးခဲ့ပြီးပြီ"

"မဟုတ်ဘူး .. ငါသိချင်တာ နင် ငါ့ကို လက်ထက်ဖို့ .."

ကျွန်တော် အေးအေးလေး ခေါင်းခါပြမိတော့ သူမ မျက်လုံးအဝိုင်းသား..။

"'နောက်တစ်ကြိမ် ငါ့နလုံးသား ကံနိမ့်မခံနိုင်ဘူး နွေဦး' ဆုံးဖြတ်ချက်နဲ့ အချစ်ဆိုတာ တစ်ကြိမ်တစ်ခါပဲ ဆုံးဖြတ်လို့ရတယ်။ ချစ်လို့ရတာ ဒါဟာ လူတွေဆီမှာရှိတဲ့ မြင့်မြတ်တဲ့ဂုဏ်သိက္ခာတစ်ခုပဲ နွေဦး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်စကားဆုံးတော့ သူမ သိမ့်သိမ့်ခါအောင် ငိုကြွေးပါသည်။

"ငါ့ဘဝက နင့်အတွက် နင် အပေါ်ရောက်ဖို့ လှေကားထစ်တစ်ခုလို ငါ ခံခဲ့ရပြီးပြီ နွေဦး။ နင် ရောက်ချင်တဲ့ အနေအထားကိုလည်း ငါ့ပခုံးတွေ အနာခံ နင် နင်းပြီးလို့ ရောက်ခဲ့ပြီးပြီ။ ချစ်သူဆိုတဲ့ အနေအထားမှာ တစ်ယောက်ကိုတစ်ယောက် ယုံကြည်စိတ်ချမှု မရှိမှတော့ ဘာတွေ အရေးကြီးနေဦးမှာလဲ နွေဦး"

ကျွန်တော့်စကားကို အဆုံးသတ်ဖို့ အချိန်တန်ပါပြီ..။

"ငါနဲ့ အစ်ကိုကြီးကြားမှာ တစ်ဦးကိုတစ်ဦး နားလည် သိတတ်တဲ့ ဖြူစင်တဲ့သံယောဇဉ်တွေပဲ ရှိတယ်၊ ပိုင်ဆိုင်မှု ဥစ္စာဓန .. အဲဒီအရာတွေနဲ့ တစ်ဦးနဲ့တစ်ဦး မချည်နှောင်ထားဘူး။ နင်နဲ့ ငါ့ကြားမှာတော့..."

ကျွန်တော့်စကားကို အဆုံးသတ်လိုက်သည်။

"မင်းနဲ့ငါဟာ ဒီလောက်အထိပဲ ပတ်သက်ဖို့ ကောင်းတယ်ဆိုတာ ငါ သိခဲ့တာ ကြာပါပြီ၊ ကဲ.."

နှုတ်ဆက်မှု အထိမ်းအမှတ်မှန်း သူမ သိလောက်ပါပြီ။ သူမက ကျန်ရစ်ခဲ့ပါသည်။ နွေဦးဖော်အတွက် မျက်ရည်ဆိုတာ လိုရင်လိုသလောက် ဖန်တီးလို့ ရနိုင်လောက်ပါသည်။

သူ့ရင်ထဲမှာ ချစ်ခြင်း၊ မုန်းခြင်း သူမအတွက် မရှိတော့။





ရှိနေတာက ဥပေက္ခာတရား..။

ကျွန်တော် သူမဆီက ထွက်လာပြီး နိုင်ထူးတို့ရှိရာဆီ လျှောက်လာကာ...

"ကဲ ... သွားကြမယ်"

ကျွန်တော် အေးအေးဆေးဆေး ပြုံးပြုံးရွှင်ရွှင်ပြောတော့ ဟိုကောင်တွေ အံ့သြနေကြသည်။

ဒီကောင်တွေ လက်ဖက်ရည်ဖိုး ရှင်းပြီး ကားပေါ်တက်တော့...

"ကဲ ... အခြေအနေကို ပြောပြပါဦး"

ကျွန်တော် သူမနဲ့ပြောခဲ့တဲ့စကားကို အစအဆုံးမကျန် ပြန်ပြောပြတော့ ...

"မင်းကိုတော့ ငါ လေးစားတယ် မင်းယံ"

နိုင်ထူးက သဘောကျစွာ ပြောသည်။

"မင်း မခံစားရဘူးလား"

ကျွန်တော် အေးမြင့်ကျော်ကို ဟက်ဟက်ပက်ပက်ရယ်ရင်း ခေါင်းခါပြခဲ့ပါသည်။ ပြီးတော့ ကျွန်တော် ကက်ဆက်ကို ဖွင့်လိုက်ပါသည်။

မြူးကြွတဲ့ တေးသံက ပျံ့လွင့်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မှာ သတင်းကြားခဲ့ရပါသည်။
မော်ဒယ် နွေဦးဇော် အိပ်ရာထဲမှာ သေဆုံးနေခဲ့သည်တဲ့…။
ကျွန်တော် သူမအတွက် သက်ပြင်းတစ်ချက်ပဲ ချပေးခဲ့သည်။
အစ်ကိုကြီးနှင့် သူမ ဟိုဘဝမှာ…။

ဒီနိုင်းခ



BURMESE CLASSIC
www.burmeseclassic.com1